မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၂)
အမှတ် (၂၀၂)

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ တန်ခူးလပြည့်နေ့ | ၂၀၁၃ ခုနှစ်၊ ဧပြီ ၂၅ ရက်၊ ကြာသပတေးနေ့။

နိုင်ငံ့တာဝန် အရေး(၃)ပါး

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေး။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် (၂၂)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန်ထွက်ခွာ

နေပြည်တော် ဧပြီ ၂၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ၌ ကျင်းပမည့် (၂၂)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ယနေ့မွန်းတည့် ၁၂ နာရီတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ဘရူနိုင်းဒါရူဆလမ်နိုင်ငံသို့ ထွက်ခွာသွားသည်။

ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ဒုတိယသမ္မတများဖြစ်ကြသည့် ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဦးညဏ်ထွန်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဦးသိန်းညွန့်၊ ဦးအုန်းမြင့်၊ ဦးညဏ်ထွန်းအောင်၊ ဦးဝင်းမြင့်၊ ဒေါက်တာမြင့်အောင်နှင့် ဒေါက်တာကိုကိုဦး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်အေး၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝဏ္ဏမောင်လွင်၊ ဦးတင်နိုင်သိန်းနှင့် ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးဇင်ယော်၊ ဒေါက်တာဒေါ်သိန်းသိန်းဌေး၊ ဒေါ်စန္ဒာခင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါသွားကြသည်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အာဆီယံထိပ်သီးအစည်းအဝေးသို့တက်ရောက်ရန် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်မှထွက်ခွာရာ ဒုတိယသမ္မတများဖြစ်ကြသည့် ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဦးညဏ်ထွန်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် တာဝန်ရှိသူများ ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

မန်ယူကစားသမားဟောင်းများ ရန်ပုံငွေခြေစမ်းပွဲလာရောက်ကစားမည်

ရန်ကုန် ဧပြီ ၂၄

မန်ချက်စတာယူနိုက်တက် နာမည်ကျော်ကစားသမားဟောင်းများဖြစ်သည့် အင်ဒီကိုးလ်၊ ဒင်းနစ်အာဝင်၊ လီရှပ်၊ ကလေတန် ဘက်လက်မိုးတို့သည် ဇွန် ၉ ရက်တွင် ရန်ကုန်မြို့၌ ရန်ပုံငွေခြေစမ်းပွဲလာရောက်ကစားမည်ဖြစ်သည်။ အဆိုပါ မန်ယူဂန္ထဝင်ကစားသမားဟောင်းများနှင့် ရန်ပုံငွေ ခြေစမ်းပွဲကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော် တည်ထောင်ထားသည့် ရေဝတီဖောင်ဒေးရှင်း၊ CEA Myanmar နှင့် Park Royal Hotel တို့ ပူးပေါင်းစီစဉ်ခြင်းဖြစ်ပြီး လာမည့် ဇွန် ၉ ရက် ညနေ ၄ နာရီတွင် သုဝဏ္ဏကွင်း၌ ခြေစမ်းပွဲကျင်းပသွားမည် ဖြစ်သည်။ မန်ယူကစားသမားဟောင်းများနှင့် ခြေစမ်းပွဲမှ ရရှိသည့်ကွင်းဝင်ကြေးများကို ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၊ ဆေးရုံနှင့် HIV ပြန်လည်ထူထောင်ရေးလုပ်ငန်းများသို့ လှူဒါန်းသွားမည်ဖြစ်သည်။

စာမျက်နှာ ၈ ကော်လံ ၄ ▲

ပြည်တွင်း

အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတနှင့် ဇနီးတို့ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ နေပြည်တော်မှ ပြန်လည်ထွက်ခွာ

သတင်းစာမျက်နှာ ➤ ၃

နိုင်ငံတကာ

ဘင်္ဂလားဒေ့ရှ်၌ ရှစ်ထပ်တိုက်အဆောက်အအုံ ပြိုကျ

သတင်းစာမျက်နှာ ➤ ၄

ပြည်တွင်း

လေပြင်းများ တိုက်ခတ်၊ လူနေအိမ်အဆောက်အအုံများ ပျက်စီး

သတင်းစာမျက်နှာ ➤ ၁၂

လက်ကားဝယ်ယူသူများအတွက် . . .
အထူးအခွင့်အရေး
၁၇-၄-၂၀၁၃ မှ ၃၀-၄-၂၀၁၃ အထိ
TEN®
မိုးကာအကျႌ၊ မိုးကာဘောင်းဘီ
5% DISCOUNT

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီးဒေါ်ခင်ခင်ဝင်းတို့၏ ဖိတ်ကြားချက်အရ အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတ ဒေါက်တာဆူစီလိုဘမ်ဘန်းယူဒိုယိုနိုနှင့် ဇနီးမစ္စစ်ဟာဂျာအာနီးဘမ်ဘန်းယူဒိုယိုနိုတို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မေ ၂၃ ရက်က မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့သည်။ မြန်မာနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့သည် ၁၉၄၉ ခုနှစ်မှ စတင်ခဲ့သည့် နှစ်နိုင်ငံဆက်ဆံရေးသည် ပူးပေါင်းဆောင်ရွက်မှုနှင့် အပြန်အလှန်နားလည်မှုများကို ပိုမိုတိုးတက်ခိုင်မာရန် ဆောင်ရွက်ခဲ့ကြပေသည်။

အင်ဒိုနီးရှားနိုင်ငံသမ္မတ မြန်မာနိုင်ငံသို့ ယခုလာရောက်ခြင်းသည် ဒုတိယအကြိမ် လာရောက်ခြင်းဖြစ်သည်။ နိုင်ငံတော်သမ္မတနှင့်တွေ့ဆုံဆွေးနွေးစဉ် "ယခု ဒုတိယအကြိမ်လာရောက်ချိန်တွင် မြန်မာနိုင်ငံ၏ ဒီမိုကရေစီဖော်ဆောင်ရေးကဏ္ဍ၊ တည်ငြိမ်အေးချမ်းမှုဖော်ဆောင်ရေးကဏ္ဍနှင့် နိုင်ငံတကာဆက်ဆံရေးကဏ္ဍများတွင် ထင်ရှားသည့်အောင်မြင်မှုများကို တွေ့ရှိရသဖြင့် များစွာချီးကျူးဂုဏ်ပြုပါကြောင်း၊ အင်ဒိုနီးရှားနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို ထောက်ခံအားပေးသကဲ့သို့ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများကိုလည်း တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း"ကို ထည့်သွင်းဆွေးနွေးပြောကြားခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံမှ ကုမ္ပဏီများသည် ၂၀၁၂ ခုနှစ် ဒီဇင်ဘာလအထိ စာရင်းအရကုမ္ပဏီ ၁၂ ခုမှ အမေရိကန်ဒေါ်လာ ၂၄၁ သန်း ရင်းနှီးမြှုပ်နှံခဲ့ပေသည်။ နှစ်နိုင်ငံကုန်သွယ်မှုပမာဏကို လာမည့်နှစ်တွင် ဒေါ်လာသန်း ၁၀၀၀ ထိရောက်ရှိအောင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပြီး နိုင်ငံတော်သမ္မတကြီး၏ အဆိုပြုသည့် ပူးပေါင်းဆောင်ရွက်နိုင်မည့် ကဏ္ဍများကိုလည်း သဘောတူကြောင်းနှင့် အောင်မြင်ရန် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို အင်ဒိုနီးရှားနိုင်ငံသမ္မတကြီးက ဆွေးနွေးပြောကြားခဲ့ပေသည်။

နှစ်နိုင်ငံသဘောတူစာချုပ်နှင့် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးပွဲများကို ကျင်းပခဲ့ရာတွင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုဆိုင်ရာ မူဘောင်သဘောတူစာချုပ်၊ နှစ်နိုင်ငံအကြား လူ့စွမ်းရည်မြှင့်တင်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ၊ နှစ်နိုင်ငံဝန်ကြီးဌာနတို့အကြား ဆန်ကုန်သွယ်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာတို့ကို လက်မှတ်ရေးထိုးခဲ့ကြသည်။

အင်ဒိုနီးရှားသမ္မတနိုင်ငံသည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များကို အစဉ်တစိုက်ထောက်ခံအားပေးလျက်ရှိသည်။ အနာဂတ်နှစ်နိုင်ငံအကြားကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ လယ်ယာစိုက်ပျိုးရေးနှင့် စွမ်းအင်ကဏ္ဍများ ပိုမိုပူးပေါင်းဆောင်ရွက်နိုင်မည့်အလားအလာများ ဖြစ်ထွန်းလာမည်ဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံသမ္မတကြီး၏ မြန်မာနိုင်ငံသို့ လာရောက်သည့် ချစ်ကြည်ရေးခရီးစဉ်သည် နှစ်နိုင်ငံအကြားပူးပေါင်းဆောင်ရွက်သူများကို ပိုမိုတိုးမြှင့်ရန် အခွင့်အလမ်းများရရှိစေပြီး အပြန်အလှန်နားလည်မှု၊ ချစ်ကြည်ရင်းနှီးမှုတို့သည် မြန်မာ-အင်ဒိုနီးရှား နှစ်နိုင်ငံ၏ ဆက်ဆံရေးပိုမိုတိုးတက်အခွန့်ရှည်ပြီး ချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မာလာစေမည် ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

၂၀၁၃ ခုနှစ် အမျိုးသားပညာရည်မြင့်မားရေး နှီးနှောဖလှယ်ပွဲ (အခြေခံပညာကဏ္ဍ)ဖွင့်

ရန်ကုန် မေ ၂၄

ကျောင်းအုပ်ကြီးများ၊ ဆရာဆရာမများနှင့် ပညာရေးဝန်ထမ်းများအနေဖြင့် နိုင်ငံတော်တွင် ပြောင်းလဲကျင့်သုံးလျက်ရှိသည့် ဒီမိုကရေစီစနစ်နှင့်အညီ အတွေးအခေါ်၊ အယူအဆ၊ အကျင့်အကြံနှင့်လုပ်ကိုင်ဆောင်ရွက်မှုများကို ပြုပြင်ပြောင်းလဲ အကောင်အထည်ဖော် ဆောင်ရွက်ကြရန်၊ ပြောင်းလဲတိုးတက်နေသည့် ခေတ်စနစ်နှင့် လိုက်လျောညီစွာ ပညာရေးဆိုင်ရာလုပ်ငန်းများကို အပြည့်အဝအကောင်အထည်ဖော်နိုင်ရေးအတွက် ပညာရေးမိသားစုအတွင်း စည်းလုံးညီညွတ်စွာဖြင့် တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်နှင့် နိုင်ငံတော်၏ အနာဂတ်မျိုးဆက်သစ်များဖြစ်ကြသော ကျောင်းသားကျောင်းသူများအား ပညာရည်ထူးချွန်ထက်မြက်ပြီး လူမှုရေးအရည်အသွေးများ မြင့်မားတိုးတက်လာရေး၊ ဒီမိုကရေစီ အလေ့အကျင့်ကောင်းများ ပြုစုပျိုးထောင်ပေးရေးတို့နှင့် အမျိုးသားပညာရေးအဆင့်အတန်းမြင့်မားရေးတာဝန်များကို ဆတက်ထမ်းပိုးတိုးပြီး ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်းဖြင့် မေ ၂၃ ရက် နံနက်၈ နာရီတွင် ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ ကျင်းပသည့် ၂၀၁၃ ခုနှစ် အမျိုးသားပညာရည်မြင့်မားရေး နှီးနှောဖလှယ်ပွဲ (အခြေခံပညာကဏ္ဍ)ဖွင့်ပွဲ အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက ပြောကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်နှင့်အညီ အခမဲ့ မသင်မနေရ မူလတန်းပညာရေးအစီအစဉ် ဖော်ဆောင်ရန် ပြီးခဲ့သည့် ၂၀၁၁-၂၀၁၂ နှင့် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တို့တွင် မူလတန်းအဆင့် ကျောင်းသား ကျောင်းသူအားလုံးအား ကျောင်းသုံးဖတ်စာအုပ်များနှင့် လေ့ကျင့်ခန်းစာအုပ်များကို အခမဲ့ထောက်ပံ့ပေးခဲ့ပြီး ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင်လည်း ယခင်နှစ်များနည်းတူ ကျောင်းသုံးဖတ်စာအုပ်၊ လေ့ကျင့်ခန်းစာအုပ် ခြောက်အုပ်အပြင် ငွေကျပ် ၁၀၀၀ စီကိုပါ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း။

အလယ်တန်း ပညာသင်ဆုနှင့် အထက်တန်းပညာသင်ဆုအတွက် ချီးမြှင့်မည့်ဆုငွေများကို ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် နှစ်ဆစီ တိုးမြှင့်ချီးမြှင့်ပေးပြီး အလယ်တန်းပညာသင်ဆုကို ယခင်နှစ်ကထက် ပညာသင်ဆုဦးရေ ၅၉၀ ထပ်မံတိုးမြှင့်၍ ၁၀၀၂ ဆုအထိ ချီးမြှင့်ပေးမည်ဖြစ်ကြောင်း၊ ပညာသင် ထောက်ပံ့ကြေးများကို အတန်းစဉ်အလိုက် ၁၀၀၂ ဦးနှုန်းနှင့် စုစုပေါင်း ၁၁၀၂၂ ဦးကို ယခင်နှစ်နှုန်းထားများအတိုင်း ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း။

အခြေခံပညာသင်ယူနိုင်မှု အခွင့်အလမ်းများ ပိုမိုရရှိရေးနှင့် ကျောင်းနေနှုန်းများ တိုးတက်မြင့်မားရေးအတွက် အခြေခံပညာကျောင်းများကို အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးခြင်း၊ ဆရာများ တိုးချဲ့ခန့်ထားပေးခြင်း၊ မူလတန်းပြ၊ မူလတန်းနှင့် အလယ်တန်းကျောင်းအုပ်များကို ပညာရှင်အဆင့်တိုးမြှင့်သတ်မှတ်ခွင့်ပြုပေးခြင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ခရိုင်၊ မြို့နယ်အဆင့် ပညာရေးမှူးရုံးများကို တိုးချဲ့ပြင်ဆင်ဖွဲ့စည်းပေးခြင်း၊ ပညာရေးမှူးအဆင့် အသီးသီး၏ လစာနှုန်းထားများအား တိုးမြှင့်သတ်မှတ်ပေးခြင်းတို့ကိုလည်း ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ကြောင်း။

ကျောင်းသား ကျောင်းသူများ၏ စည်းကမ်းလိုက်နာတတ်မှု၊ စာရိတ္တမြင့်မားမှု၊ လေးစားစိတ်၊ စာနာစိတ်ရှိပြီး အများအကျိုးသယ်ပိုးဆောင်ရွက်တတ်မှု၊ နိုင်ငံတော်အပေါ် သစ္စာရှိမှုများကို ပြုစုလေ့ကျင့်ပျိုးထောင်ပေးနိုင်ရန် ယခုပညာသင်နှစ်ကစ၍ အခြေခံပညာကျောင်းများတွင် ကင်းထောက်အဖွဲ့များ ဖွဲ့စည်းပေးခဲ့ရာ တစ်နိုင်ငံလုံး အတိုင်းအတာအရ ကင်းထောက်အဖွဲ့ဝင် အင်အား ၂၀၀၀ အထိ ဖွဲ့စည်းဆောင်ရွက်နိုင်ပြီ ဖြစ်ကြောင်း၊ ယခုကျင်းပမည့် နှီးနှောဖလှယ်ပွဲတွင် အခြေခံပညာကဏ္ဍဆိုင်ရာ စာတမ်းခြောက်စောင်ကို တင်သွင်းဆွေးနွေးသွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ နှီးနှောဖလှယ်ပွဲသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူ၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်း၊ အခြေခံပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံစာစစ်အဖွဲ့တို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပါမောက္ခချုပ်များ၊ ပညာရေးကောလိပ်ကျောင်းအုပ်ကြီးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး နှီးနှောဖလှယ်ပွဲကို မေ ၂၅ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

(သတင်းစဉ်)

လျှပ်စစ်သစ်သားဓာတ်တိုင်များ အစားထိုးရန်လိုအပ်နေ

ထင်သာမြင်သာ ပြုပြင်စရာ

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် အနီးစခန်း မန္တလေး-လားရှိုးလမ်းမကြီးနှင့် တစ်ဆက်တည်းရှိနေသည့် ဖောင်းတော-နှီးဘုရားလမ်းတစ်လျှောက်၌ ဓာတ်အားပို့လွှတ် လျှပ်စစ်သစ်သားတိုင်များသည် ဆွေးမြည့်နေသည်ကို တွေ့မြင်နေရသည်။

အဆိုပါလမ်းသည် ရပ်ဝေးရပ်နီးများမှ နှီးဘုရားလာရောက်ဖူးမြော်ကြသည့် ယာဉ်ကြီးယာဉ်ငယ်များ လမ်းလျှောက်သူများနှင့် အမြဲစည်ကားလျက်ရှိသော လမ်းဖြစ်ပြီး မိုးဦးကျလေပြင်းတိုက်ခတ်ချိန်၌ လမ်းဘေးရှိ လျှပ်စစ်သစ်သားဓာတ်တိုင်များသည် ဆွေးမြည့်လျက်ရှိသောကြောင့် ပြိုလဲမှုများဖြစ်လျှင် အလွန်အန္တရာယ်ရှိပါသည်။

လျှပ်စစ်ပို့လွှတ် ဖိုမဓာတ်အားကြိုးလေးကြိုးသည် သစ်သားဓာတ်တိုင်များ ဆွေးမြည့်နေမှုကြောင့် တစ်ပြေးတည်းဖြစ်မနေပဲ အပေါ်သို့ ဘေးတစ်စောင်းဖြစ်လျက်ရှိနေခြင်း၊ နေအိမ်များနှင့် နီးကပ်လျက်ရှိနေခြင်းတို့ကြောင့် လျှပ်စစ်ဌာနမှတာဝန်ရှိသူများနှင့် ရပ်ကွက်ပြည်သူများ ပူးပေါင်းလျက် ဆွေးမြည့်နေသော လျှပ်စစ်သစ်သားတိုင်များအစား ကွန်ကရစ်တိုင်များနှင့် မိုးလေမကျမီပြည်သူများ အန္တရာယ်ကင်းဝေးရေးအတွက် အမြန်ဆုံးအစားထိုးဆောင်ရွက်သင့်ကြောင်း ရေးသားလိုက်ရပါသည်။ (ဝ၃၂)

ယဉ်ကျေးလိမ္မာသင်တန်း အိမ်မဲမြို့၌ဖွင့်

အိမ်မဲ မေ ၂၄

မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနနုဂ္ဂဟအသင်း၏ ယဉ်ကျေးမှုလိမ္မာမွမ်းမံ ဆရာဖြစ်သင်တန်း(ယဉ်ကျေးမှုကျင့်ဝတ်ဘာသာ)ဖွင့်ပွဲ အခမ်းအနားကို အိမ်မဲမြို့ အောင်သိပ္ပံပရဟိတဂေဟာ၌ မေ ၂၁ ရက် နံနက် ၁၀ နာရီက ဖွင့်လှစ်ခဲ့ရာ တိုက်အုပ်ဆရာတော် အဘရာလင်္ကာရထံမှ ဩဝါဒခံယူပြီး ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ကိုယ်စား ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းကိုကိုက အမှာစကားပြောကြားခဲ့သည်။ ယဉ်ကျေးလိမ္မာမွမ်းမံဆရာဖြစ်သင်တန်းသို့ အိမ်မဲမြို့ပေါ်နှင့် မြို့နယ်အတွင်းရှိ ကျေးရွာဒေသများမှ သင်တန်းသား သင်တန်းသူ ၂၂၈ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ငါးရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

အောင်မင်း(မြောင်းမြ)

အမြို့မြို့ အနယ်နယ် ပုံ့သည့်သတင်းစာ မြန်မာ့အလင်း တွင် ကြော်ငြာပါ။

ပညာရေးဆွေးနွေးပွဲ
May 4 & 5 (Sat & Sun) - 10:00am to 4:00pm
MEC MARS EDUCATION CONSULTANCY
နိုင်ငံတကာအသိအမှတ်ပြု အလုပ်အကိုင်အခွင့်အလမ်းသေချာသော လေယာဉ်မှူးသင်တန်း များ
တုန်ကျုစရိတ် (လွန်စွာ) သက်သာပြီး ကမ္ဘာ့ကျန်းမာရေးဌာန အသိအမှတ်ပြု ဆေးပညာဆိုင်ရာ MBBS / Master in Medicine သင်တန်းများ
နိုင်ငံခြားခရီးသွားများပြားလာခြင်းကြောင့် ဟိုတယ်များတွင် နိုင်ငံတကာအဆင့်မီဝန်ဆောင်မှုပေးရန် Hotel Diploma+Paid Intern များ
Specials ▸ ▸ ▸ application fee 50% OFF + FREE Gifts + FREE services ++++
Hotline 09 731 700 70 / 09 431 09 225

အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဆူစီလိုဘမ်ဘန်း ယူဒိုယိုနိုနှင့် ဇနီးတို့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်မှ ပြန်လည်ထွက်ခွာ

ပြည်တွင်းသတင်း

အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဆူစီလိုဘမ်ဘန်း ယူဒိုယိုနိုနှင့် ဇနီး မစ္စစ် ဟာဂျာ အာနီး ဘမ်ဘန်း ယူဒိုယိုနိုတို့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ချစ်ကြည်ရေးခရီးလည်ပတ်ပြီး နေပြည်တော်မှ ပြန်လည်ထွက်ခွာစဉ်။ (သတင်းစဉ်)

နေပြည်တော် ဧပြီ ၂၄

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံ၌ ရောက်ရှိနေသော အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဆူစီလိုဘမ်ဘန်း ယူဒိုယိုနိုနှင့်ဇနီး မစ္စစ် ဟာဂျာ အာနီး ဘမ်ဘန်း ယူဒိုယိုနိုတို့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ချစ်ကြည်ရေးခရီးလည်ပတ်ပြီး ယနေ့ နံနက် ၁၀ နာရီတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်မှ ပြန်လည်ထွက်ခွာသွားကြရာ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာဖေသက်ခင်နှင့်ဇနီး၊ ဦးဇေယျာအောင်နှင့် ဇနီး၊ အင်ဒိုနီးရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့်ဇနီး၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ တိုင်းရင်းသား တိုင်းရင်းသူလေးများနှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ပို့ဆောင်နှုတ်ဆက်

ထို့အတူ ဧည့်သည်တော် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတနှင့် ဇနီးတို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုတပ်ဖွဲ့ကလည်း အလေးပြု၍ ပို့ဆောင်နှုတ်ဆက်ကြသည်။

(သတင်းစဉ်)

တန်ဖိုးနည်းဖုန်းပေါက်သူတို့အသံ သောသောညံ

ရန်ကုန် ဧပြီ ၂၄

တန်ဖိုးနည်းဖုန်းဟု ခေါ်သည့် MECTEL အမှတ်တံဆိပ်ပါ CDMA-800 MHz Sim Card များကို တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ ကြီးကြပ်မှုဖြင့် ယနေ့ ဧပြီ ၂၄ ရက်မှ စတင်ရောင်းချပေးလျက်ရှိနေပြီဖြစ်သည်။ ရပ်ကွက်တိုင်း၌ မဲနှိုက်သူများဖြင့် သောသောညံဝေစီလျက်ရှိနေသည်။

အချို့အချို့သော တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ မြို့နယ်အတွင်း ရပ်ကွက်များအနေဖြင့် မဲကြိုတင်နှိုက်ပြီးကြသော်လည်း များသောအားဖြင့် ယနေ့နံနက် ၉ နာရီမှ စတင်ကာ မဲနှိုက်စနစ်ဖြင့် ရောင်းချပေးမှုကို တွေ့ရသည်။တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် Sim Card ရရှိမှုလည်း ကွဲပြားသည်ဟု ဆိုကြသည်။ သို့အတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်းတွင်မှု မဲနှိုက်ခွင့်ကို မြို့နယ်အလိုက် မတူကွဲပြားခြားနားမှုကို တွေ့ရသည်။ အချို့သော မြို့နယ်ရှိ ရပ်ကွက်များက အိမ်ထောင်စုစာရင်းဝင်တစ်ဦးသာ မဲနှိုက်ခွင့်ပေးပြီး အချို့သော မြို့နယ် ရပ်ကွက်များကမူ ဝန်ထမ်းမှ လွဲ၍ အိမ်ထောင်စုစာရင်းဝင် သို့မဟုတ် ယာယီအိမ်ထောင်စုဝင်အားလုံး လျှောက်ထားမဲနှိုက်ခွင့်ပြုသည်ဟု သိရသည်။

မြို့နယ်အတွင်းမှ မဲပေါက်သူများ ဖုန်းကတ်ထုတ်ရန် ဤသို့ တိုးတိုးဝှေ့ဝှေ့။

သတင်းနှင့်ဓာတ်ပုံ-တင်ဝင်းလေး (ကြည့်မြင်တိုင်)

စာရေးသူတို့ ကြည့်မြင်တိုင်မြို့နယ်တွင် ရပ်ကွက်ပေါင်း ၂၂ ရပ်ကွက်ရှိရာ Sim Card ၁၆၀၀ ရရှိသည်ဟု သိရသည်။ ရပ်ကွက်မှ လျှောက်ထားသူဦးရေအရ ခွဲတမ်းချ၍ ကိုယ်တိုင်မဲနှိုက်မှုစနစ်ဖြင့် ရောင်းချပေးသည်ဟု ဆိုသည်။

ကြည့်မြင်တိုင် ဘောဂရပ်ကွက်သို့ ဝင်ရောက်သတင်းရယူခဲ့ရာ ဖုန်းကတ်မဲနှိုက်ရန်စောင့်ဆိုင်းနေသော ပရိသတ်များကို အုပ်ချုပ်ရေးမှူးရုံးလုံးပြည့် တွေ့ရသည်။ ရပ်မိ ရပ်ဖငါးဦး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင် ပညာရေးဌာနမှ ကိုယ်စားလှယ်တစ်ဦးတို့က ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိနေသည်ကိုတွေ့ရသည်။ မဲပေါက်သူများကို အားပေးသည့်အသံတို့က လျှံထွက်နေသည်။

ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးထွန်းဝင်းက "ကျွန်တော်တို့ရပ်ကွက်အနေနဲ့ လူဦးရေ ၂၅၀၀ကျော် ရှိတယ်။ လျှောက်တဲ့လူက ၂၃၄ ဦးရှိတယ်။ အဲဒီအတွက် မြို့နယ်က Sim Card ၆၀ ရတယ်။ ၆၀လုံးကို ရပ်မိ ရပ်ဖများက ကြီးကြပ်ပြီးမဲနှိုက်ပေးတယ်။ ပေါက်တဲ့သူကို အသံချဲ့စက်နဲ့ ကြေညာပေးတယ်။ နောက် တစ်ခါ တည်းကြော်ငြာဘုတ်မှာ အမည်စာရင်းနဲ့ကြေညာပေးတယ်။ အားလုံးအဆင်ပြေပါတယ်။

ထိုမှ မြို့နယ်စုရပ်ဆီသို့ လှမ်းခဲ့သည်။ ဓမ္မာရုံကြီးတွင် Sim Card လာထုတ်သူတို့က တိုးမပေါက်သာ။ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးမှူး ဦးကျော်ရဲသွေး (လက်ထောက်ညွှန်ကြားရေးမှူး)က ကျွန်တော်တို့မြို့နယ်အနေနဲ့ Sim Card ၁၆၀၀ ရရှိပါတယ်။ အဲဒီ ၁၆၀၀ လုံးကို ရပ်ကွက်အလိုက် လူဦးရေ လျှောက်ထားမှုအပေါ် မျှတအောင် ခွဲတမ်းချပေးထားပါတယ်။ အချို့ရပ်ကွက်တွေလည်း မဲနှိုက်ပြီးကြပါပြီ။ အချို့ရပ်ကွက်က မဲနှိုက်တုန်းပါ။ အခုဒီဓမ္မာရုံကြီးမှာ ရောက်နေတဲ့သူတွေက မဲပေါက်ထားတဲ့ သူတွေပါ။ ကောင်တာလေးခုဖွင့်ပြီး နေ့ချင်းအပြီးဆောင်ရွက်ပေးနေပါတယ်။

ဖုန်းကတ် မဲပေါက်သူများထဲမှ မကျည်းတန်း(အနောက်)ရပ်ကွက်မှ ဦးဝင်းဦးက "ကျွန်တော်တို့ရပ်ကွက်အတွက် ကတ် ၅၀ ရပါတယ်။ ကံကောင်းလို့ပေါက်တာပါ။ပျော်လည်းပျော်ပါတယ်၊ တန်ဖိုးနည်းဖုန်းတစ်ခု ရလိုက်လို့ပါ။ အခုက ထင်သာမြင်သာရှိပါတယ်။ အရင်လို "လျှို" ထားလို့မရတော့ဘူး။ ရတာအကုန်နှိုက်ပဲ၊ ဘာ (VIP) မှမရှိတော့ဘူး။ ပြည်သူတစ်ယောက်အနေနဲ့ ကျွန်တော်တို့ရပ်ကွက်ခွဲတမ်း ခွဲတမ်းဘယ်လောက်လဲဆိုတာကို မြို့နယ်ကိုလှမ်းမေးလို့ရတယ်လေ"ဟု ပြောပြသည်။ အိုးဘိုရပ်ကွက်မှ မဲပေါက်သူ ဒေါ်ခင်သူဇာမြင့်က မိမိရသော Sim Card ကို ထုတ်ယူပြီး ဟန်းဆက်တစ်ခုအတွင်းသို့ ထည့်ကာ ဖုန်းပြောနေသည့်အတွက် မေးကြည့်ရာ "အဆင်ပြေပါတယ်။ အခုတော့ ပြောတဲ့သူနည်းသေးလို့လား မသိဘူး၊ အသံကို ပီပီသသကြားရပါတယ်။ ခေါ်လိုက်တာနဲ့ တန်းဝင်သွားတယ်. . . နောက်တော့ စောင့်ကြည့်ရဦးမှာပေါ့"ဟု ဆိုသည်။

မြို့နယ်ဖုန်းကတ်များ ထုတ်ရာဓမ္မာရုံအတွင်း၌ပင် ကတ်ထုတ်သူများ အဆင်ပြေစေရန်အတွက် စီစဉ်မှုတစ်ရပ်ကိုလည်းတွေ့ရသည်။ MECTEL CDMA-800 MHz နှင့်ကိုက်ညီသော ဟာဝေး၊ ဆမ်ဆောင်းစသည့် ဟန်းဆက်များနှင့် MECTEL ငွေဖြည့်ကတ်များကိုပါ စောင့်ဆိုင်းရောင်းချပေးနေသည်ကိုလည်း တွေ့မြင်ခဲ့ရသည်။ ဈေးက ဟန်းဆက်တစ်လုံးလျှင် ငွေကျပ် ၂၇၀၀၀ မှ ၁၀၀၀၀၀ ကျော်အထိ ဈေးရှိနေသည်ဟု သိရသည်။

REDLINK

Vacancy Announcement
(Local Service Only)

We are one of the leading companies in Information & Communications Technology sector in Myanmar. Now we are searching new staff for REDLINK and its subsidiaries who are looking to join a dynamic company with excellent growth respect. We offer right candidate with good remuneration package and have a chance for future career development. We are looking for qualified and talent applicants to fill the following positions which work located at Yangon. Applicant who is qualified to selection will be reward by Attractive Salary.

MANAGER (BUSINESS DEVELOPMENT DEPARTMENT)	M/F (1)Post
SENIOR ENGINEER	M (1) Post
JUNIOR ENGINEER/ASSISTANT ENGINEER & EXECUTIVE ENGINEER	M(8) Posts
ASSISTANT MANAGER/ SUPERVISOR (ADMINISTRATION DEPARTMENT)	M(1) Post
GRAPHIC DESIGNER	M(1) Post
FIXED ASSETS ACCOUNTANT	F(3) Posts
INVENTORY CONTROLLER	F(3) Posts
PURCHASER	M(2)Post

Applicant who is interested in above mentioned positions should submit detail experience with recent photo, a copy of NRC, labor registration card, necessary certificates, expected salary to HR Department, RedLink Communications Co., Ltd. NO. (20) ,Building (B), Mya Yeik Nyo Royal Hotel, Pale Road, Bahan Township, Ph: 551162-64 within 2 weeks. Only those who meet above mentioned requirements will be called for interview.

နိုင်ငံတကာသတင်း

ဘန်ဂလောဗုံးပေါက်မှုသံသယရှိသူများအား လက်ရဖမ်းဆီး

ဘန်ဂလော ဧပြီ ၂၄

အိန္ဒိယနိုင်ငံ ဘန်ဂလောမြို့ ဗုံးဖောက်ခွဲမှုနှင့် ဆက်နွှယ်သူလေးဦးအား ဖမ်းဆီးလိုက်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါ သံသယရှိသူ လေးဦးအား ဧပြီ ၂၃ ရက်အစောပိုင်းက ဖမ်းဆီးလိုက်ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ ယင်းသံသယရှိသူများကို တမီလ်နာဒူးလ်ပြည်နယ်၏ မြို့တော်ချန်နိုင်းမှ အမျိုးသားနှစ်ဦး၊ ယင်းပြည်နယ်အတွင်းရှိ မာဒူရိုင်းနှင့် တီရူနယ်ဗီလီမြို့များမှ တစ်ဦးစီ ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အိန္ဒိယနိုင်ငံ ဘန်ဂလောမြို့၌ ဧပြီ ၁၇ ရက်က ဗုံးဖောက်ခွဲတိုက်ခိုက်မှုကြောင့် ၁၆ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ **(ပီတီအိုင်)**

အာဖဂန်ငလျင် ၁၁ ဦးသေ

ဂျာလာလာဘတ် ဧပြီ ၂၄

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်း ပါကစ္စတန်နယ်စပ်အနီး၌ ဧပြီ ၂၄ရက်နေ့က ရစ်ချ်တာစကေး ၆ဒသမ ၂ရှိ အားပြင်းငလျင်လှုပ်ခဲ့ရာ အနည်းဆုံး လူ ၁၁ ဦးသေဆုံးပြီး ၁၁၄ဦး ဒဏ်ရာရရှိသွားကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ ကဘူးလ်မြို့ အရှေ့ဘက် ၁၂၀ ကီလိုမီတာအကွာ နာဂါဟာပြည်နယ်၌ ၎င်းငလျင်ကြောင့် ရှစ်ဦးသေပြီး ၁၁၀ ဒဏ်ရာရရှိသွားကြောင်း ပြည်နယ်အစိုးရတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ၎င်းငလျင်သည် ဒေသစံတော်ချိန် မွန်းလွဲ ၁နာရီ ၅၅မိနစ်က လှုပ်ခဲ့ခြင်းဖြစ်သည်။ ငလျင်ကြောင့် နာဂါဟာတွင် အိမ်ခြေ ၁၀၀၀ကျော် ပျက်စီးသွားသည်။ **(ဆင်ဟွာ)**

တရုတ်(တိုင်ပေ)၌ ကြက်ငှက်တုပ်ကွေး ဖြစ်ပွား

ပေကျင်း ဧပြီ ၂၄

အသက် ၅၃နှစ်အရွယ်ရှိ တရုတ်(တိုင်ပေ) စီးပွားရေးလုပ်ငန်းရှင် တစ်ဦးသည် တရုတ်ပြည်မကြီး အပြင်ဘက်တွင် H7N9 ဗိုင်းရပ်(စ်) ပထမဆုံး ကူးစက်ခံရကြောင်း ကျန်းမာရေးတာဝန်ရှိသူများက ပြောကြားသည်။ အဆိုပါ အမျိုးသားသည် တရုတ်ပြည် ဆူကျို့မှအပြန် ရောဂါပြင်းထန်စွာခံစားရပြီး ဆေးရုံတင်ထားရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ တရုတ်နိုင်ငံတွင် မတ်လကတည်းက ယင်းရောဂါဖြစ်ပွားလျက်ရှိရာ ၁၀၈ဦး ရောဂါကူးစက်ခံရပြီး အနည်းဆုံး ၂၂ဦး သေဆုံးခဲ့ရသည်။ ၎င်းဗိုင်းရပ်(စ်)ပိုးသည် ကြက်ငှက်များမှ လူကိုလျင်မြန်စွာ ကူးစက်ပြန့်ပွားနိုင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိတ်ချ်အို) က ပြောကြားသည်။

ယင်းတရုတ်(တိုင်ပေ)အမျိုးသားသည် ဆူကျို့မှ ပြန်ရောက်ပြီး သုံးရက်အကြာ ဆေးရုံတင်ပို့ခဲ့ရသည်ဟု တာဝန်ရှိသူများက ပြောကြားသည်။ **(ဘီဘီစီ)**

ဘင်္ဂလားဒေ့ရှ်၌ ရှစ်ထပ်တိုက်အဆောက်အအုံပြိုကျ ၈၇ဦးကျော်သေဆုံးပြီး ၆၀၀ ထက်မနည်းဒဏ်ရာရ

ဒါကာ ဧပြီ ၂၄

ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြို့တော်ဒါကာမြို့ဆင်ခြေဖုံးတွင် ရှော့ပင်းစင်တာတစ်ခုနှင့် အထည်စက်ရုံများပါရှိသည့် အထပ်ရှစ်ထပ်ရှိ အဆောက်အအုံတစ်လုံး ဧပြီ ၂၄ ရက်က ပြိုကျမှုဖြစ်ပွားခဲ့ရာ အနည်းဆုံး ၈၇ဦးကျော် သေဆုံးပြီး ၆၀၀ ထက်မနည်း ဒဏ်ရာရရှိခဲ့ကြောင်း အင်တီဗွီနယူးစ်ချန်နယ်တစ်ခု၏ ထုတ်လွှင့်ပြသချက်အရ သိရသည်။

ကယ်ဆယ်ရေးများဆောင်ရွက်

အဆိုပါပြိုကျမှုသည် မြို့တော်ဒါကာအပြင်ဘက် ကီလိုမီတာ ၃၀ ခန့်အကွာ ဆာဗာတွင်ဖြစ်ပွားခဲ့ကြောင်း၊ ယင်းပြိုကျမှုကြောင့် ရာနာမလာဆာရှော့ပင်းစင်တာအဆောက်အအုံ၌ မီးသတ်သမားများနှင့် အစိုးရတပ်ဖွဲ့ဝင်များက ကယ်ဆယ်ရေးများဆောင်ရွက်လျက်ရှိကြောင်း ဒေသဆိုင်ရာရဲတပ်ဖွဲ့အရာရှိတစ်ဦးဖြစ်သည့် မိုဟာမက်အဆက်ဒူဇာမင်းန်က ရိုက်တာသတင်းဌာနသို့ ပြောကြားခဲ့သည်။

အဆိုပါအဆောက်အအုံသည် ပြီးခဲ့သည့်ရက်များက အက်ကွဲမှုတစ်ခုဖြစ်ပေါ်ခဲ့ပြီးနောက် အဆောက်အအုံအတွင်းသို့ အလုပ်သမားများ ဝင်ခွင့်မပြုရန် သတိပေးချက်တစ်ရပ်အား စက်ရုံပိုင်ရှင်များအနေဖြင့် မသိကျိုးကျွန်ပြုနေသည်ကို မြင်တွေ့နေရကြောင်း ၎င်းရဲအရာရှိက ဆက်လက်ပြောကြားသည်။ **(ဘီဘီစီ)**

လစ်ဗျားရှိ ဗြိတိန်သံရုံး လုပ်ငန်းများ ရပ်ဆိုင်းထား

ထရီပိုလီ ဧပြီ ၂၄

လစ်ဗျားနိုင်ငံ မြို့တော်ထရီပိုလီရှိ ပြင်သစ်သံရုံး ဧပြီ ၂၃ရက် အစောပိုင်းက ဗုံးခွဲခံရပြီးနောက် ယင်းနိုင်ငံအတွင်းရှိ ဗြိတိန်သံရုံးကို လုပ်ငန်းများ ရပ်ဆိုင်းထားခဲ့ကြောင်း သိရသည်။

ပိတ်ထားမည်

ဗြိတိန်သံရုံးတွင် အထူးတာဝန်ထမ်းဆောင်ရေးအဖွဲ့ ထားရှိမှုကိုလည်း လာမည့်ရက်များထိအောင် ပိတ်ထားမည်ဖြစ်ကြောင်း အမည်မဖော်လိုသူ သံရုံးဝန်ထမ်းတစ်ဦး၏ ပြောကြားချက်အား ကိုးကားပြီး ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

ထရီပိုလီမြို့ရှိ ပြင်သစ်သံရုံး အုတ်တံတိုင်း အပြင်ဘက်တွင် ဧပြီ ၂၃ ရက် နံနက်က မျက်ရည်ယိုဗုံးဖောက်ခွဲခံရပြီး အဆောက်အအုံ အစိတ်အပိုင်းအချို့ ပျက်စီးကာ အနည်းဆုံးနှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ အနီးအနားတွင်ရပ်ထားသောယာဉ်နှစ်စီးလည်း ပျက်စီးခဲ့ကြောင်း ယင်းသတင်းတွင် ဖော်ပြသည်။

ဖောက်ခွဲနိုင်

ထရီပိုလီမြို့၌ အခြားပြည်ပသံရုံးများသည် လုပ်ငန်းများလုပ်ဆောင်နေကြသော်လည်း ဗြိတိန်အနေဖြင့် ၎င်းတို့အား နောက်ထပ်ပစ်မှတ်ထားပြီး ဖောက်ခွဲနိုင်သည်ဟု ယူဆချက်များရှိနေသည်။ **(ဆင်ဟွာ)**

ဆီးရီးယားစစ်သွေးကြွများအား အမေရိကန်နှင့် ကာတာတို့ ထောက်ပံ့မှုတိုးမြှင့်မည်

ဝါရှင်တန် ဧပြီ ၂၄

အမေရိကန်နှင့်ကာတာနိုင်ငံတို့သည် အရှေ့အလယ်ပိုင်းနိုင်ငံဖြစ်သည့် ဆီးရီးယားနိုင်ငံအတွင်း အကြမ်းဖက်တိုက်ခိုက်မှုများ လုပ်ဆောင်နေသော စစ်သွေးကြွများအား ယင်းတို့၏ကူညီထောက်ပံ့မှုများကို မြှင့်တင်ပေးသွားမည်ဖြစ်ကြောင်း ဧပြီ ၂၄ ရက်က ပရက်စ်တီဗွီသတင်းတစ်ရပ်တွင် ဖော်ပြသည်။

အမေရိကန်သမ္မတ ဘားရက်အိုဘားမားသည် ကာတာစော်ဘွား ဟာမက်ဘင်ခါလီဖာ အယ်လ်သနီနှင့် တွေ့ဆုံဆွေးနွေးမှုတစ်ခုပြီးနောက် အိမ်ဖြူတော်မှ ထုတ်ပြန်ပေးခဲ့ခြင်းဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

ဝါရှင်တန်အနေဖြင့် ဆီးရီးယားနိုင်ငံအတွင်းရှိ စစ်သွေးကြွများအား ၎င်းတို့၏ထောက်ပံ့မှုများကို နှစ်ဆတိုးမြှင့်သွားမည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီက ပြောကြားခဲ့ပြီးနောက် ရက်ပိုင်းအကြာတွင် အဆိုပါ ထုတ်ပြန်ချက် ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

ဝါရှင်တန်အနေဖြင့် စစ်သွေးကြွများအား အမေရိကန်ဒေါ်လာ ၁၂၇ သန်းထက်မနည်း ကူညီထောက်ပံ့မည်ဟု ကြေညာထားခဲ့ပြီး အဆိုပါထောက်ပံ့မှုကြေညာချက်အပေါ် ထပ်မံတိုးမြှင့်ရန် ဆုံးဖြတ်ချက်ချခဲ့ကြောင်း ဂျွန်ကယ်ရီက ဧပြီ ၂၁ ရက်တွင် ပြောကြားခဲ့သည်။

အဆိုပါ ဆုံးဖြတ်ချက်အရ ဆီးရီးယားစစ်သွေးကြွများသို့ အမေရိကန်၏ ကူညီထောက်ပံ့မှု စုစုပေါင်း ပမာဏသည် အမေရိကန်ဒေါ်လာသန်း ၂၅၀ ရှိလာမည်ဖြစ်သည်။ အမေရိကန်နှင့် ကာတာတို့၏ ယင်းစီမံချက်အသစ်သည် ဆီးရီးယားနိုင်ငံ၏ ပြည်တွင်းရေးရာတွင် ပြည်ပဝင်ရောက်စွက်ဖက်မှု နောက်ဆုံးဖြစ်စဉ်တစ်ရပ်ဖြစ်သည်။ **(ပရက်စ်တီဗွီ)**

ဆီးရီးယားစစ်သွေးကြွများ

တင်မောင်လွင်-စုစည်းသည်

အေပက်ထိပ်သီးအစည်းအဝေးမှ သည်....

မောင်မဟာ

အာရှ-ပစိဖိတ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့(အေပက်)ရဲ့ ကုန်သွယ်ရေးဝန်ကြီးများအစည်းအဝေးကို အင်ဒိုနီးရှားနိုင်ငံ အရှေ့ဂျာဗားကျွန်းရဲ့ ဆူရာဘာယာမြို့မှာ ဧပြီ ၂၀ရက်မှ ၂၁ရက်အထိ ကျင်းပခဲ့ပါတယ်။

ဒီဆွေးနွေးပွဲက လာမယ့်အောက်တိုဘာလ အစောပိုင်းမှာ ကျင်းပမယ့် အာရှ-ပစိဖိတ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေးအကြိုအဖြစ် စီစဉ်ကျင်းပခဲ့တာလည်းဖြစ်ပါတယ်။ အေပက်ထိပ်သီးအစည်းအဝေးမှာ ကောင်းမွန်မှန်ကန်တဲ့ ရလဒ်တွေ ထွက်ရှိလာဖို့အတွက် အကြိုညှိနှိုင်းစည်းဝေးကြခြင်းလည်းဖြစ်ပါတယ်။

ထို့ကြောင့် ဒီဆွေးနွေးပွဲဟာ အေပက် အဖွဲ့ဝင်နိုင်ငံတွေအကြား စီးပွားရေးတိုးတက်ဖြစ်ထွန်းမှု မျှတမှုနှုန်း စီးပွားရေးတိုးတက်မှုကို ဆက်လက်ထိန်းသိမ်းထားမှုအပြင် ဘိုဂါရည်မှန်းချက်တွေ အကောင်အထည်ဖော်အောင်မြင်စေဖို့အတွက် ဆက်လက် ဖော်ဆောင်သွားစေရန်တို့အပေါ် အဓိကထားဆွေးနွေးခဲ့ကြပါတယ်။

နှစ်ရက်ကြာကျင်းပတဲ့ ဒီဆွေးနွေးပွဲကို အေပက်အဖွဲ့ဝင် ၂၁နိုင်ငံနဲ့ စီးပွားရေးအဖွဲ့အစည်းတွေအနက် ၁၉ နိုင်ငံနဲ့ စီးပွားရေးအဖွဲ့ဝင်တွေ တက်ရောက်ခဲ့ကြပါတယ်။ ဒီဆွေးနွေးပွဲကို အာဆီယံ၊ ဒဗလျူတီအို၊ ပစိဖိတ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုကောင်စီ (ပီအီးစီစီ)စတဲ့ အဖွဲ့အစည်းတွေမှ ကိုယ်စားလှယ်တွေလည်း တက်ရောက်ခဲ့ကြပါတယ်။

ဒီဆွေးနွေးပွဲဟာ အာရှ-ပစိဖိတ်ဒေသစီးပွားရေး တိုးတက်ဖွံ့ဖြိုးမှုကို အထောက်အကူပြုစေတဲ့ အချက်တွေ ထွက်ပေါ်စေခဲ့သလို အေပက်အဖွဲ့ ထိပ်သီးအစည်းအဝေးမှာ ထိရောက်တဲ့ဆွေးနွေးမှုတွေ၊ ရလဒ်တွေ ထွက်ပေါ်စေမယ့် အကျိုးပြုမှုတွေကို ပံ့ပိုးဖော်နိုင်စေခဲ့တယ်လို့ ဆိုပါတယ်။

အေပက်အဖွဲ့ကို ၁၉၈၉ ခုနှစ်က စတင်တည်ထောင်ခဲ့တာဟာ ဒေသတွင်း စီးပွားရေးဆိုင်ရာအဖွဲ့အစည်းပေါင်း ၂၁ ခု ရှိလာခဲ့ပြီဖြစ်ပါတယ်။ အာရှ-ပစိဖိတ်ဒေသဟာ ကမ္ဘာ့လူဦးရေ ၄၀ ရာခိုင်နှုန်းတည်ရှိနေတာမို့ အဲဒီ လူဦးရေရဲ့ စီးပွားရေးတိုးတက်ဖြစ်ထွန်းမှုတွေကို ဖော်ဆောင်နိုင်ရေးအတွက် ကြိုးစားနေတဲ့အဖွဲ့လည်း ဖြစ်ပါတယ်။

ဒါ့အပြင် ကမ္ဘာ့ကုန်သွယ်မှုရဲ့ ၄၄ ရာခိုင်နှုန်းရှိပြီး ကမ္ဘာ့ဂျီဒီပီရဲ့ ၅၄ ရာခိုင်နှုန်းရှိနေတဲ့ အေပက်အဖွဲ့ဟာ အနာဂတ်ကာလမှာ လွတ်လပ်စွာကုန်သွယ်မှုနဲ့ လွတ်လပ်စွာရင်းနှီးမြှုပ်နှံမှုတွေကို အကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

အင်ဒိုနီးရှားနိုင်ငံဟာ ၂၀၁၃ ခုနှစ်မှာ အေပက်အဖွဲ့ရဲ့ အလှည့်ကျဥက္ကဋ္ဌတာဝန်ကိုယူထားပြီး အေပက်အဖွဲ့ဟာ ကမ္ဘာ့စီးပွားရေးရဲ့ အဓိကမောင်းနှင်အားတစ်ရပ် ဖြစ်လာစေအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ကမ္ဘာ့စီးပွားရေးအကျပ်အတည်းတွေနဲ့ အခက်အခဲတွေရှိနေပေမယ့် အေပက်အဖွဲ့ရဲ့ စီးပွားရေးစွမ်းဆောင်မှုဟာ ကမ္ဘာ့စီးပွားရေးတိုးတက်ဖြစ်ထွန်းမှုကို အထောက်အကူပြုသွားမယ်လို့ ဆိုနေပါတယ်။

ပြီးခဲ့တဲ့စက်တင်ဘာလက ရုရှားနိုင်ငံ ဗလာဒီဗော့စတော့မြို့မှာ ကျင်းပခဲ့တဲ့ အေပက်ထိပ်သီးအစည်းအဝေးမှာ လာမယ့် ၂၀၁၅ ခုနှစ်မှာ တင်သွင်းခွန် လျှော့ချရေးသဘောတူခဲ့သလို လာမယ့် အေပက်ထိပ်သီးအစည်းအဝေးမှာလည်း ဘယ်လိုသဘောတူဆုံးဖြတ်မှုတွေ ချမှတ်နိုင်မလဲဆိုတာ စောင့်ကြည့်ရမှာဖြစ်ပါတယ်။

စိမ်းစိုသော နေအိမ်ပတ်ဝန်းကျင်က စိတ်ချမ်းသာမှုကို ပေးစွမ်းနိုင်

စိမ်းစိမ်းစိုစိုဖြင့် အစိမ်းရောင်မြင်ကွင်းများနှင့် လွှမ်းခြုံထားသော မြို့ပြပန်းခြံဥယျာဉ်မြေ ဧရိယာအတွင်း နေထိုင်သူများသည် ၎င်းတို့၏အသက်ရှင် ရပ်တည်ရာဘဝတွင် အခြေခံစိတ်ဓာတ်ကောင်းများ ပိုင်ဆိုင်နေကြကြောင်း အီဇာတာတက္ကသိုလ်မှ လေ့လာသူများ၏ ပြောကြားချက်ကို ဧပြီ ၂၂ ရက် ဘီဘီစီသတင်းတွင် ရေးသားထားသည်။

အဆိုပါ လေ့လာသူများသည် ယူနိုက်တက်ကင်းဒမ်းရှိ အိမ်ထောင်စု ၅၀၀၀ တို့ကို ၁၇ နှစ်ကြာ သုတေသနပြုလုပ်ခဲ့ပြီးနောက် အစိမ်းရောင်လွှမ်းခြုံမှုပိုများသော ဧရိယာတွင်း နေထိုင်သူများက အခြားသောနေရာဒေသတွင် နေထိုင်သူများထက် အကောင်းမြင်စိတ် ပိုရှိနေပါသည်ဟု ဆိုကြသည်။

ယင်းသုတေသီတို့သည် ယူနိုက်တက်ကင်းဒမ်းရှိ အိမ်ထောင်စု ၅၀၀၀ နှင့် အရွယ်ရောက်သူဦးရေ ၁၀၀၀၀ တို့အား ၁၉၉၁ ခုနှစ်မှ ၂၀၀၈ ခုနှစ်ထိ လေ့လာမှုပြုခဲ့ခြင်းဖြစ်သည်။ သုတေသီတို့သည် ၎င်းတို့၏နေထိုင်မှုဘဝပုံစံ၊ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးအခြေအနေတို့ကို အသေးစိတ်မှတ်တမ်းရယူကာ အစိမ်းရောင်နေရာဒေသ၏ သက်ရောက်လွှမ်းမိုးမှုကို တွက်ချက်အဖြေရှာခဲ့ကြသည်။

၎င်းလေ့လာတွေ့ရှိမှုသည် မြို့ပြတည်ဆောက်ရေး စီမံခန့်ခွဲသူတို့အတွက် ထည့်သွင်းစဉ်းစားစရာ အကြံပြုချက်တစ်ခုဖြစ်ပြီး လူမှုအဖွဲ့အစည်းကြီးအပေါ်တွင်လည်း ကောင်းသောအကျိုးဖြစ်စေမည့် တွေ့ရှိမှုပင်ဖြစ်သည်ဟု ဆိုထားသည်။

ဥရောပ သဘာဝပတ်ဝန်းကျင်နှင့် လူသားများ ကျန်းမာရေးစင်တာမှ ဒေါက်တာ မက်သရူးဝိုက်နှင့် သုတေသီများက အသေးစိတ်လေ့လာမှုပြုအပြီး နေထိုင်ရာပတ်ဝန်းကျင်တွင် အစိမ်းရောင်လွှမ်းမိုးမှု ပိုရှိလေလေ စိတ်မနောကောင်းသော သာယာချမ်းမြေ့မှုရှိသောဘဝကို ပိုင်ဆိုင်နိုင်လေလေဖြစ်ပါသည်ဟု ဆွေးနွေးထားကြသည်။

ခြံထဲမြက်ခင်းပြင်ထွက်၍ လေ့ကျင့်ခန်းပြုလုပ်လေ့ရှိပါသည်ဟုဆိုသော သူတို့အား လေ့လာခဲ့ရာ လူဦးရေ ၁၀၀ တွင် ၉၄ ဦးတို့မှာ ၎င်းတို့တွင် ကိုယ်ကျန်းမာမှုသာမက စိတ်ချမ်းသာမှုများပါ ပိုင်ဆိုင်နေသည်ကို တွေ့ရသည်ဟုလည်း ဖြည့်စွက်ပြောကြားထားသည်။

နေခြည် -ရေးသားသည်

ရော်ဘာခြံရောင်းမည်

ပဲခူးရော်ဘာအထူးဇုန်၊ နှစ် ၃၀ဂရန် ၆၅ဧက။ အစေးလှီးပင် ၁၀၀၀။ ၂နှစ်၊ ၃နှစ်သား BP (24) မျိုး ၈၀၀၀ပင်။ ကျွန်း၊ ပျဉ်းကတိုး၊ မလေးရှား၊ ယူကလစ် ၃နှစ်သား ၁၀၀၀၀ပင်။ ကျွမ်းခွေပြီး ၁၅ဧက။ ပဲခူးဟံသာဝတီလေဆိပ်အနီး၊ ရောင်းဈေး ၁၅၀၀L ။ **ဖုန်း-၀၉-၄၂၈၁၁၅၃၆**

တစ်ချက်တည်းနှင့် ကျင်းဝင်

၂၁-၄-၂၀၁၃ရက် Royal Mingalardon ဂေါက်ကွင်း၌ ဦးသိန်းရွှေ (M.D) လပြည့်ဝန်းကုမ္ပဏီလီမိတက်နှင့်အတူ ကစားဖော်များ ဖြစ်ကြသော ဦးသန်းစိန်၊ ဦးစိုးမင်းဦး၊ ဦးထွန်းလွင်၊ ကိုဖြိုးလင်းအောင်တို့နှင့် ကစားနေစဉ် ကျင်းအမှတ်(၆)၌ Taylarmade iron တုတ်နံပါတ် ၈ဖြင့် ကိုက်၁၃၅ အကွာမှ Srixon(1) ဘောလုံးဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားပါသည်။

ရောင်းမည်
(BRAND NEW)
48" Band Saw + Carriage
42" Band Saw
36" Band saw
လွှသွေးစက်၊ လွှကြိတ်စက်၊
လျှာထိုးစက်နှစ်လုံး။
ဖုန်း-၀၉-၄၃၀၈၃၂၄၄၊ ၀၉-၇၃၂၄၀၆၅၀

နိုင်ငံတကာသတင်း

အီရန်ကို စစ်ရေးအရအရေးယူရန် အမေရိကန်က အစ္စရေးကို လက်နက်တပ်ဆင်ပေး

အမေရိကန်ပြည်ထောင်စုက အစ္စရေးနိုင်ငံအား တာဝေးပစ်အထူးဒုံးပျံများနှင့် ဂျက်တိုက်လေယာဉ်များ တပ်ဆင်ပေးမည်ဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးသစ် ချပ်ဟေဂဲက ဂျေရုဆလင်သို့ သွားရောက်လည်ပတ်စဉ် ပြောကြားလိုက်ကြောင်း ဧပြီ ၂၂ ရက်က ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ယင်းသဘောတူညီချက်သည် အစ္စရေး၊ ယူအေအီးနှင့် ဆော်ဒီအာရေဗျတို့ အပါအဝင် အမေရိကန်ဒေါ်လာ ၁၀ဘီလီယံဖိုးရှိ လက်နက်ထောက်ပံ့ရေး အစီအစဉ်၏ အစိတ်အပိုင်းဖြစ်သည်ဟုဆိုသည်။ အမေရိကန်နှင့် ဒေသတွင်းနိုင်ငံများ၏ လက်နက်စာချုပ်သည် အီရန်နျူကလီးယား စိုးရိမ်မှုမြင့်တက်လာပြီးနောက် ထွက်ပေါ်လာခြင်းဖြစ်သည်။ နျူကလီးယားလက်နက်ထုတ်လုပ်ရန် ကြိုးစားနေသည်ဟု သံသယရှိ အီရန်နျူကလီးယားအဆောက်အအုံများကို စစ်ရေးအရ ရပ်တန့်ပစ်ရမည်ဖြစ်ကြောင်း အစ္စရေးနှင့်အမေရိကန်နှစ်နိုင်ငံစလုံးကပြောကြားသည်။ အမေရိကန်က အစ္စရေးကိုပေးမည့် လက်နက်များတွင် ရေဒါရှောင်ကွင်းနိုင်သော ဒုံးပျံများ၊ ဂျက်လေယာဉ်များ၊ ဆီဖြည့်လေယာဉ်နှင့် ပို့ဆောင်ရေးယာဉ်များပါဝင်သည်။

....

ဆီးရီးယားရေနံစိမ်း အီးယူဝယ်မည်

အီးယူအဖွဲ့ဝင်နိုင်ငံများက ဆီးရီးယားသမ္မတ ဘာရှာအယ်လ်အာဆတ်ကို ဖြုတ်ချရန် ကြိုးစားနေသော အတိုက်အခံများအားကူညီရန် အတိုက်အခံများထံမှ ရေနံစိမ်းဝယ်ယူရေး ကုန်သွယ်မှုပိတ်ပင်ထားခြင်းအပေါ် ဖြေလျှော့ပေးရေးအတွက် သဘောတူညီလိုက်ပြီဖြစ်သည်။ ယင်းဆုံးဖြတ်ချက်သည် ဆီးရီးယားပြည်သူများကို ကူညီရာရောက်ကြောင်း အီးယူနိုင်ငံခြားရေးဝန်ကြီးများက ပြောကြားသည်။ ဥရောပကုမ္ပဏီများသည် ဆီးရီးယားအတိုက်အခံများ ထိန်းချုပ်ဒေသများမှ ရေနံနှင့်ဓာတုပစ္စည်းများ တင်သွင်းကြမည်ဖြစ်သည်။ အဆိုပါရောင်းရေးဝယ်တာ ကိစ္စအသီးသီးကို အဓိကအတိုက်အခံမဟာမိတ်အမျိုးသားညွန့်ပေါင်းအဖွဲ့၏ သဘောတူညီချက်ကိုရယူရမည်ဖြစ်သည်။ ဆီးရီးယားအစိုးရက ဒီမိုကရေစီဆန္ဒပြသူများကို ဖြိုခွင်းခဲ့ခြင်းအပေါ် တုံ့ပြန်သောအားဖြင့် ၂၀၁၁ ခုနှစ် စက်တင်ဘာလမှစပြီး ဆီးရီးယားရေနံဝယ်ယူမှုကို ပိတ်ပင်ခဲ့သည်။

....

ဘာရာဇီးရဲအရာရှိ ၂၃ ဦးအား ထောင်ဒဏ် ၁၅၆ နှစ်စီ ပြစ်ဒဏ်ချမှတ်

ဘာရာဇီးတရားရုံးတစ်ရုံးက ရဲအရာရှိ ၂၃ ဦးအား ၁၉၉၂ ခုနှစ်က ဆော်ပေါလိုမြို့ရှိ အကျဉ်းထောင်တစ်ခုအတွင်း လူအစုအပြုံလိုက် သတ်ဖြတ်မှုတွင် ပါဝင်မှုဖြင့် ထောင်ဒဏ် ၁၅၆ နှစ်စီ ချမှတ်လိုက်ကြောင်း ဧပြီ ၂၂ ရက်က အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ ၎င်းရဲအရာရှိများသည် ထောင်တွင်းပုန်ကန်မှုအဆုံးသတ်ရန် ဆော်ပေါလိုမြို့ ကာရန်ဒီရူးထောင်၌ အကျဉ်းသား ၁၃ ဦးအား သေနတ်ဖြင့်ပစ်သတ်မှုဖြင့် ထောင်ဒဏ်များချမှတ်လိုက်ခြင်းဖြစ်သည်။ အဆိုပါထောင်တိုက်ခိုက်မှုတွင် အကျဉ်းသား ၁၁၁ ဦး သေဆုံးခဲ့ရသည်။ ယင်းတို့အများစုသည် အနီးကပ်သေနတ်ဖြင့် တော့ပစ်ခံရခြင်းဖြစ်ကြောင်း အစိုးရရှေ့နေများက ပြောကြားသည်။ အဆိုပါရဲအရာရှိ ၂၃ ဦးအား ယခုအခါ တာဝန်မှ အနားပေးလိုက်ပြီဖြစ်သည်။

မြင့်မောင်စိုး -ရေးသားသည်

မြန်မာနိုင်ငံဆရာဝန်အသင်းပိုင်မြေနေရာ

အကျိုးရှိစွာ အသုံးချရေးနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်မည့်ကိစ္စ

(က) အထက်ပါကိစ္စနှင့်စပ်လျဉ်း၍ အလုပ်အမှုဆောင်အဖွဲ့မှ တာဝန်ရှိသူများ၊ ပြည်နယ်၊ တိုင်းဒေသကြီးများသို့ ကွင်းဆင်း၍ ရှင်းလင်းတင်ပြဆန္ဒခံယူခြင်းကို ပြုလုပ်လျက်ရှိပါသည်။
(ခ) ထို့အပြင် အများဆန္ဒ သဘောထားနှင့်အညီ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အထွေထွေ အစည်းအဝေးကြီးကို မြန်မာနိုင်ငံဆရာဝန်အသင်း၊ ဗဟိုဦးစီးကော်မတီဝင်များ၊ တစ်နိုင်ငံလုံးရှိ အသင်းခွဲကိုယ်စားပြုဆရာဝန်များ၊ ဘာသာရပ်ဆိုင်ရာနှင့် အခြားလုပ်ငန်းအဖွဲ့များမှ ကိုယ်စားလှယ်များဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။
(ဂ) ထိုအစည်းအဝေးကြီးတွင် အပြန်အလှန် ဆွေးနွေး၊ တိုင်ပင်၊ ညှိနှိုင်း၊ ဆုံးဖြတ်ကြမည် ဖြစ်ပါသည်။
(ဃ) ကိုယ်စားလှယ်အမည်စာရင်းကို ၂၀၁၃ ခုနှစ် မေ ၁၅ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)သို့ အရောက်ပေးပို့ရမည်ဖြစ်ပါသည်။
(င) ထိုအစည်းအဝေးကြီးသို့ မိမိကိုယ်စားပြုအဖွဲ့၏ သဘောထားကို ရယူခဲ့ရပါမည်။
(စ) ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ဖော်ပြပါရှိသော လုပ်ပိုင်ခွင့်များအရ အများဆန္ဒသဘောထားနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံ ဆရာဝန်အသင်း

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

မီးဘေးအန္တရာယ်သတိပြုကာကွယ်စရာအချက်အလက်များ

ဒေါက်တာမြင့်သန်း(ညောင်လေးပင်)

အခုတလောနိုင်ငံတစ်ဝန်းလုံးမှာ မီးလောင်နေမှုများကို မကြာခဏ တွေ့နေရပါတယ်။ အိုးအိမ်တိုက်တာအဆောက်အအုံများ၊ ဈေးများ၊ သယ်ယူပို့ဆောင်ရေးယာဉ်များစသည်ဖြင့် လူအများနဲ့သက်ဆိုင်တဲ့ အရာဝတ္ထုများစွာ လောင်ကျွမ်းဆုံးရှုံးနေရတာတွေ တွေ့နိုင်ပါတယ်။ နိုင်ငံအတွက် ကြီးမားလှသော ဆုံးရှုံးမှုများတွေ့ကြုံနေရတာမို့ နိုင်ငံသားများ အားလုံးအသိရှိရှိ၊ သတိရှိရှိနဲ့ ပူးပေါင်းကာကွယ်သင့်ကြပါတယ်။ တကယ်တော့ မီးဘေးအန္တရာယ်ကာကွယ်ခြင်းဆိုတာ မီးသတ်ဦးစီးဌာနတစ်ခုတည်းရဲ့ အလုပ်မဟုတ်ဘဲ လူတိုင်းနဲ့ဆိုင်တဲ့၊ လူတိုင်းတာဝန်သိသိ လုပ်ကြရမယ့် အလုပ်ဖြစ်ပါတယ်။ မီးလောင်မှုများရဲ့ အခြေခံအချက်အကြောင်းအရင်းများမှာ နိုင်ငံသားအချို့ရဲ့ပေါ့ဆမှု၊ တာဝန်မဲ့မှုများကြောင့် ဖြစ်ပွားနေရတာတွေကိုတွေ့နိုင်ပါတယ်။ အရာဝတ္ထုများသာမကအပြစ်မဲ့ကလေးငယ်များပါ ဆုံးရှုံးနေရတာတွေ့ရလို့ အင်မတန်စိတ်မချမ်းမြေ့ဖွယ် ဖြစ်နေပါတယ်။ ဒါကြောင့် ကျွန်တော်တို့အားလုံး မီးဘေးအန္တရာယ်ဆိုးကြီးကို ကာကွယ်မှုမှာ ပါဝင်သင့်ကြပါတယ်။

ဦးစားပေးလေ့ကျင့် အသိပေးထားသင့်သူများ

မီးဘေးအန္တရာယ်တွေကို ကာကွယ်ဖို့ ဦးစွာလေ့ကျင့်ပေးထားသင့်တာက ကျောင်းသားလူငယ်များဖြစ်ကြပါတယ်။ မီးသတ်ဦးစီးဌာနများက ကျောင်းများကိုသွားရောက်ပြီး မီးအကြောင်း၊ ကာကွယ်မှုများအကြောင်း၊ အန္တရာယ်နဲ့ကြုံရင် ဘယ်လိုဆောင်ရွက်ရမယ်၊ ကယ်တင်ရမယ်၊ ရှောင်တိမ်းရမယ်ဆိုတာမျိုးတွေကို ငယ်ရွယ်သူများအား လေ့ကျင့်သင်ကြားပေးထားခြင်းဖြင့် သူတို့တစ်တွေ ငယ်စဉ်တွေ့ကြုံရတဲ့အခါမှာသာမကဘဲ သူတို့တစ်သက်လုံးအတွက်ပါ အကျိုးများစေနိုင်ပါတယ်။ ဂျပန်လိုနိုင်ငံမျိုးမှာ ငလျင်လှုပ်မှုဆိုတဲ့ သဘာဝဘေးအန္တရာယ်ကြုံတွေ့ရလေ့ရှိတာမို့ ငလျင်နဲ့ပတ်သက်တဲ့ လေ့ကျင့်သင်ကြားမှုများကို ကျောင်းသားငယ်များအား အလေးပေးဆောင်ရွက်ကြလေ့ရှိပါတယ်။ မြန်မာနိုင်ငံမှာတော့ Man-made disaster လို့ ခေါ်ရမယ့် မီးဘေးအန္တရာယ်က ကြုံတွေ့ရမှုများတာကြောင့် မီးဘေးအန္တရာယ်နဲ့ဆိုင်တဲ့ လေ့ကျင့်သင်ကြားမှုများကို ကျောင်းသားအရွယ်ကလေးများအား အထူးအလေးပေးဆောင်ရွက်ပေးထားသင့်ပါတယ်။

အရွယ်ရောက်ပြီးသူများအားလုံးကို မီးဘေးအန္တရာယ်ကာကွယ်ရေးနဲ့ ပတ်သက်တဲ့ သိသင့်သိအပ်ရာ၊ ဆောင်ရွက်အပ်ရာတို့ကို အလျဉ်းသင့်သလို လေ့ကျင့်သင်ကြားပေးခြင်းများ ဆောင်ရွက်ပေးသင့်ပါတယ်။

သက်ကြီးရွယ်အိုများဟာ မီးဘေးအန္တရာယ်ကြုံတွေ့လွယ်ကြသလို သူတို့ကြောင့်လည်းမီးဘေးအန္တရာယ်ဖြစ်ပွားနိုင်ပါတယ်။ဒါ့ကြောင့်သူတို့ကို ကာကွယ်ရေးနဲ့ ကြုံတွေ့ရချိန်မျိုးတွေမှာ ဆောင်ရွက်သင့်သည်များကို သိထား စေသင့်ပါတယ်။

အခုလိုလောင်စာဆီများ လွတ်လပ်စွာရောင်းချနိုင်ခွင့်ရှိချိန်မျိုးမှာ လောင်စာဆီရောင်းချနေသူတို့ကိုမီးဘေးအန္တရာယ်နဲ့ပတ်သက်ပြီး မီးသတ်ဦးစီးဌာနအနေနဲ့ စစ်ဆေးမှုများသာမက ကာကွယ်ရေးလုပ်ငန်းများကို လေ့ကျင့်သင်ကြားပေးထားသင့်ပါတယ်။ Octane အပါအဝင်ခေတ်ပေါ် လောင်စာဆီများဟာ Highly Inflammable လွန်ကဲစွာ လောင်ကျွမ်းတတ်တာမို့ ကိုင်တွယ်သိမ်းဆည်းသိုလှောင်မှုများမှာ အန္တရာယ်တွေ့လွယ်လှပါတယ်။ရောင်းချတဲ့ ဆိုင်အရေအတွက်ကလည်း အလွန်များနေတာ၊ တချို့ဆိုရင် လူနေရာများနဲ့ နီးကပ်လှတာမို့ အလွန်အန္တရာယ်ကြီးပါတယ်။ ဒါကြောင့် သူတို့ကို စနစ်တကျသင်ကြားပေးတာ၊ လိုအပ်သောကာကွယ်မှုများ စနစ်တကျသုံးစေတာမျိုးတွေ ဆောင်ရွက်ထားပေးသင့်ပါတယ်။

မီးလောင်မှုများဖြစ်ပွားရမှု အကြောင်းအရင်းများမှာ လျှပ်စစ်ဓာတ်အားကို စနစ်တကျမသုံးတတ်ကြလို့ဖြစ်နေတာမို့ လျှပ်စစ်နဲ့ပတ်သက်ပြီး သိကျွမ်းနားလည်သူများက ပြည်သူများကို သိသင့်သိအပ်သည်များအသိပေးတာ၊ သင်ကြားပေးတာများ ဆောင်ရွက်ပေးသင့်ပါတယ်။ အဓိကအကျဆုံး အသိပေးလေ့ကျင့် ပေးသင့်သူများထဲမှာ အိမ်ရှင်မများ ထိပ်ဆုံးက ပါဝင်ပါတယ်။ မီးဖိုချောင်ကစတဲ့မီးကြောင့် ဖြစ်ပွားမှုအလွန်များပါတယ်။

မီးဘေးကာကွယ်ရေးနဲ့ လုံခြုံရေးဆိုင်ရာမှတ်သားဖွယ်ရာ (Burn Prevention and Safety Tips) များကို အိမ်ရှင်မများအပါအဝင် လူတိုင်းအတွက်တင်ပြလိုပါတယ်။ မီးဖိုကိုလူမရှိဘဲ ချက်ပြုတ်ထားမှုလုံးဝမလုပ်ပါနှင့်။ ဓာတ်ငွေ့သုံးမီးဖိုအပါအဝင် မီးဖိုများမှာ အညစ်အကြေး၊ လောင်စာများမရှိစေဘဲ အမြဲ သန့်ရှင်းနေအောင် ဆောင်ရွက်ပါ။ မီးဖိုအနီးမှာ လောင်စာများ၊ အမှိုက်သရိုက်များမရှိပါစေနှင့်။ လက်နှီးစလို မီးလောင်လွယ်သောအဝတ်စတို့ကို မီးဖိုနှင့်နီးရာမှာ မချိတ်ဆွဲထားပါနှင့်။ မီးကွင်းမီးကျန်များကို သတိရှိစွာငြိမ်းသတ်ပါ။

Spray Aerosols ခေါ် မီးလောင်လွယ်သော စပရေးဖျန်းဘူးများကို မီးဖို အနီးမှာ လုံးဝမထားပါနှင့်။ မသုံးပါနှင့်။ ချက်ပြုတ်သူရဲ့ လျော့ရဲသော အဝတ်အစားများကြောင့် မီးနဲ့ထိလွယ်တာမို့ ပေါ့ပါးပြီးဝတ်ဆင်သူနဲ့ ချပ်ချပ်ရပ်ရပ်ဖြစ်တဲ့အဝတ်အစားတို့ကိုသာ ချက်ပြုတ်စဉ်ဝတ်ဆင်ပါ။ ဓာတ်ငွေ့မီးဖိုများ အပါအဝင် မီးဖိုများအားလုံးကို အသုံးပြုပြီးသည်နှင့် စနစ်တကျမီးမကျန်ဘဲ လုံးဝငြိမ်းသွားသည်အထိ ပိတ်တတ်တဲ့အလေ့အကျင့်ပျိုးထောင်ကြပါ။

- မီးဖိုအနီးနေရာသည်ကလေးများမလာရကလေးကင်းမဲ့ဇုန်ဖြစ်နေစေရပါမယ်။
- ကလေးများမမီနိုင်တဲ့ မီးဖိုမျိုးလည်း ဖြစ်ရပါမယ်။
- မီးဖိုအနီးမှာ ကလေးများကို ကျွေးမွေးခြင်းမလုပ်သင့်ပါ။
- မီးခြစ်အပါအဝင် မီးလောင်စေတတ်သော မည်သည့်ပစ္စည်းကိုမှ မီးဖိုအနီးမှာ မထားပါနှင့်။

ရေချိုးခန်းများ

ရေချိုးခန်းတွေကနေလည်း မီးလောင်တတ်တာကို မမေ့သင့်ပါ။ ရေချိုးခန်းတွေမှာ Water Heater ရေနွေးပေးစက်တွေကိုသုံးရင် အပူချိန်ကို ၁၂၀ ဒီဂရီဖာရင်ဟိုက်အထိသာ ထားသင့်ပါတယ်။ ဒီထက်အပူပေးထားမိရင် အပူလွန်ကဲလောင်ကျွမ်းတတ်ပါတယ်။ ပြီးတော့ ကလေးငယ်များနဲ့ သက်ကြီးသူများကို Scalds ခေါ် အရည်လောင်ကျွမ်းမှုဖြစ်စေတတ်ပါတယ်။ Hair Dryer နှင့် အခြားလျှပ်စစ်ကိရိယာများကို ရေချိုးခန်းအတွင်းက ရေစည်၊ ရေပုံးတွေအနီးမှာ မသုံးသင့်ပါ။ လျှပ်စစ်ဓာတ်လိုက်မှု ဖြစ်တတ်ပါတယ်။ ကလေးငယ်များကို ရေချိုးပေးရင် အပူချိန် ၁၀၀ ဒီဂရီဖာရင်ဟိုက်ထက် မကျော်သင့်ပါ။ သူတို့လေးတွေရဲ့ အရေပြားတွေဟာ အလွန်နူးညံ့လို့ဖြစ်ပါတယ်။

အိမ်တွင်းမှာ ဆေးလိပ်မသောက်သင့်ပါ။ အထူးသဖြင့် အိပ်ခန်းတွင်းမှာ မသောက်သင့်ပါ။ အိပ်ရာခင်းတွေပေါ် မီးစကျပြီး အလွယ်တကူ မီးလောင်စေတတ်ပါတယ်။ လျှပ်စစ်အသုံးအဆောင်များအားလုံးကို စနစ်တကျသုံးသင့်ပါတယ်။ မသုံးတဲ့အချိန်၊ လူမရှိတဲ့အချိန်တွေမှာ အားသွင်းတာ၊ မပိတ်ဘဲထားခဲ့တာမျိုးတွေ မလုပ်သင့်ဘဲ လုံးဝပိတ်ထားခြင်း၊ မိန်းခလုတ်ချခဲ့ခြင်းတို့လုပ်သင့်ပါတယ်။ မီးအားမြှင့်စက်များ၊ အင်ဗာတာများ စသည်တို့အနီးမှာ ဒီဇယ်ဆီများ၊ ဓာတ်ဆီများ စသည်တို့ မထားသင့်ပါ။ Smoke dectectors ခေါ် မီးခိုးငွေ့ကြိုတင်သတိပေးကိရိယာများကို တပ်ဆင်အသုံးပြု ကာကွယ်နိုင်ပါတယ်။ အိမ်တိုင်းမှာ Fire Extinguisher ခေါ် မီးသတ်ဆေးဘူးများထားရှိသင့်ပါတယ်။ မီးအန္တရာယ်ဟာ အင်မတန်ကြောက်စရာကောင်းပေမယ့် သတိရှိရှိ အသိရှိရှိနဲ့ ကောင်းစွာကာကွယ်နိုင်ပါတယ်။

မီးလောင်မှုတစ်ခုဖြစ်ပွားဖို့ လောင်စာ၊ မီး၊ အောက်ဆီဂျင်တို့ လိုအပ်ပါတယ်။ ဒီသုံးချက်စလုံးထဲတစ်ခုခုချွတ်ယွင်းသွားရင် မီးလောင်ဖို့မလွယ်တော့ပါဘူး။ ဒါကြောင့် ပြည်သူများအားလုံး ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြပြီး နှစ်စဉ်ကြုံတွေ့နေရတဲ့ မီးဘေးအန္တရာယ်ဆိုးကြီးမှ ကာကွယ်နိုင်ကြပါစေကြောင်း ဆုတောင်းအပ်ပါတယ်ခင်ဗျား။

မီးဘေးအန္တရာယ်ကာကွယ်ခြင်းဆိုတာ မီးသတ်ဦးစီးဌာနတစ်ခုတည်းရဲ့အလုပ်မဟုတ်ဘဲ လူတိုင်းနဲ့ဆိုင်တဲ့၊ လူတိုင်းတာဝန်သိသိ လုပ်ကြရမယ့် အလုပ်ဖြစ်ပါတယ်။ မီးလောင်မှုများရဲ့ အခြေခံ အချက် အကြောင်းအရင်းများမှာ နိုင်ငံသားအချို့ ရဲ့ပေါ့ဆမှု၊ တာဝန်မဲ့မှုများကြောင့် ဖြစ်ပွားနေရ တာတွေကို တွေ့နိုင်ပါတယ်။

နွေရာသီကာလ မီးသတ်ကားတွင် မရှိမဖြစ်လိုအပ်သော အပေါ့စားရေစုပ်စက် ပေးအပ်လှူဒါန်း

ပျဉ်းမနား မေ ၂၄

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးရှိ ဒေသအရန် မီးသတ်စခန်းသို့ အလှူရှင်တစ်ဦးက အပေါ့စား ရေစုပ်စက်တစ်လုံးပေးအပ်လှူဒါန်းပွဲကို မေ ၂၃ ရက် နံနက် ၈ နာရီခွဲက ရွာကောက်ရပ်ကွက် အုပ်ချုပ်ရေးမှူး ရုံး၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ရွာကောက်ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးအောင်လွင်ဦးက နှုတ်ခွန်းဆက်စကား ပြောကြား၍ အလှူရှင် ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက်အုပ်စု ယန္တရားနယ်မြေမှ ဦးနေဇော်အောင်က လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင်လွင်ဦးထံသို့ WP 20 အပေါ့စား ရေစုပ်စက်ပေးအပ်လှူဒါန်းသည်။ (ယာပုံ)

ရွာကောက်ရပ်ကွက် အုပ်ချုပ်ရေးမှူးက "ကျွန်တော်တို့ ရွာကောက်ရပ်ကွက်အုပ်စုမှာ မီးသတ်ရေကန်ငါးကန်ရှိပါတယ်။ မီးသတ်ရေကန်ရှိပြီး မီးလောင်မှုဖြစ်တဲ့အခါမှာ ရေကန်ထဲက ရေကိုမီးသတ်ကားထဲထည့်ဖို့ အခက်အခဲဖြစ်ပါတယ်။ မြို့တွင်းရှိ ရေစင်တွေဆီသွားပြီး ရေဖြည့်တော့လည်း အချိန်သိသိသာသာ လစ်ဟင်းမှုတွေရှိတယ်။

ယခုလို အလှူရှင်က မီးသတ်ကားအတွက် ရေစုပ်စက်လှူဒါန်းတော့ ရပ်ကွက်အတွင်းရှိ မီးသတ်ရေကန်များမှရေကို မီးသတ်ကားသို့ အလွယ်တကူ စုပ်ယူဖြည့်တင်းနိုင်မှာဖြစ်၍ အလွန်အသုံးဝင်ပါတယ်" ဟု ပြောကြားသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

နတ်မောက်မြို့၌ e-ပင်စင်ကတ်ဖြင့် ပင်စင်လစာများ ထုတ်ယူရတော့မည်

နတ်မောက် မေ ၂၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် မြန်မာ့စီးပွားရေးဘဏ်များ၌ နိုင်ငံ့အမှုထမ်းဝန်ထမ်းအငြိမ်းစားပင်စင်လခများကို မြန်မာ့စီးပွားရေးဘဏ် (e-Pensioncard)ဖြင့် ထုတ်ပေးနေပြီဖြစ်ကြောင်း မေ ၂၃ ရက်မွန်းလွဲ ၂ နာရီက မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် မြန်မာ့စီးပွားရေးဘဏ်မန်နေဂျာထံမှ သိရသည်။

အဆိုပါနှင့်ပတ်သက်၍ ဘဏ်မန်နေဂျာက "မြန်မာနိုင်ငံ၏ ဝန်ထမ်းအမှုထမ်းရပ်ဆဲ အငြိမ်းစားပင်စင်စားများကို မြန်မာ့စီးပွားရေးဘဏ်က ဝန်ဆောင်မှုအကောင်းဆုံးဖြစ်အောင် စီစဉ်ဆောင်ရွက်တာပါ၊ အရင်လိုပင်စင်ထုတ်ဖို့အတွက် ဘဏ်ရုံးကို ပင်စင်တင်တစ်ခေါက်လာရ၊ ပင်စင်ထုတ်ဖို့တစ်ခေါက်လာရနဲ့ အခုကျတော့ အီးပင်စင်ကတ်နှင့် ငွေထုတ်ကောင်တာမှာ ပင်စင်ထုတ်ရက်ဖြစ်တဲ့ လစဉ် ၂၁ ရက်ကနေ လကုန်ရက်မရောက်မီ ၁ ရက်အလိုအထိ ဘဏ်ရုံးမှာ တစ်ရက် ရက်အတွင်း လာထုတ်ယူနိုင်သလို သည်လမှာမထုတ်ဖြစ်ရင် နောက်လ လဆန်းပိုင်း ၁ ရက်ကနေ ၂၀ ရက်အတွင်း လာရောက်ထုတ်ယူနိုင်ကြောင်းနှင့် ကျွန်တော်တို့ နတ်မောက်မြို့နယ် မြန်မာ့စီးပွားရေးဘဏ်တစ်ခုတည်းသည် ဝန်ဆောင်မှုပေးတာမဟုတ်ပါဘူး၊ တစ်နိုင်ငံလုံးမှာရှိတဲ့ ဘဏ်တိုင်းမှာ ဝန်ဆောင်မှုပေးတော့မှာပါ"ဟု မြန်မာ့အလင်းသတင်းစာသို့ ပြောသည်။

(နတ်မောက်သား)

တောင်ကြီးမြို့၌ တန်ဖိုးနည်း မိုဘိုင်းဖုန်းများ မဲစနစ်ဖြင့် ရောင်းချပေးမည်

တောင်ကြီး မေ ၂၄

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့တွင် CDMA- 800 MHz စနစ် မိုဘိုင်းဖုန်းများအား ပထမလတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီး၊ ကလော၊ ဗထူး၊ ခိုလမ်၊ အောင်ပန်း၊ ဆီဆိုင်၊ ဟိုပုံး၊ မိုင်းပန်၊ လင်းခေးမြို့များ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် လားရှိုး၊ မူဆယ်၊ ကျောက်မဲ၊ လောက်ကိုင်၊ နောင်ချိုမြို့များနှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)တွင် မိုင်းဖြတ်၊ တာချီလိတ်၊ မိုင်းတုံ၊ ကျိုင်းတုံမြို့များတွင် ပြည်သူများအား မဲစနစ်ဖြင့် ရောင်းချပေးသွားမည်ဟု သိရှိရသည်။

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့တွင် ပထမအသုတ် ငွေကျပ် ၁၅၀၀တန် CDMA- 800 MHz ဖုန်း SIM Card အရေအတွက် ၂၅၅၀ကို မဲစနစ်ဖြင့် မဲနှိုက်ပေးမည်ဟု သိရှိရသည်။ တောင်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး၌ CDMA- 800 MHz စနစ် မိုဘိုင်းဖုန်းများ မေ ၂၀ ရက်မှ ၂၂ ရက်အထိ နောက်ဆုံးထား၍ လျှောက်ထားနိုင်ကြောင်းနှင့် လျှောက်လွှာနှင့်အတူ အိမ်ထောင်စုဇယားမိတ္တူနှင့် မှတ်ပုံတင် မိတ္တူတစ်စုံ မူရင်းတင်ပြရန်နှင့် ဝယ်ယူခွင့်ရရှိပါက ရောင်စုံ လိုင်စင်ပုံနှစ်ပုံ ယူဆောင်လာရမည်ဟု သိရှိရပြီး ရရှိသည့်ခွဲတမ်း SIM Card အရေအတွက်ထက် ကျော်လွန် လျှောက်ထားမှုပိုမိုပါက ပြည်သူများ ပွင့်လင်းမြင်သာမှုရှိအောင် အများပြည်သူရှေ့တွင် မဲပုံးငါးပုံးထားရှိပြီး မေ ၂၃ ရက် နံနက် ၉ နာရီတွင် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ တန်ဖိုးနည်းငွေကျပ် ၁၅၀၀တန် CDMA- 800 MHz SIM Cardများအား မဲနှိုက်၍ မဲပေါက်သူများကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ကြေညာသင်ပုန်းတွင် အမည်စာရင်းများ ကပ်ထားပြီး မေ ၂၄ရက်တွင် CDMA- 800 MHz SIM Card များကို ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **မောင်မောင်သန်း(တောင်ကြီး)**

ညနေပိုင်း ထမင်း/ဟင်းချက်ချိန်၊ မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်းနှင့် ဟင်းချက်ပြုတ်ခြင်း မပြုရန်။
(ခ) မီးဖိုအားသုံးစွဲပြီးပါက မီးကွင်းမီးကျန်များ ငြိမ်းသတ်ထားရန်။
(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်၍ ပေါ့ဆမှုမဖြစ်စေဘဲ၊ အထူးသတိပြုသုံးစွဲရန်။

မီးသတ်ဦးစီးဌာန

ဓမ္မာစရိယစာမေးပွဲနှင့် ပထမပြန် စာမေးပွဲ စာဖြေဌာနသတ်မှတ် ကြေညာခြင်း

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကျင်းပမည့် ၂၀၁၃ ခုနှစ် ဓမ္မာစရိယစာမေးပွဲနှင့် ပထမပြန်စာမေးပွဲများကို ယာယီရွှေ့ဆိုင်းထားရာမှ မေ ၂ ရက်မှ ၁၄ ရက်အထိ တစ်နိုင်ငံလုံး တစ်ချိန်တည်း တစ်ပြိုင်တည်း ပြန်လည် ကျင်းပမည်ဖြစ်သည်။

ဓမ္မာစရိယစာမေးပွဲကို ၁၃၇၅ ခုနှစ် တန်ခူးလပြည့်ကျော် ၇ ရက် (ကြာသပတေးနေ့)မှ ကဆုန်လဆန်း ၁ ရက် (သောကြာနေ့) ၂၀၁၃ ခုနှစ် မေ ၂ ရက်မှ ၁၀ ရက်အထိ လည်းကောင်း၊ ပထမပြန်စာမေးပွဲ ကို ၁၃၇၅ ခုနှစ် တန်ခူးလပြည့်ကျော် ၁၃ ရက်(ဗုဒ္ဓဟူးနေ့)မှ ကဆုန်လဆန်း ၅ ရက် (အင်္ဂါနေ့) ၂၀၁၃ ခုနှစ် မေ ၈ ရက်မှ ၁၄ ရက်အထိလည်းကောင်း၊ အောက်ဖော်ပြပါ စာဖြေဌာနများတွင် ကျင်းပမည်ဖြစ်ကြောင်း သာသနာရေးဝန်ကြီးဌာနမှ ကြေညာထားရာ-

ဓမ္မာစရိယစာဖြေဌာန ၅၀ တို့မှာ ကချင်ပြည်နယ်၊ မြစ်ကြီးနား၊ ဗန်းမော်၊ ကယားပြည်နယ်၊ လွိုင်ကော်၊ ကရင်ပြည်နယ်၊ ဘားအံ၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်း၊ ရွှေဘို၊ မုံရွာ၊ ကသာ၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်၊ မြိတ်၊ ပဲခူးတိုင်းဒေသကြီး ပဲခူး၊ တောင်ငူ၊ ပြည်၊ ကြို့ပင်ကောက်၊ မကွေးတိုင်းဒေသကြီး၊ ရေနံချောင်း၊ မကွေး၊ ပခုက္ကူ၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံ၊ မဟာအောင်မြေ၊ ပြည်ကြီးတံခွန်၊ မိုးကုတ်၊ မြင်းခြံ၊ မိတ္ထီလာ၊ ကျောက်ပန်းတောင်း၊ ရမည်းသင်း၊ ကျောက်ဆည်၊ မွန်ပြည်နယ်၊ မော်လမြိုင်၊ သထုံ၊ ကျိုက်ထို၊ ရေး၊ မုဒုံ၊ ဘီးလင်း၊ ရခိုင်ပြည်နယ်၊ စစ်တွေ၊ ကျောက်ဖြူ၊ ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်(အရှေ့ပိုင်း)၊ ရန်ကုန်(အနောက်ပိုင်း)၊ ရန်ကုန် (တောင်ပိုင်း)၊ ရန်ကုန်(မြောက်ပိုင်း)၊ ခရမ်း၊ ရှမ်းပြည်နယ်၊ တောင်ကြီး၊ ညောင်ရွှေ၊ ကျိုင်းတုံ၊ လားရှိုး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်၊ ညောင်တုန်း၊ ဟင်္သာတ၊ မြောင်းမြ၊ ဖျာပုံ၊ မော်လမြိုင်ကျွန်း၊ နေပြည်တော်၊ ပျဉ်းမနားတို့ဖြစ်ကြောင်း သိရှိရသည်။

၂၀၁၃ ခုနှစ်၊ ပထမပြန်စာဖြေဌာနစာရင်း

၁။ ကချင်ပြည်နယ်၊ စာဖြေဌာန (၇)ဌာန
မြစ်ကြီးနား၊ မိုးကောင်း၊ မိုးညှင်း၊ ရွှေကူ၊ ဗန်းမော်၊ ဖားကန့်၊ ပူတာအို

၂။ ကယားပြည်နယ်၊ စာဖြေဌာန(၁)ဌာန
လွိုင်ကော်

၃။ ကရင်ပြည်နယ်၊ စာဖြေဌာန(၆)ဌာန
ကြာအင်းဆိပ်ကြီး၊ ဘားအံ၊ လှိုင်းဘွဲ့၊ မြဝတီ၊ ဘုရားသုံးဆူ၊ ကော့ကရိတ်

၄။ ချင်းပြည်နယ်၊ စာဖြေဌာန(၂)ဌာန
ဟားခါး၊ မင်းတပ်

၅။ တနင်္သာရီတိုင်းဒေသကြီး၊ စာဖြေဌာန(၃)ဌာန
ထားဝယ်၊ မြိတ်၊ ကော့သောင်း

၆။ စစ်ကိုင်းတိုင်းဒေသကြီး၊ စာဖြေဌာန(၂၅)ဌာန
ခင်ဦး၊ ကလေး၊ ကသာ၊ ကောလင်း၊ ကန့်ဘလူ၊ ကျွန်းလှ၊ ချောင်းဦး၊ စစ်ကိုင်း၊ ထီးချိုင့်၊ ပင်လည်ဘူး၊ ဖောင်းပြင်၊ ဗန်းမောက်၊ ဘုတလင်၊ မုံရွာ၊ မြင်းမူ၊ မြောင်၊ ယင်းမာပင်၊ ရေဦး၊ ရွှေဘို၊ ဝက်လက်၊ ဟုမ္မလင်း၊ ဝန်းသို၊ အင်းတော်၊ မင်းကင်း၊ တမူး

၇။ ပဲခူးအရှေ့၊ စာဖြေဌာန (၁၄)ဌာန
ကဝ၊ ကျောက်တံခါး၊ ကျောက်ကြီး၊ ညောင်လေးပင်၊ တောင်ငူ၊ ထန်းတပင်၊ ဒိုက်ဦး၊ ပဲခူး၊ ဖြူး၊ ရေတာရှည်၊ ရွှေကျင်၊ ဝေါ၊ သနပ်ပင်၊ အုတ်တွင်း

၈။ ပဲခူးအနောက်၊ စာဖြေဌာန(၁၄)ဌာန
ကြို့ပင်ကောက်၊ ဇီးကုန်း၊ နတ်တလင်း၊ ပေါက်ခေါင်း၊ ပန်းတောင်း၊ ပေါင်းတည်၊ ပြည်၊ မိုးညို၊ မင်းလှ၊ ရွှေတောင်၊ လက်ပံတန်း၊ သာယာဝတီ၊ သဲကုန်း၊ အုတ်ဖို

၉။ မကွေးတိုင်းဒေသကြီး၊ စာဖြေဌာန(၁၇)ဌာန
ချောက်၊ ဂန့်ဂေါ၊ စကု၊ စလင်း၊ ဆင်ဖြူကျွန်း၊ တောင်တွင်းကြီး၊ နတ်မောက်၊ ပခုက္ကူ၊ ပွင့်ဖြူ၊ မကွေး၊ မင်းဘူး၊ မင်းလှ၊ အောင်လံ၊ ကံမ၊ ရေစကြို၊ ရေနံချောင်း၊ သရက်

၁၀။ မန္တလေးတိုင်းဒေသကြီး၊ စာဖြေဌာန (၂၈)ဌာန
ကျောက်ဆည်၊ ကျောက်ပန်းတောင်း၊ စဉ့်ကိုင်၊ စဉ့်ကူး၊ တံတားဦး၊ တောင်သာ၊ နွားထိုးကြီး၊ ပုဂံညောင်ဦး၊ ပုသိမ်ကြီး၊ ပျော်ဘွယ်၊ မလှိုင်၊ ပြင်ဦးလွင်၊ မိုးကုတ်၊ မတ္တရာ၊ မိတ္ထီလာ၊ မဟာအောင်မြေ၊ ချမ်းအေးသာစံ၊ ချမ်းမြသာစည်၊ ပြည်ကြီးတံခွန်၊ အောင်မြေသာစံ၊ မြင်းခြံ၊ မြစ်သား၊ ရမည်းသင်း၊ ဝမ်းတွင်း၊ သာစည်၊ အမရပူရ၊ ငါန်းဇွန်၊ သပိတ်ကျင်း

၁၁။ နေပြည်တော်တိုင်းစာဖြေဌာန (၃) ဌာန
တပ်ကုန်း၊ လယ်ဝေး၊ ပျဉ်းမနား

၁၂။ မွန်ပြည်နယ်၊ စာဖြေဌာန (၁၁) ဌာန
ကျိုက်ထို၊ကျိုက်မရော၊ချောင်းဆုံ၊ ပေါင်၊ ဘီးလင်း၊ မုဒုံ၊ မော်လမြိုင်၊ ရေး၊ သထုံ၊ သံဖြူဇရပ်၊ သိမ်ဇရပ်

၁၃။ ရခိုင်ပြည်နယ်၊ စာဖြေဌာန (၁၇) ဌာန
ကျောက်တော်၊ စစ်တွေ၊ တောင်ကုတ်၊ ပေါက်တော၊ ပုဏ္ဏားကျွန်း၊ မင်းပြား၊ မောင်းတော၊ မာန်အောင်၊ မြေပုံ၊ ရမ်းဗြဲ၊ ရသေ့တောင်၊ သံတွဲ၊ အမ်း၊ ဂွ၊ မြောက်ဦး၊ ကျောက်ဖြူ၊ ဘူးသီးတောင်

၁၄။ ရန်ကုန်တိုင်းဒေသကြီး၊ စာဖြေဌာန (၄၂)ဌာန
ကမာရွတ်၊ ကော့မှူး၊ ကျောက်တန်း၊ ကြည့်မြင်တိုင်၊ ကွမ်းခြံကုန်း၊ ခရမ်း၊ စမ်းချောင်း၊ ဆိပ်ကမ်း၊ ဆိတ်ကြီးခနောင်တို၊ တာမွေ၊ တောင်ဥက္ကလာ၊ တိုက်ကြီး၊ တွံတေး၊ ထန်းတပင်၊ ဒဂုံ၊ ဒဂုံတောင်၊ ဒဂုံမြောက်၊ ဒလ၊ ဒေါပုံ၊ ပန်းဘဲတန်း၊ ပုဇွန်တောင်၊ ဗဟန်း၊ ဗိုလ်တထောင်၊ မင်္ဂလာတောင်ညွန့်၊ မင်္ဂလာဒုံ၊ မရမ်းကုန်း၊ မြောက်ဥက္ကလာပ၊ မှော်ဘီ၊ ရန်ကင်း၊ ရွှေပြည်သာ၊ လမ်းမတော်၊ လှည်းကူး၊ လှိုင်၊ လှိုင်သာယာ၊ သာကေတ၊ သဃ်န်းကျွန်း၊ သန်လျင်၊ သုံးခွ၊ အလုံ၊ အင်းစိန်၊ ဒဂုံအရှေ့၊ ဒဂုံဆိပ်ကမ်း

၁၅။ ရှမ်းတောင်၊ စာဖြေဌာန (၁၂) ဌာန
ကလော၊ ဆီဆိုင်၊ ညောင်ရွှေ၊ တောင်ကြီး၊ ပင်းတယ၊ ပင်လုံ၊ ဖယ်ခုံ၊ မိုးနဲ၊ ရပ်စောက်၊ ရွှေညောင်၊ လွိုင်လင်၊ ဟိုပုံး

၁၆။ ရှမ်းမြောက်၊ စာဖြေဌာန (၈) ဌာန
လားရှိုး၊ တန့်ယန်း၊ နမ့်ခမ်း၊ ကျောက်မဲ၊ သီပေါ၊ နောင်ချို၊ မိုးမိတ်၊ ဟိုပန်

၁၇။ ရှမ်းအရှေ့၊ စာဖြေဌာန (၂) ဌာန
ကျိုင်းတုံ၊ တာချီလိတ်

၁၈။ ဧရာဝတီတိုင်းဒေသကြီး၊ စာဖြေဌာန (၂၆) ဌာန
ကျုံပျော်၊ ကျိုက်လတ်၊ ကြံခင်း၊ ငါးသိုင်းချောင်း၊ ဇလွန်၊ ညောင်တုန်း၊ ဒေးဒရဲ၊ ဓနုဖြူ၊ ပုသိမ်၊ ပန်းတနော်၊ ဖျာပုံ၊ ဘိုကလေး၊ မအူပင်၊ မော်လမြိုင်ကျွန်း၊ မြောင်းမြ၊ မြန်အောင်၊ ရေကြည်၊ လပွတ္တာ၊ လေးမျက်နှာ၊ ဝါးခယ်မ၊ သာပေါင်း၊ ဟင်္သာတ၊ အိမ်မဲ၊ ကျောင်းကုန်း၊ ကန်ကြီးဒေါင့်၊ အင်္ဂပူ

ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

နေပြည်တော် ဧပြီ ၂၄

ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Mr.Bertrand Bainvel အား ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ (အပေါ်ပုံ)

ထိုသို့တွေ့ဆုံရာတွင် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီနှင့် အမျိုးသားစီမံကိန်းရေးရာကော်မတီဥက္ကဋ္ဌ ဦးဇော်မြင့်ဖေ၊ နိုင်ငံတကာဆက်ဆံရေးရာကော်မတီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးမောင်မောင်ထူးနှင့် လွှတ်တော်ရုံးမှတာဝန်ရှိသူများ တက်ရောက်ကြသည်။

ယင်းသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံကလေးသူငယ်များ၏ အခွင့်အရေးဆိုင်ရာ ပိုမိုကာကွယ်စောင့်ရှောက်ရေး၊ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ ကဏ္ဍရပ်များတွင် ပိုမိုမြှင့်တင်ဆောင်ရွက်ရေး၊ ပညာရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများတွင် မြန်မာ့လွှတ်တော်၏အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက် အောင်မြင်မှုအခြေအနေများ၊ အနာဂတ်ကာလတွင် UNICEF အနေဖြင့် မြန်မာ့လွှတ်တော်နှင့်ပူးပေါင်းကာ မြန်မာနိုင်ငံ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုမိုတိုးချဲ့ဆောင်ရွက်သွားနိုင်ရေးဆိုင်ရာကိစ္စရပ်များအပေါ် ကျယ်ကျယ်ပြန့်ပြန့် ရင်းနှီးစွာဆွေးနွေးကြသည်။ **(သတင်းစဉ်)**

အင်္ဂပူမြို့နယ်ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဧပြီ ၂၄

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် ထူးကြီးတိုက်နယ် မင်နီတားရိုး (သမန်းချောင်းရိုး)တူးဖော်ခြင်းလုပ်ငန်းနှင့် အလယ်စုကျေးရွာ ခေတ်မီစက်မှုစံပြလယ်ယာ ဧက ၁၀၀ အကောင်အထည်ဖော် ဆောင်ရွက်နေမှုတို့ကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်သည် ဧပြီ ၂၁ ရက် နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

ပန်းတနော်မြို့နယ် ကွင်းပေါက်အစုကြီးကျေးရွာ သီတဂူသုမေဓာ အာရောဂျဒါန ဆေးရုံဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၂၃ ရက် နံနက်ပိုင်းတွင် ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်က ဆေးရုံဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး သီတဂူကမ္ဘာ့ဗုဒ္ဓ တက္ကသိုလ် အဓိပတိသီတဂူဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာအရှင်ဉာဏိဿရက ဆေးရုံကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

အဆိုပါဆေးရုံကို သီတဂူဆရာတော်အရှင်ဉာဏိဿရ၏ ဩဝါဒခံယူကာ အဆောင်နှစ်ဆောင်၊ လူနာဆောင်လေးဆောင်၊ ဓာတ်ခွဲခန်း၊ ဓာတ်မှန်ခန်း၊ အကြီးစားခွဲစိတ်ခန်း၊ အသေးစားခွဲစိတ်ခန်း၊ (ကျား/မ) သန့်စင်ခန်း၊ မီးစက်ရုံ သုံးဆောင်နှင့် ရေစင်ကြီး နှစ်လုံး ဆောက်လုပ်ခဲ့ပြီး သီတဂူဆရာတော်က ခွဲစိတ်-ကုသ-ပစ္စည်းကိရိယာများအားလုံးနှင့် ငွေကျပ်သိန်း ၅၀၊ မီးစက်ကြီးနှင့် လူနာသုံးပစ္စည်းများကို လှူဒါန်းခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပန်းတနော်နှင့် ကျုံပျော်မြို့နယ်ကြားရှိ ကော့သလိုင်တာ ရေပိုလွှဲ-ရေထိန်းတံခါး တည်ဆောက်ရေးလုပ်ငန်းနှင့် ကန်ကြီးထောင့်မြို့နယ် ဒါးကကျေးရွာ ဒါးက-မန္တလေး ကုန်းလမ်းတာရေပိုလွှဲ-ရေထိန်းတံခါး တည်ဆောက်ရေးလုပ်ငန်းခွင်တို့သို့ သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၂၅-၄-၂၀၁၃ (ကြာသပတေးနေ့)

နံနက်ပိုင်း

၆း၀၀	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀	ပြည်တွင်းသတင်း၊ မိုးလေဝသ သတင်း
၇း၅၀	လူမှုရေးဆိုင်ရာ ဆုချီးမြှင့်ရေး လုပ်ငန်းကော်မတီမှ တိုင်းဒေသကြီး၊ ပြည်နယ်များမှ ပဏာမ ရွေးချယ်ထားသူများအား ကွင်းဆင်းအကဲဖြတ်အကြိုမြင်ကွင်း
၈း၀၀	ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း
၈း၂၅	**My Mind Game My SEA Games** (အပိုင်း-၃)
၉း၀၀	ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း
၁၀း၀၀	ပြည်တွင်းသတင်း

နေ့လယ်ပိုင်း

၁၂း၀၀	ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသ အခြေအနေ
၁၃း၀၀	ပြည်တွင်းသတင်း
၁၃း၁၅	မြန်မာဗီဒီယိုဇာတ်လမ်း **ကိုကိုဘာလို့ မုန်းတာလဲ** (ဒုတိယပိုင်း) လူမင်း၊ သက်မွန်မြင့်၊ ဇင်ဇင်ဇော်မြင့် (ဒါရိုက်တာ-မီးပွား)
၁၄း၀၀	ပြည်တွင်းသတင်း

ညပိုင်း

၁၅း၀၀	ပြည်တွင်းသတင်း
၁၅း၃၀	နိုင်ငံခြားဇာတ်လမ်းတွဲ **အချစ်ဆုံး** (အပိုင်း-၁၄၇)
၁၆း၀၀	ပြည်တွင်းသတင်း၊ မိုးလေဝသသတင်း
၁၆း၃၀	ပြည်ထောင်စုတိုင်းရင်းသားရိုးရာ အက/တေးသံသာ
၁၆း၄၀	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (ဥပဒေပညာအထူးပြု) (ဥပဒေပညာ)
၁၇း၀၀	ပြည်တွင်းသတင်း
၁၇း၁၅	**Road to 27th SEA Games** (ဂျူဒို)
၁၈း၀၀	ပြည်တွင်းသတင်း၊ မိုးလေဝသ သတင်း
၁၉း၀၀	ပြည်တွင်းသတင်း
၂၀း၀၀	ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသသတင်း
၂၀း၃၅	လူမှုရေးဆိုင်ရာ ဆုချီးမြှင့်ရေး လုပ်ငန်းကော်မတီမှ နိုင်ငံ့ဂုဏ်ဆောင် အားကစားစွမ်းဆောင်ရှင်ဆုအတွက် တိုင်းဒေသကြီး၊ ပြည်နယ်များမှ ပဏာမ ရွေးချယ်ထားသူများအား စိစစ်အကဲဖြတ်ခြင်း အကြိုမြင်ကွင်း

ပြည်တွင်းသတင်း

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး ပညာကိုကြိုးစားသင်ယူ

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း လဟယ်မြို့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ ထောက်ပံ့ငွေများ ပေးအပ်စဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၂၄

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းသည် မေ ၁၈ရက် နံနက်ပိုင်းတွင် နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ခန္တီးမြို့ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုစိတ်ဓာတ်ခိုင်မြဲသည့်လူငယ်များ ဖြစ်လာစေရေး၊ နယ်စပ်ဒေသများဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားလူမျိုးများ၏ လူနေမှုအဆင့်အတန်းမြင့်မားရေးအတွက် ဆောင်ရွက်လိုသည့် စိတ်ဓာတ်များ ရှင်သန်ထက်မြက်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာကို ကြိုးစားသင်ယူကြရေး၊ ကာယဉာဏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အားကစားလုပ်ငန်းများ စနစ်တကျ လေ့ကျင့်ကစားကြရေး မှာကြားကာ သင်တန်းကျောင်းအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

ထောက်ပံ့ငွေများပေးအပ်

ထို့မှတစ်ဆင့် ခန္တီးမြို့ အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းသို့ရောက်ရှိပြီး သင်ကြားတတ်မြောက်သည့် အသက်မွေးဝမ်းကျောင်းပညာရပ်များဖြင့် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ ထူထောင်နိုင်သည်အထိ ကြိုးစားဆောင်ရွက်ကြရေး၊ သင်တန်းကျောင်း၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအား တိုးချဲ့ဆောင်ရွက်ရေးမှာကြားကာ ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

မွန်းလွဲပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးနှင့်အတူ လဟယ်မြို့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးကာ ရည်ရွယ်ချက်၊ ရည်မှန်းချက်များအတိုင်း ထွန်းပေါက်အောင်မြင်အောင် သင်တန်းကျောင်းအုပ်နှင့် နည်းပြများက တည့်မတ်ဆောင်ရွက်ပေးရန် မှာကြားပြီး သင်တန်းကျောင်းအတွက် ထောက်ပံ့ငွေများပေးအပ်သည်။

ညှိနှိုင်းမှာကြား

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် လဟယ်မြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး သင်တန်းကျောင်းအတွက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကာ ညပိုင်းတွင် တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ နာဂဒေသ လမ်းတံတားလုပ်ငန်းများ အချိန်မီပြီးစီးအောင် ဖောက်လုပ်ရေးညှိနှိုင်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆီးဂိမ်းပြိုင်ပွဲကျင်းပရေးအတွက် လုပ်ငန်းဆိုင်ရာအစည်းအဝေးကျင်းပ
ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း တက်ရောက်အမှာစကားပြောကြား

သတင်း–မေမြင့်ဦး
ဓာတ်ပုံ–စိုးညွန့်

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ကျင်းပရေးအတွက် Technical Handbook များ၊ အားကစားဝတ်စုံနှင့် အထောက်အကူပြုပစ္စည်းလိုအပ်ချက်၊ GMS အစီအစဉ်အရ T&S, OVR လိုအပ်ချက်များနှင့် ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၂၄ ရက် နံနက် ၁၀ နာရီက Gold Camp ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံအမျိုးသား အားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ဒုတိယဝန်ကြီး ဦးသောင်းထိုက်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်နှင့် တာဝန်ရှိသူများ၊ ဆီးဂိမ်းပြိုင်ပွဲဝင် အားကစားနည်း ၃၃ နည်းတို့မှ အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ အားကစားနည်းအလိုက် တာဝန်ခံများ တက်ရောက်ကြသည်။

အစီအစဉ်အရ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း(ဝဲပုံ)က အဖွင့်အမှာစကားပြောကြားပြီး ဒုတိယဝန်ကြီး ဦးသောင်းထိုက်က ဖြည့်စွက် ရှင်းလင်းမှာကြားသည်။

ထို့နောက် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က အမှာစကားပြောကြားပြီး အားကစားဝန်ကြီးဌာန ရုံးအဖွဲ့မှူးက(၂၇) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(၁)၊ ဒုတိယရုံးအဖွဲ့မှူးနှင့် ညွှန်ကြားရေးမှူးများက မိမိတို့သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသည့် အားကစားအဖွဲ့ချုပ်အသီးသီးတို့မှ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများက မိမိတို့အဖွဲ့ချုပ်ဆိုင်ရာကိစ္စများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

သစ်တောတက္ကသိုလ်တည်ဆောက်ရေးလုပ်ငန်းများ
ဒုတိယဝန်ကြီး ဦးအေးမြင့်မောင် ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၄

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်သည် ယမန်နေ့နံနက်ပိုင်းတွင် ရေဆင်းသစ်တော တက္ကသိုလ်ဝင်းအတွင်း ရေဆင်းသစ်တော တက္ကသိုလ်အဝင်မုခ်ဦးတည်ဆောက်ရေးလုပ်ငန်းနှင့် နှစ်ထပ်စာသင်ဆောင်သစ် Theatre အပြီးသတ် တည်ဆောက်မှု ဆောင်ရွက်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

စဉ်ဆက်မပြတ်ဆောင်ရွက်

ဒုတိယဝန်ကြီးက တက္ကသိုလ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် ပန်းအလှပင်နှင့်အပင်ကြီးများ စိုက်ပျိုးရေး၊ နှစ်ထပ်စာသင်ဆောင်အသစ်အား ဘက်စုံသုံးခန်းမအဖြစ် အသုံးပြုနိုင်ရန် အဆင့်မြင့်ပစ္စည်းများတပ်ဆင်ရေး၊ တည်ဆောက်ရေးလုပ်ငန်းများအားလာမည့် ၂၀၁၂-၂၀၁၃ ဒုတိယပညာသင်နှစ်ဝက်စာသင်ကာလအမီ ပြီးစီးရေး၊ အဆောက်အအုံများ အရှည်သဖြင့် ကောင်းမွန်အောင် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများအား စဉ်ဆက်မပြတ်ဆောင်ရွက်ရန် မှာကြားခဲ့သည်။

တက်ရောက်သင်ကြား

သစ်တော တက္ကသိုလ်သည် လူသားအရင်းအမြစ် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် Knowledge- Professionalism- Service ဆောင်ပုဒ်နှင့်အညီ အဆင့်မြင့် သစ်တောပညာရပ်များကို စာတွေ့လက်တွေ့သင်ကြားပို့ချပေးလျက်ရှိသည်။ သိပ္ပံ(သစ်တော)ဘွဲ့ရများ နှစ်စဉ်မွေးထုတ်ပေးလျက်ရှိသကဲ့သို့ တက္ကသိုလ်မှဘွဲ့ရများသည် နိုင်ငံတကာ တက္ကသိုလ်များတွင် ဘွဲ့လွန်သင်တန်းများသို့ တက်ရောက်ကြပြီး အဆင့်မီစွာဖြင့် မဟာသိပ္ပံဘွဲ့နှင့်ပါရဂူဘွဲ့များ ရရှိခဲ့ကြသည်။ လက်ရှိအချိန်တွင် နိုင်ငံတကာတက္ကသိုလ်များသို့ မဟာသိပ္ပံသင်တန်း ၂၅ ဦးနှင့် ပါရဂူဘွဲ့သင်တန်းလေးဦးစေလွှတ်၍ တက်ရောက်သင်ကြားစေလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❍ ကျောဖုံးမှ

အားပြန်ပြည့်သည်ဟု ထိုအဖွဲ့က ဆိုသည်။

သို့သော် ထိုဘက်ထရီများကို အန္တရာယ်ကင်းစွာဖြင့် အသုံးပြုနိုင် မပြုနိုင်ဟူသည့်ကိစ္စကို ဆက်လက် လေ့လာနေဆဲဖြစ်သည်။

သုတေသီများက ၎င်းတို့၏တီထွင်မှုသည် သေးငယ်သောလျှပ်စစ်ပစ္စည်းများဖြစ်ပြီး ဘက်ထရီတာရှည် မခံသည့်ပြဿနာကို ရင်ဆိုင်နေရသည့် စမတ်ဖုန်းများ၊ အခြားအလားတူ အသုံးအဆောင်ပစ္စည်းများအတွက် အကျိုးရှိစေမည်ဟု ဆိုထားသည်။

သစ်ပင်ကို
နှစ်စဉ်စိုက်
ရွှေတိုက်ကိုစိုး

▲ ရှေ့ဖုံးမှ

မန်ယူကစားသမားဟောင်းများ လာရောက်ကစားကြမည့် ခြေစမ်းပွဲနှင့် ပတ်သက်၍ သတင်းစာ ရှင်းလင်းပွဲအခမ်းအနားကို မေ ၂၆ ရက် ညနေ ၄ နာရီတွင် Park Royal Hotel တွင် ကျင်းပသွားမည်ဖြစ်သည်။ အဆိုပါ သတင်းစာရှင်းလင်းပွဲသို့ မန်ယူနောက်ခံ လူဟောင်းဒင်းနစ်အာဝင်နှင့် ကွင်းလယ်လူဟောင်း ကလေတန် ဘလက်မိုးတို့ တက်ရောက် ဖြေကြားကြမည်ဖြစ်သည်။ **ဖိုးသော်ဇင်**

တရုတ်နိုင်ငံတွင် ဘွဲ့လွန်ပါရဂူသုတေသန ဆောင်ရွက်ရန်ထွက်ခွာ

ရန်ကုန် မေ ၂၄

မြန်မာနိုင်ငံပန်းဝါသနာရှင်အသင်းမှ ဗဟိုအလုပ်အမှုဆောင်၊ ဥရင်ကောက်ပင်များ အထူးပြုပညာရှင် ဒေါက်တာသက်ယုနွယ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပီကင်းမြို့ရှိ ပီကင်းစံပင်ပြတိုက်တွင် တရုတ်နိုင်ငံမှ ပညာရှင်များနှင့်အတူ တစ်နှစ်ကြာဘွဲ့လွန်ပါရဂူသုတေသနများ ပူးတွဲဆောင်ရွက်ရန် ယနေ့ နံနက်ပိုင်းက လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ မြန်မာနိုင်ငံပန်းဝါသနာရှင်အသင်း နိုင်ငံခြားရေးရာကော်မတီဥက္ကဋ္ဌ ဒေါက်တာစောလွင်နှင့် ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြသည်။

(သတင်းစဉ်)

မိုဘိုင်းဖုန်း Sim Card အချို့ရပ်ကွက်များတွင် လျှောက်ထားမှုနည်းပါး

ပြည်သူများ ငွေကြေးသက်သာစွာဖြင့် မိုဘိုင်းဖုန်းသုံးစွဲနိုင်ရန်နှင့် CDMA-800 MHz Sim Card များကို သတ်မှတ်ဈေးနှုန်း ငွေကျပ် ၁၅၀၀ ဖြင့် စနစ်တကျဝယ်ယူ သုံးစွဲခွင့်ရရှိရန် သက်ဆိုင်ရာ တိုင်းဒေသကြီးများနှင့် ပြည်နယ်များ၏ အစီအစဉ်ဖြင့် ရပ်ကွက်နှင့် ကျေးရွာများ၌ ကြိုတင် မဲနှိုက်ခဲ့ကြရာမှ မဲပေါက်သူ ပြည်သူများအား ယနေ့မှစ၍ ရန်ကုန်မြို့ရှိ ရပ်ကွက်အသီးသီး၌ Sim Card များအားထုတ်ပေးလျက်ရှိကြောင်း သိရှိရသည်။

Sim Card များ ထုတ်ပေးနေမှုနှင့်ပတ်သက်၍ ရန်ကင်းမြို့နယ် အမှတ်(၃)ရပ်ကွက် ၁၂ လုံးတန်းမှ အုပ်ချုပ်ရေးမှူးက "ကျွန်တော်တို့ ရန်ကင်းမှာ ၁၅ ရပ်ကွက်ရှိတယ်။ တစ်မြို့နယ်လုံးအတွက် ဆင်းကတ် ၁၂၀၀ လောက်ရတယ်လို့ သိရတယ်။ တစ်ရပ်ကွက်ကို ကတ် ၈၀ လောက်ရတယ်။ ဒါပေမယ့် အခြေခံလူတန်းစားတွေများတဲ့ ရပ်ကွက်တွေကိုတော့ ကတ်တွေပိုပေးတယ်လို့ သိရပါတယ်။ မဲနှိုက်တဲ့နေရာမှာလည်း ရပ်ကွက်အတွင်းမှာ တရားဝင်သန်းခေါင်စာရင်းနဲ့နေတဲ့သူရော၊ ယာယီသန်းခေါင်စာရင်းနဲ့နေတဲ့သူရော၊ ဧည့်စာရင်းတိုင်ပြီးနေတဲ့သူရော အားလုံး မဲနှိုက်လို့ရအောင် စီစဉ်ပေးခဲ့ပါတယ်။ အခု ကျွန်တော်တို့ရပ်ကွက်က ကတ် ၈၀ ရပါတယ်"ဟု ပြောပြသည်။

အဆိုပါ ရပ်ကွက်တွင် ဧပြီ ၂၃ ရက် ညနေပိုင်းတွင် ရပ်ကွက်ဓမ္မာရုံ၌ Sim Card မဲပေါက်သူ ၈၀ အား သတ်မှတ်ချက်များနှင့်အညီ စာချုပ်ချုပ်ဆိုပေးခဲ့ပြီး ဖုန်းအသုံးပြုမည့်သူများသိသင့်သည့် စည်းကမ်းချက်များကို ဝေငှပေးခဲ့ကာ မိုဘိုင်းဖုန်းနံပါတ်များကိုလည်းထုတ်ပေးခဲ့သည်။ ယနေ့ ညနေပိုင်းတွင် ရပ်ကွက်အတွင်းရှိ တာဝန်ရှိသူများက Sim Card မဲပေါက်သူများကို Sim Card များ ထုတ်ပေးခဲ့သည်။

Sim Card မဲပေါက်သူတစ်ဦးကလည်း"အခုလိုနိုင်ငံတော်အစိုးရက ဈေးသက်သက်သာသာနဲ့ ပြည်သူတွေကို မိုဘိုင်းဖုန်းကိုင်နိုင်အောင် စီစဉ်ပေးတာ ကျေးဇူးတင်ပါတယ်။ ကျောင်းသား ကျောင်းသူတွေပါ မိုဘိုင်းဖုန်း ကိုင်ဆောင်လာနိုင်တဲ့အတွက် ပညာရေးအတွက်လည်း အများကြီး အထောက်အကူဖြစ်လာမှာပါ" ဟု ပြောပြသည်။

မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ် (၁၇)ရပ်ကွက်တွင်လည်း CDMA -800 MHz မိုဘိုင်းဖုန်း လျှောက်ထားသူများအား ဧပြီ ၂၁ ရက်တွင် သီရိစန္ဒာဓမ္မာရုံ၌ မဲနှိုက်ပေးခဲ့ကြောင်း သိရှိရသည်။

အဆိုပါရပ်ကွက်မှ ရရှိသော Sim Card ၆၄ ကတ်ကို လျှောက်ထားသူ ၁၈၇ ဦးက မဲနှိုက်ကြရာ ရပ်ကွက်အတွင်းရှိ တာဝန်ရှိသူများက ကြီးကြပ်ပေးကြသည်။

(၁၇)ရပ်ကွက်မှ တာဝန်ရှိသူတစ်ဦးက "ကျွန်တော်တို့ရပ်ကွက်အနေနဲ့ အခု ဧပြီ ၂၃ ရက် ညအထိ ကတ်တွေထုတ်ပေးဖို့ မြို့နယ်က ဘာမှ ညွှန်ကြားလာတာ မရှိသေးပါဘူး၊ မဲပေါက်ထားတဲ့သူတွေကလည်း လာမေးနေကြပါတယ်။ ရန်ကင်းဘက်မှာ နံပါတ်တွေတောင်ထွက်နေပြီလို့ ပြောကြပါတယ်။ ကျွန်တော်တို့အနေနဲ့ကတော့ မြို့နယ်က ညွှန်ကြားတာနဲ့ ကတ်ထုတ်ပေးနိုင်အောင် စီစဉ်ထားပါတယ်"ဟု ၂၃ ရက် ညပိုင်းတွင် ပြောကြားခဲ့ပြီး ဧပြီ ၂၄ ရက်တွင် ထပ်မံစုံစမ်းမေးမြန်းကြည့်ရာ " ဒီနေ့မှာတော့ အမှတ်(၁၁/၁၂/၁၃/၁၄) ရပ်ကွက်တွေမှာ ထုတ်ပေးနေပြီး ကျွန်တော်တို့ရပ်ကွက်မှာတော့ ဧပြီ ၂၅ ရက်နေ့တော့ ပေးဖြစ်နိုင်မှာပါ" ဟု ထပ်မံပြောကြားသည်။

မြောက်ဥက္ကလာပမြို့နယ်တွင် ရပ်ကွက် ၁၉ ရပ်ကွက်ရှိပြီး တစ်မြို့နယ်လုံးအတွက် Sim Card ၄၀၀၀ ကျော်ခန့်ရရှိပြီး ရွှေပေါက်ကံမြို့သစ် ရပ်ကွက်ခွဲ (၁၀) ရပ်ကွက်အတွက် Sim Card ၇၄၃ ကတ် ရရှိခဲ့သည်။

CDMA-800 MHz Sim Card များကို ယနေ့စတင်ရောင်းချပေးနိုင်ခဲ့သော်လည်း အချို့ရပ်ကွက်များတွင် လျှောက်ထားသူနည်းပါးနေပြီး GSM ဖုန်းကိုသာ မျှော်လင့်နေသူများ ပိုမိုများပြားကြောင်း သိရှိရသည်။

ကိုကြီးသာ

ရန်ကင်းအမှတ်(၃)ရပ်ကွက် ၁၂ လုံးတန်း၌ CDMA-800 MHz Sim Card များကို ထုတ်ပေးနေစဉ်။

ကိုယ်ခန္ဓာအလေးချိန် ထိန်းသိမ်းနိုင်မည့် အဓိကနည်းလမ်း ငါးချက်

လူတိုင်းလိုလိုပင် မိမိအရပ်အမောင်းနှင့်လိုက်ဖက်ညီသော အလေးချိန်ရှိလိုကြသည်။ ထို့အပြင် ကျန်းမာလိုကြသည်။ ကျန်းမာခြင်း၏ အဓိကသော့ချက်မှာ ကိုယ်ခန္ဓာကျစ်လျစ်ဖျတ်လတ်သန်စွမ်းခြင်းနှင့် အသားအရေစိုပြည်ခြင်းပင်ဖြစ်သည်။ အဆိုပါအကြောင်းအရာများ ရရှိစေရန်အတွက်-



၁။ လမ်းလျှောက်ပါ။

မိမိရဲ့ ခြေထောက်ကိုသာ အတတ်နိုင်ဆုံး အားကိုးသင့်ပါသည်။ လုပ်ငန်းခွင်ထဲဖြစ်ဖြစ်၊ ဟိုဟိုဒီဒီသွားတာပဲဖြစ်ဖြစ် ဓာတ်လှေကား၊ ကား၊ ဆိုင်ကယ်စီးတာမျိုးတွေလျှော့ပြီး ခြေကျင်လျှောက်ဖို့ ကြိုးစားပါ။

၂။ လှုပ်လှုပ်ရှားရှားနေပါ။

ကွန်ပျူတာရှေ့မှာ ကြာမြင့်စွာထိုင်ပြီး အလုပ်လုပ်နေတာမျိုး၊ တီဗွီရှေ့မှာ တမေ့တမောထိုင်ကြည့်နေတာမျိုးတွေလျှော့ပြီး လှုပ်လှုပ်ရှားရှား ဖြစ်စေမယ့် အရာတစ်ခုခုထလုပ်လိုက်တာ(ဥပမာ-မြူးကြွတဲ့ တေးသီချင်းတစ်ပုဒ်နဲ့ ခုန်ပေါက်ကလိုက်တာ၊ ဈေးဝယ်သွားတာမျိုး၊ အလုပ်ချိန်ထဲမှာဆိုရင်လည်း ခဏတဖြုတ်နားပြီး လမ်းလျှောက်တာ) မျိုး လုပ်ပေးပါ။

၃။ နံနက်စာစားပါ။

နံနက်စာကို အမြဲပုံမှန်စားပေးရပါမယ်။ ဒါမှ နေ့ဘက်တွေမှာ လှုပ်ရှားသွားလာမှုတွေအပေါ် မိမိကိုယ်ခန္ဓာက အထောက်အပံ့ကောင်း ဖြစ်နေပါလိမ့်မယ်။ နို့မှို့ရင် ညပိုင်းမှာ ဆာဆာနဲ့ ပိုစားမိပြီး ဝလာတတ်ပါတယ်။

၄။ ရုတ်တရက် စားသောက်ချင်စိတ်ဖြစ်လာရင် ရေသောက်လိုက်ပါ။

စိတ်ထဲမှာ ချိုအီတဲ့ မုန့်တစ်မျိုးမျိုး သို့မဟုတ် အချိုရည်စတာတွေ စားသောက်ချင်တဲ့စိတ်ဖြစ်လာရင်တော့ ရေတစ်ခွက်ထသောက်လိုက်ပါ။ နှုတ်ခမ်းစိုစွတ်မှုဟာ သင့်ရဲ့အစားအစာစားချင်တဲ့စိတ်ကို ထိန်းချုပ်ပေးပါတယ်။

၅။ သစ်သီးဝလံတွေကို အဓိကစားပါ။

အချိုကဲပြီး အဆီအဆိမ့်ပါတဲ့ အစားအစာတွေနဲ့ ဆီကြော်မုန့်တွေစားမယ့်အစား လတ်ဆတ်တဲ့ သစ်သီးဝလံတွေကိုသာ အဓိကစားပါ။ တစ်ခါတစ်ရံမှာတော့ အခွံမာသီး လက်တစ်ဆုပ်စာ သို့မဟုတ် အဆီထုတ်ထားတဲ့ ဒိန်ချဉ်တစ်ခွက် စားသောက်နိုင်ပါတယ်။

သွင်သွင်နဒီ

ပြည်တွင်းသတင်း

◆ ကျောဖုံးမှ

လေ့လာစီးနင်းလာကြသည်ကို တွေ့မြင်လာရ၏။

သို့မို့ကြောင့် ရထားပို့ဆောင်ရေးဝန်ကြီး မြန်မာ့မီးရထားသည် ရန်ကုန်မြို့ပတ်ရထားခရီးစဉ်များကို အလေးထားမြှင့်တင်လျက်ရှိ၏။

မြန်မာ့မီးရထား လက်ထောက်တိုင်းမန်နေဂျာ ဦးကျော်မြင့်က "ရန်ကုန်မြို့ပတ်လမ်းပိုင်းခရီးစဉ်ကို ၁၉၅၉ ခုနှစ်မှာ စတင်ဖွင့်လှစ်ပြေးဆွဲခဲ့ပါတယ်။ ရန်ကုန်မြို့ပတ်နဲ့ ဆင်ခြေဖုံးဆိုရင် မိုင်အားဖြင့် ၇ ဒသမ ၁၄ မိုင်ရှိတယ်။ ရန်ကုန်မြို့ပတ်သက်သက်ဆိုရင် ၂၉ ဒသမ ၀၅ မိုင်ရှိပါတယ်။ ရန်ကုန်မြို့ တစ်ပတ်လုံးကိုရထားနဲ့သွားမယ်ဆိုရင် ၂ နာရီနှင့် မိနစ် ၅၀ ကြာပါတယ်။ လက်ရှိမှာ တွဲဆိုင်း ၂၁ ဆိုင်းနဲ့ ခေါက်ရေ ၂၀၀ ပြေးဆွဲပါတယ်။ ခရီးသည်ဦးရေအားဖြင့် တစ်နေ့ (၉၀၀၀၀) ကျော်ရှိပါတယ်" ဟု ပဏာမရှင်းပြသည်။

ဆက်လက်၍ အခုဆိုကမ္ဘာလှည့်ခရီးသည်တွေလည်း မြို့တစ်ပတ်လိုက်စီးနင်းကြပါတယ်။ နိုင်ငံခြားသားဆို အမေရိကန်ဒေါ်လာ တစ်ဒေါ်လာ သတ်မှတ်ထားပါတယ်။ သာမန်ခရီးသည်ဆိုရင် ငွေကျပ် ၁၀၀ ပဲ ယူပါတယ်။ အဲဒီလက်မှတ်တစ်စောင်ငွေကျပ် ၁၀၀ မှာ ခရီးစဉ်နှစ်ခုစီးနင်းလို့ရပါတယ်။ ခရီးသည်တွေ လွယ်လွယ်ကူကူစီးလို့ရအောင် လူကြီးတွေရဲ့ အစီအမံပါ။ ငွေကျပ် ၁၀၀ တည်းနဲ့ အသွားအပြန် စီးလို့ရပါတယ်။ ဒါ့အပြင် ရန်ကုန်မြို့ထဲကနေ မင်္ဂလာဒုံသွားမယ်။ လုပ်စရာရှိတာလုပ်မယ်။ ပြီးရင် မင်္ဂလာဒုံကနေ အင်းစိန်ပြန်စီးသွားရတယ်။ အဲဒီလို နှစ်ပိုင်းစီးလို့ရအောင် စီစဉ်ပေးထားပါတယ်။ ပစ္စည်းတွေဘာတွေဆိုရင်လည်း ၁၀ပိဿာတစ်ထုပ်မှာ ငွေကျပ် ၅၀ပဲ ယူပါတယ်။ ပစ္စည်းကိုတော့ ခရီးသည်များပြားတဲ့ အချိန်မဟုတ်မှ တင်ခွင့်ပြုပါတယ်။ ခရီးသည်များပြားတဲ့ နံနက် ၈ နာရီမှ ၁၀ နာရီအထိ၊ ညနေဆို ၄ နာရီမှ ၆ နာရီအထိ ပစ္စည်းတွေ တင်ခွင့်မပေးပါဘူး၊ ကျန်တဲ့အချိန်မှာတော့ ဝင်ငွေလည်း ရအောင် နောက်ပြီး အခြေခံလူတန်းစားတွေပစ္စည်းတွေနဲ့ လွယ်လွယ်ကူကူ သွားလို့ရအောင် ရည်ရွယ်ချက်နဲ့ပါ။ တညင်းကုန်းဘူတာဆိုပြည်ဘက်က ကုန်စိမ်းရထားနဲ့လာတဲ့ ဟင်းသီးဟင်းရွက်တွေကို တစ်မြို့လုံးမှာရှိတဲ့ ဈေးတွေကို ဖြန့်ဖြူးကြတယ်။ အခြေခံလူတန်းစားတွေက ရထားနဲ့သွားတဲ့အခါ အလွန်သက်သာတာပေါ့။ ကားတစ်စီးသာ ငှားမယ်ဆိုရင် ကုန်ကျစရိတ်တွေ အလွန်များသွားပါလိမ့်မယ်။ ရန်ကုန်မြို့သူ မြို့သားတွေအတွက်လည်း အများကြီးဈေးမြင့် သွားပါလိမ့်မယ်။ ကျွန်တော်တို့ မြို့ပတ်ရထားကို လူချည်းသက်သက် ပြေးဆွဲချင်ပေမယ့် ဒါတွေကို ထည့်သွင်းစဉ်းစားပြီး ခရီးသည်များပြားတဲ့အချိန်မျိုး မဟုတ်တဲ့အချိန်မှာ ၁၀ပိဿာကို ငွေကျပ် ၅၀နဲ့ ခွင့်ပြုပေးထားတာဖြစ်ပါတယ်။ အခြေအနေ အရပ်ရပ်ကို ချိန်ဆပြီးတော့ အချိန်သတ်မှတ်ချက်နဲ့ ခွင့်ပြုပေးထားတာဖြစ်ပါတယ်။ ပြည်သူတွေ အနေနဲ့လည်း ဒီအခြေအနေကိုသိစေချင်ပါတယ်"ဟု ရှင်းလင်းပြောကြားသည်။

မြန်မာ့မီးရထားလက်ထောက်အထွေထွေမန်နေဂျာ ဦးကျော်ကျော်မျိုးက "မြို့ပတ်ရထားကို ဒီ့ထက်ထပ်ပြီး အဆင့်မြှင့်သွားဖို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်"ဟု ဤသို့ရှင်းပြသည်။

ယင်းနောက် ရန်ကုန်အဝင်မြို့ပတ်ရထားပြေးဆွဲမှုနှင့် စပ်လျဉ်း၍ "ရုံးချိန်မှာဆို ခပ်စိပ်စိပ်လေး ပြေးဆွဲပေးပါတယ်။ နံနက်ပိုင်းဆို အင်းစိန်ကငါးစင်း၊ မင်္ဂလာဒုံက လေးစင်း၊ တိုးကြောင်ကလေးက သုံးစင်း ပြေးဆွဲတယ်။ ရန်ကုန်ဘူတာကြီးကို အဝင်ချည်းပဲ ၁၂ စင်း ပြေးဆွဲတယ်။ ညနေပိုင်းဆိုရင်လည်း ရုံးချိန်ညနေ ၄နာရီကနေ ညနေ ၆ နာရီမှာ ရန်ကုန်ဘူတာကြီးကနေ အင်းစိန်ဘက်ကို ငါးစင်း၊ မင်္ဂလာဒုံဘက်ကို လေးစင်း၊ တိုးကြောင်ကလေးဘက်ကို သုံးစင်း အားလုံး ၁၂စင်းပြေးဆွဲပေးတယ်။ လက်ရှိအနေအထားမှာ တွဲတွေကို ခြောက်တွဲဆိုင်းတွေ ချိတ်ပေးထားတယ်။ အနည်းဆုံး ငါးတွဲဆိုင်းတွေချိတ်ပေးထားတယ်။ တစ်ခါတစ်ရံမှာသာ လေးတွဲဆိုင်း ချိတ်ပေးထားတာပါ။ ငါးတွဲဆိုင်းချိတ်ပေးထားရင် အရင်တုန်းကလို တိုးလိုတွဲလောင်း အခြေအနေမျိုးမရှိပါဘူး။ မတ်တတ်ရပ်စီးရင်တောင် သက်သောင့်သက်သာ စီးလို့ရပါတယ်" ဟု ရှင်းပြသည်။

တက္ကသိုလ်များသို့ ပြေးဆွဲပေးနေမှုနှင့်စပ်လျဉ်း၍ "ကျောင်းဖွင့်ချိန်မှာ ကျောင်းသား၊ ကျောင်းသူတွေ စီးကြပြီး ပိတ်ရက်ဆိုရင် ပြည်သူတွေ စီးကြတယ်။ ဒဂုံတက္ကသိုလ်ဆို အသွားအပြန် ၁၈ စင်း၊ စီးပွားရေးတက္ကသိုလ်(ရွာသာကြီး)ကို အသွားအပြန် ၁၆စင်း၊ အရှေ့ပိုင်းတက္ကသိုလ် (တာဝ)ကို အသွားအပြန် ၁၂ စင်း ပြေးဆွဲပေးပါတယ်။ နံနက်ပိုင်းနဲ့ ညနေပိုင်းတွေမှာ ဦးစားပေးပြေးဆွဲပေးနေပါတယ်။ ကွန်ပျူတာတက္ကသိုလ်ဆိုလည်း အသွားအပြန်လေးကြောင်း ပြေးဆွဲပေးပါတယ်။ ကျောင်းသားတွေအတွက် လသုံးလက်မှတ် အထူးဆိုရင်လည်း တစ်လလုံး ကြိုက်သလို စီးနင်းပါ ငွေကျပ် ၁၁၅၀ပဲ ယူပါတယ်။ အရပ်သားဆိုရင် ငွေကျပ် ၁၇၀၀ယူပါတယ်။ အလကားနီးပါး ပြေးဆွဲပေးနေတာပါ"ဟု ဆိုသည်။

ဆက်လက်၍ "မြို့ပတ်ရထားတွေ လောလောဆယ် ပြေးဆွဲမှုကတော့ ရှိတဲ့အင်အားစုနဲ့ အဲဒီအတိုင်း အတာပေါ်မှာပဲ ပြေးဆွဲနေရတဲ့ အနေအထားမျိုးရှိပါတယ်။ ရှိတဲ့ အင်အားစုနဲ့ အကောင်းဆုံးဖြစ်အောင်လုပ်နေတယ်။ ရထားအချိန်မှန်ကန်ဖို့ရယ်၊ တွဲတွေ စက်ခေါင်းတွေ ကောင်းမွန်ဖို့ရယ်၊ မြို့ပတ်ဘူတာ ၃၈ ရုံ အတော်များများလည်း ဘူတာရုံ အဆောက်အအုံတွေ သစ်လွင်ကောင်းမွန်ဖို့ မြန်မာ့မီးရထားက ဆောင်ရွက်နေပါတယ်။ မြို့ပတ်တစ်လမ်းလုံးဆိုရင်လည်း ရထားလမ်းတစ်လျှောက်လုံး ကွန်ကရစ်ဇလီဖားတုံးတွေ လဲထားပါတယ်။ ကျောက်တွေလည်းထည့်နေပါတယ်။ လက်ရှိမှာ မြို့ပတ်ကို ၂၅ မိုင်နှုန်းနဲ့ မောင်းနေပါတယ်။ လမ်းပိုင်းဆိုင်ရာကို ကျွန်တော်တို့ရှိတဲ့အားနဲ့ လုပ်နေပါတယ်။ နောက်ပိုင်း နိုင်ငံခြားအကူအညီရတော့လည်း တစ်ပိုင်းပေါ့ဗျာ"ဟု ပြောကြားသည်။

မြန်မာ့မီးရထား လက်ထောက်တိုင်းမန်နေဂျာ ဦးကျော်မြင့်က လက်ရှိ ရန်ကုန်မြို့ပတ်ရထားစီးခရီးစဉ်ပြေးဆွဲမှုနှင့် စပ်လျဉ်း၍ အကျယ်တဝင့်ရှင်းလင်းပြောကြားစဉ်။

ရထား အထူးတွဲဆိုင်းများထည့်သွင်းပြေးဆွဲမှုနှင့် ပတ်သက်၍ "ပြည်ထောင်စုဝန်ကြီးရဲ့ အစီအစဉ်နဲ့ ရန်ကုန်မြို့ပတ်နဲ့ လှော်ကားလမ်းပိုင်းအတွက် ကန်စွန်း၊ ခရမ်း၊ ဆဒ္ဒန်၊ ဇီယာနဲ့ သရက်လို့ အမည်ပေးထားတဲ့ တွဲဆိုင်းငါးတွဲကို စတင်ချိတ်ဆက်ပြီး ဧပြီ ၁၇ ရက်မှာ ပြေးဆွဲနေပါပြီ။ ဒါကတော့ ရန်ကုန်မြို့ပတ် အဆင့်မြှင့်တင်ရေးရဲ့ အစိတ်အပိုင်းတစ်ရပ်အနေနဲ့ပြေးဆွဲနေပါတယ်။ ရည်ရွယ်ချက်က သီးသီးသန့်သန့်စီးချင်တဲ့ ခရီးသည်တွေ အတွက်ပါ။ ပန်ကာ၊ လျှပ်စစ်မီး တပ်ဆင်ထားပြီး ၆၂ ခုံပါပါတယ်။ မတ်တတ်ခရီးသည် ၃၀ စီးနိုင်တယ်။ တွဲထိန်း၊ လက်မှတ်သိမ်း၊ လုံခြုံရေး အစောင့်အရှောက်ပါတယ်။ နိုင်ငံခြားသားတွေ အတွက်ကတော့ ပုံမှန် အမေရိကန်တစ်ဒေါ်လာပါပဲ။ ပြည်သူတွေအတွက် လက်မှတ်ခကတော့ ငွေကျပ် ၂၀၀ ဖြစ်ပါတယ်။ ခရီးစဉ်ကတော့ တစ်ပိုင်းပဲ။ ကုန်ပစ္စည်းတွေကတော့ တင်ခွင့်မရှိပါဘူး။ ပစ္စည်းတင်ရင် ဒဏ်ငွေ ၂၀၀၀ ရိုက်ပါတယ်။ ပစ္စည်းတွေကိုလည်း နီးစပ်ရာဘူတာမှာ ချထားမှာ ဖြစ်ပါတယ်။ စစဆွဲတဲ့နေ့မှာပဲ ခရီးသည် ၁၀၇၉ ဦး စီးနင်းပါတယ်။ တစ်ရက်ထက်တစ်ရက် တိုးတိုးစီးနင်းလာတာကို တွေ့ရပါတယ်။ ခရီးသည်တွေ သက်သောင့်သက်သာနဲ့ စီးနင်းနိုင်လို့ ကျေနပ်တဲ့အသံတွေကိုလည်း ကျွန်တော်ကိုယ်တိုင် နားထောင်ခဲ့ပါတယ်။ လက်ရှိအနေအထားကို ရုံးချုပ်ကို တင်ပြထားပြီး အောင်မြင်မယ်ဆိုရင် ဆက်ပြီးလုပ်ကိုင်သွားဖို့ အစီအစဉ်ရှိပါတယ်" ဟု ရှင်းလင်းပြောကြားပေးသည်။

မြန်မာ့မီးရထားမှ လက်ထောက်အထွေထွေမန်နေဂျာ ဦးကျော်ကျော်မျိုးကလည်း "ရထားစီးပြည်သူများအနေနဲ့လည်း ကူညီပေးကြပါ။ မီးရထားကို ကူညီတဲ့အနေနဲ့ ရထားလက်မှတ်ကို မပျက်မကွက်ဝယ်ယူစီးနင်းကြပါ။ ရထားပေါ်မှာလည်း ဆေးလိပ်သောက်တာ၊ အမှိုက်ပစ်တာ၊ ကွမ်းတံတွေးထွေးတာမျိုးတွေ မပြုလုပ်ကြဖို့ လူကူးခုံးကျော်တံတားတွေပေါ်ကလည်း စနစ်တကျ ဖြတ်သန်းကြဖို့ အထူးသတိပြုစေချင်ပါတယ်။ မြို့ပတ်ရထားကို ဒီ့ထက်ထပ်ပြီး အဆင့်မြှင့်သွားဖို့လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်" ဟုပြောကြားသည်။

မိုဘိုင်းဖုန်း Sim Card များ မှောင်ခိုဈေးကွက်ရောက်

တာချီလိတ် ဧပြီ ၂၄

နိုင်ငံတော်အစိုးရက ပြည်သူများ လူမှုဘဝမြင့်မားရေးရည်သန်လျက် တန်ဖိုးနည်းမိုဘိုင်းဖုန်းများကို ယနေ့ ဧပြီ ၂၄ ရက်တွင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် စတင်ရောင်းချပေးခဲ့ရာ နိုင်ငံတော်၏ စေတနာကို မျက်ကွယ်ပြုသူအချို့ကြောင့် တန်ဖိုးနည်းမိုဘိုင်းဖုန်း Sim Card အချို့မှာ မှောင်ခိုဈေးကွက်သို့ နာရီပိုင်းအတွင်း ရောက်ရှိသွားခဲ့သည်ကို တွေ့ရှိရသည်။

"ဖေ့ဘွတ်ပေါ်မှာ ထုတ်ဈေး ၁၅၀၀၊ ကောက်ဈေး ၃၀၀၀၀၊ ဆိုင်ရောင်းဈေး ငါးသောင်းမှ ခြောက်သောင်းဆိုပြီး သတင်းတွေတက်လာတယ်၊ ပထမ ကျွန်တော် မယုံနိုင်ဘူးဖြစ်နေတယ်။ ညနေပိုင်းမှာပဲ မန္တလေးမှာ ဖုန်းဟန်းဆက်ရောင်းဆိုင်ဖွင့်ထားတဲ့ မိတ်ဆွေတစ်ယောက်က အင်တာနက်ကနေလှမ်းပြီး ဆက်သွယ်လာတယ်၊ ဖုန်းကတ်လျှောက်ထားလား၊ ရရင်ပြန်ရောင်းမလား၊ ခုလောလောဆယ် ကောက်ဈေး သုံးသောင်းရှိတယ်၊ ရက်ကြာနေရင်တော့ ဈေးကျသွားနိုင်တယ်ဆိုပြီး ပြောဆိုလာတော့မှ ကျွန်တော် တော်တော်အံ့ဩသွားတယ်" ဟု ဖုန်းကတ်ပြန်ရောင်းရန် မေးမြန်းခံရသူတစ်ဦးက ပြောပြသည်။

"နံနက် ၃ နာရီကတည်းက ရက်ကွက်ရုံးမှာ သွားတန်းစီနေရတာဗျ၊ စရောင်းတော့ နံနက် ၁၀ နာရီမှလေ၊ တစ်နေကုန် နေပူကြီးထဲ စောင့်နေရတော့ တချို့လည်း အပင်ပန်းခံပြီးတန်းစီမနေတော့ဘဲ အမြတ်ပေးပြီး ဝယ်လိုက်ကြတော့တာပဲ"ဟု မန္တလေးမြို့မှ လူငယ်တစ်ဦးက ပြောပြသည်။

"နိုင်ငံတော်က လူတိုင်းကိုင်နိုင်အောင် ဆောင်ရွက်ပေးသွားမှာပါ၊ လစဉ် ပုံမှန်ရောင်းချပေးသွားမှာပါ။ ဒါကို ဆန္ဒတွေစောပြီး ဝယ်/ရောင်းတွေလုပ်ကြတော့ မှောင်ခိုဈေးကွက် သဘောဖြစ်သွားတာပေါ့" ဟု မြို့ခံတစ်ဦးက ရင်ဖွင့်သည်။

ပြည်သူများအနေဖြင့် စက်ကိရိယာများ တပ်ဆင်မှုမပြီးစီးသေးမီ အချိန်ကာလအတွင်း ဆက်သွယ်မှုစွမ်းအားအတိုင်းအတာကို ချိန်ဆလျက် နိုင်ငံတော်မှလစဉ်ပုံမှန်ရောင်းချပေးသွားမည့် တန်ဖိုးနည်းမိုဘိုင်းဖုန်းများအား အတိုင်းအတာတစ်ရပ်အထိ သည်းခံစောင့်ဆိုင်းပေးခြင်းဖြင့် မှောင်ခိုဈေးကွက် ပပျောက်သွားမည်ဖြစ်ကြောင်း သုံးသပ်မှုများလည်း ရှိသည်။

မောင်ယဉ်ကျေး(တာချီလိတ်)

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

လူ့စွမ်းအားအရင်းအမြစ်သင်တန်းများ ဖွင့်လှစ်မည်

မန္တလေး ဧပြီ ၂၄

လူ့စွမ်းအားအရင်းအမြစ်များကို အထောက်အကူပေးမည့် သင်တန်းများအား မေ ၂ ရက်တွင် သမဝါယမကူးသန်းရောင်းဝယ်ရေးသင်တန်းကျောင်း၌ ဖွင့်လှစ်မည်ဖြစ်သည်။

ဖွင့်လှစ်မည့်သင်တန်းများမှာ စာရင်းကိုင်သင်တန်း၊ ကွန်ပျူတာသင်တန်း၊ လက်နှိပ်စက်သင်တန်းတို့ဖြစ်ကြပြီး သင်တန်းကာလ သုံးလခွဲဖြစ်ကြောင်း၊ ပညာအရည်အချင်းအခြေခံပညာအထက်တန်းသင်ယူခြင်းအဆင့်ရှိရမည်ဖြစ်ပြီး တက်ရောက်လိုပါက မန္တလေးမြို့ ၈၃ လမ်း၊ ၂၅-၂၆ လမ်းကြားသို့ ဆက်သွယ်စုံစမ်းနိုင်သည်ဟု သိရသည်။ **ကျော်မင်းသော်**

မိုးညှင်းမြို့နယ် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး

မိုးညှင်း ဧပြီ ၂၄

မိုးသက်လေပြင်းနှင့် မိုးကြိုးသဘာဝကြောင့်ဖြစ်ပေါ် စေတတ်သော အန္တရာယ်ကို ကာကွယ်နိုင်ရန်နှင့် အများပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရန်အတွက် ကချင်ပြည်နယ် မိုးညှင်းမြို့ ၄၀၀ ဗို့ လျှပ်စစ်ဓာတ်အားလိုင်းပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း ဧပြီ ၂၂ ရက်က တွေ့မြင်ခဲ့ရသည်။

လုပ်ငန်းခွင်တွင် ဦးဆောင်နေသူအား လုပ်ငန်းဆောင်ရွက်မှု အခြေအနေကိုမေးမြန်းရာ "မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးလှကျော်က မိုးညှင်းမြို့ပေါ် ပြည်ထောင်စုလမ်း၊ မင်းရဲကျော်စွာလမ်း၊ နားခါ၊ စည်ပင်သာယာဈေးလမ်း၊ အနော်ရထာလမ်းများတစ်လျှောက်ရှိ ၄၀၀ ဗို့လိုင်း လျှပ်စစ်သံဓာတ်တိုင်များမှာ Earth Wire,Earth Bar တပ်ဆင်ခြင်းနဲ့ မြေဓာတ်ချခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်ကြတာဖြစ်ပါတယ်။ လုပ်ငန်းပိုင်းတွေမှာ လိုင်းတာဝန်ခံ ဦးထီဆယ်ဝမ်ဒီးတန်နဲ့ လိုင်းအဖွဲ့ ဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်ကြပါတယ်။ လုပ်ငန်းရည်ရွယ်ချက်က လျှပ်စစ်သံဓာတ်တိုင်များတွင် အများပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေဖို့အတွက် ဖြစ်ပါတယ်" ဟု ပြောကြားသည်။ **(ဝဇ၃)**

တစ်အိမ်ထောင် တစ်ကတ်နှုန်း ရောင်းချ

မန္တလေး ဧပြီ ၂၄

ဧပြီ ၂၄ရက်တွင် မန္တလေးတိုင်းဒေသကြီးအတွင်း ရောင်းချပေးမည့် ဆင်းကတ်အရေအတွက် ၆၅၀၀၀ကို သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်များမှ မိုဘိုင်းဖုန်းများမရရှိသေးသည့် ဝန်ထမ်းများနှင့် ပြည်သူများအား နယ်မြေအလိုက် လူဦးရေအချိုးအလိုက် အိမ်ထောင်စုတစ်စုလျှင် ဆင်းကတ်တစ်ကတ်နှုန်း ရောင်းချပေးမည် ဖြစ်သည်။

အဆိုပါ ဆင်းကတ်များ လျှောက်ထားရာတွင် အိမ်ထောင်စုစာရင်း(မူရင်း)နှင့် (မိတ္တူ)တစ်စုံ၊ ပတ်စပို့ဓာတ်ပုံနှစ်ပုံတို့ဖြင့် သက်ဆိုင်ရာခရိုင်၊ မြို့နယ်ရပ်ကွက်အလိုက် အထွေထွေအုပ်ချုပ်ရေးမှူးများ ရဲတပ်ဖွဲ့မှူးများနှင့် ဆက်သွယ်ရေး အရာထမ်းများပါဝင်သည့် ရောင်းချရေးကော်မတီမှတစ်ဆင့် ရောင်းချပေးမည်ဖြစ်သည်။ တိုင်းဒေသကြီးအတွင်း တပ်ဆင်ပြီး ရေဒီယိုတိုင် စခန်းပေါင်း ၅၁ ခု၏ လိုင်းဆွဲအားအရ ယခုရောင်းချပေးမည့် အစီအစဉ်၌ ဆင်းကတ်ပေါင်း ၃၂၄၀၀ နှင့် ကျန်ခရိုင်ခြောက်ခု၌ ဆင်းကတ် ၃၂၆၀၀ တို့ကို ရောင်းချပေးမည်ဖြစ်သည်။ ဧပြီလအတွက် ခွဲဝေရရှိသည့် CDMA 800 MHz SIM Card များကို ဝယ်ယူခွင့်မရရှိသော ဝန်ထမ်းများနှင့် အိမ်ထောင်စုဝင်များအား နောက်လများတွင် မန္တလေးတိုင်းဒေသကြီးအတွက် ခွဲဝေရရှိမည့် ဆင်းကတ်များကို လစဉ်ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(ဝ၄ဝ)**

လေပြင်းတိုက်ခတ် နေအိမ်ပေါ်သစ်ပင်ကျိုးကျ

အမရပူရ ဧပြီ ၂၄

အမရပူရမြို့နယ် ငယ်တိုးတိုက်နယ်ကျေးရွာအုပ်စု ဈေးကုန်းရပ်ကွက်တွင် ဧပြီ ၂၂ ရက် ညပိုင်းက လေပြင်းတိုက်ခတ်မှုကြောင့် လက်ပံပင်ကျိုး၍ နေအိမ်ပေါ်သို့ကျရောက်ကာ လူနှစ်ဦးပိနေမှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဧပြီ ၂၂ ရက်ည၈ နာရီခွဲခန့်က လေပြင်းတိုက်ခတ်မှုကြောင့် ဈေးကုန်းရပ် ကိုဌေးဝင်းအိမ်ရှေ့နားရှိ လက်ပံပင် ပင်စည်ရင်းမှ ကျိုးကျပြီး ကိုတင့်-မစန်းရီ ဈေးဆိုင်နှင့် ကိုထက်နိုင်-မနွယ်နွယ်ဦး လက်ဖက်ရည်ဆိုင်ပေါ်သို့ လဲကျသွားခြင်းကြောင့် ဈေးဆိုင်မှ မစန်းရီ နှင့်ဈေးဝယ်လာသူ မောင်ပြည့်မှာ ဈေးဆိုင်နှင့် လက်ပံပင်လုံးအောက်၌ ညှပ်ပိမိနေလျက်ရှိရာ အမရပူရမြို့နယ်ရဲတပ်ဖွဲ့မှ တာဝန်ရှိသူများ၊ ကြက်ခြေနီနှင့်မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ ရောက်ရှိကာ ကရိန်းကားနှစ်စီးအကူအညီဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ကယ်ဆယ်ခဲ့ရာ ည ၁၁ နာရီကျော်တွင် မောင်ပြည့်နှင့်မစန်းရီတို့အား လက်ပံပင်လုံးအောက်မှကယ်တင်နိုင်ခဲ့ပြီး သက်ဆိုင်ရာဒေသတာဝန်ရှိသူများက ဆက်လက်၍ ဆေးကုသမှုခံယူနိုင်ရန် မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ကြောင်း၊ အဆိုပါ လူနာနှစ်ဦးမှာ မစိုးရိမ်ရကြောင်း ဒေသခံတစ်ဦးမှ ပြောကြားသည်။ **တင်မောင်(မန္တလေး)**

လေပြင်းတိုက်ခတ်စဉ် ဆီတွဲပေါ်မှ ပြုတ်ကျသေဆုံး

အမရပူရ ဧပြီ ၂၄

အမရပူရမြို့နယ် ရွှေကြက်ယက်ကျေးရွာအုပ်စု ဂဲရွှေးကျေးရွာအနီး ဆိပ်ကမ်းတွင် ဧပြီ ၂၂ ရက် ည ၈ နာရီ ၅၅ မိနစ်တွင် ဖုန်းကြွယ် (၂၈ နှစ်) ကျွန်းဖိုပင်ရွာ ဝါယာအုပ်စု ရေစကြိုမြို့နေသူ ထက်အောင်ကျော် (ဆီတွဲအမှတ်အိုပီ ၂၅၆)၏ နောက်ဘယ်ဘက်အစွန်းရှိ ဗောကွင်းအား ပြုပြင်နေစဉ် လေပြင်းတိုက်ခတ်မှုကြောင့် ဖုန်းကြွယ်မှာ ဆီတွဲနှစ်ခုကြားသို့ကျသွားပြီး ဦးခေါင်းဒဏ်ရာရရှိကာ သေဆုံးခြင်းဖြစ်ကြောင်း၊ သေဆုံးသူ ဖုန်းကြွယ်အား သက်ဆိုင်ရာမှ မန္တလေးပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ထားရှိကြောင်းနှင့် ဓမ္မတာတိုင်းသေဆုံးခြင်းဟုတ် မဟုတ် သေမှုသေခင်းဖွင့်၍ စစ်ဆေးဆောင်ရွက်သွားမည် ဖြစ်ကြောင်းသိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

ကျောက်ပန်းတောင်းမြို့နယ်မှ သောက်သုံးရေခက်ခဲသော ရိုးခြားကျေးရွာ၌ စက်ရေတွင်းတူးဖော်အောင်မြင်

ကျောက်ပန်းတောင်း ဧပြီ ၂၄

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် သောက်သုံးရေခက်ခဲသည့် ကျေးရွာများအား သန့်ရှင်းသောသောက်သုံးရေ လုံလောက်စွာ ရရှိစေရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ ပံ့ပိုးကူညီမှုများဖြင့် စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့အစီအစဉ်ဖြင့် မြို့နယ်စည်ပင်သာယာမှ တူးဖော်ဆောင်ရွက်ခဲ့သော ရိုးခြားကျေးရွာစက်ရေတွင်းမှာ သန့်ရှင်းသောသောက်သုံးရေများ လုံလောက်စွာရရှိနေပြီဖြစ်၍ ကျေးရွာနေပြည်သူများစိတ်ချမ်းမြေ့စွာ ခပ်ယူသုံးစွဲနေကြပြီဖြစ်ကြောင်း သိရသည်။

"ဒီရွာစက်ရေတွင်းက ၄ လက်မတွင်းပါ။ အနက်ပေ ၄၄၀ ကျော်မှ ရေကြောစတွေ့တာပါ။ မြေအနေအထားက ဂေါင်းဒီတောင်ကြောရဲ့ မီးသင့်ကျောက်အပေါ်လွှာအနေအထားဖြစ်တဲ့အတွက် နေရာ လေးနေရာ ပြောင်းပြီး ကျောက်လွှာပြတ်ရွေ့ကြောနဲ့လွတ်မဲ့နေရာကို စမ်းသပ်ပြီး အတော်ခက်ခက်ခဲခဲတူးခဲ့ရတာပါ။ ရေအရည်အသွေးကောင်းမွန်ပြီး ပုံမှန်ထုပ်ယူသုံးစွဲမယ်ဆိုရင် တစ်နာရီကိုရေဂါလန် ၂၀၀၀ နှုန်းထုတ်ယူ သုံးစွဲနိုင်ပါတယ်။ လက်ရှိအခြေအနေအရ၊ ရေစုကန်ဆောက်လုပ်မပြီးစီးခင် မိုးကာကန်ယာယီပြုလုပ်ပြီး ကျေးရွာပြည်သူများကို ဖြန့်ဝေပေးလျက်ရှိပါတယ်"ဟု မြို့နယ်စည်ပင်သာယာမှ အငယ်တန်းအင်ဂျင်နီယာ ဦးသန်းမင်းတင်က ပြောသည်။

ရိုးခြားကျေးရွာတွင် အိမ်ခြေ ၁၅၀၊ လူဦးရေ ၈၀၀ ကျော်ရှိပြီး ယခင်က မိုးလှောင်ကန်ရေနှင့် လက်ယက်တွင်းရေကိုသာမှီခိုအားထားခဲ့ရသောကျေးရွာဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ) (၄၁၈)**

မီးဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့်အသုံးအဆောင်များလှူဒါန်း

မန္တလေး ဧပြီ ၂၄

မန္တလေးချမ်းမြသာစည်မြို့နယ် တမ္ပဝတီရပ်ကွက် မီးဘေးသင့်ခံရသူများအတွက် စေတနာရှင်များမှ အလှူငွေနှင့် အသုံးအဆောင်ပစ္စည်းများကို လာရောက်လှူဒါန်းကြရာ အိမ်ထောင်စု ၁၅၃ စု၊ လူဦးရေ ၆၆၇ အတွက် ယနေ့အထိ လှူဒါန်းမှုများမှာ အလှူငွေကျပ် ၂၇၆ သိန်း သုံးသောင်းရှိပြီဖြစ်သည်။

အိမ်ထောင်စုများအတွက် လိုအပ်သော အသုံးအဆောင်ပစ္စည်းများဖြစ်သည့်စောင်၊ ခေါင်းအုံး၊ အဝတ်အထည်မှစပြီး စားသောက်ဖွယ်ရာများ၊ ရေသန့်ဘူးများလည်း လာရောက်လှူဒါန်းလျက်ရှိသည်။ အိမ်ထောင်စုတစ်စုလျှင် ဆန်လေးအိတ်နှုန်းဖြင့် လှူဒါန်းပေးနိုင်ပြီး အလှူငွေများကိုလည်း မီးဘေးသင့်ခံပြည်သူများကို တိုက်ရိုက်လှူဒါန်းနိုင်သည်။ အလှူရှင်များအနေဖြင့် အလှူငွေနှင့်အသုံးအဆောင်ပစ္စည်းများ လှူဒါန်းနိုင်ရန်အတွက် ချမ်းမြသာစည်မြို့နယ် တမ္ပဝတီရပ် ချီပါအနောက်ရပ်ကွက် သာသနာ့ဂုဏ်ရည် ဓမ္မာရုံ၌ ဖွင့်လှစ်ထားသော အလှူငွေနှင့် အလှူခံဌာန ဖုန်း-၀၉-၂၀၁၆၇၀၆ နှင့် ၀၉-၂၀၀၃၅၉၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

မီးဘေးသင့်ခံရသူများအတွက် လုပ်ငန်းများ စနစ်တကျဖြစ်စေရေးအတွက် ချမ်းမြသာစည်မြို့နယ် အုပ်ချုပ်ရေးမှူး၏ ကြီးကြပ်မှုဖြင့် ကော်မတီဖွဲ့စည်းကာ ရပ်မိရပ်ဖငါးဦး၊ မီးဘေးသင့်ခံရသူခြောက်ဦးတို့အား ပါဝင်ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။ **(အပေါ်ပုံ) တင်မောင်(မန်းကိုယ်ပွား)**

လယ်ယာမြေမှတ်ပုံတင်များ ထုတ်ပေး

ကျောက်ပန်းတောင်း ဧပြီ ၂၄

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် မြေစာရင်းဦးစီးဌာနအနေဖြင့် လယ်ယာမြေမှတ်ပုံတင်တောင်းခံလျှောက်ထားသည့်တောင်သူများအား ဧပြီ ၂၂ ရက် မှစတင်၍ မှတ်ပုံတင်လက်မှတ်များ စတင်ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

ကျောက်ပန်းတောင်းမြို့နယ်သည် ကျေးရွာအုပ်စု ၁၀၉ အုပ်စု၊ ကျေးရွာပေါင်း ၃၃၉ ရွာရှိရာ တောင်သူဦးရေ ၁၃၄၈၁၆ ဦးရှိပြီး ဦးပိုင်ပေါင်း ၁၈၅၇၇၄ ရှိသဖြင့် အဆိုပြုတင်ပြထားသော လယ်ယာမြေမှတ်ပုံတင်များကို အချိန်နှင့်တစ်ပြေးညီထုတ်ပေးသွားနိုင်ရေးအတွက် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့နှင့် မြို့နယ်မြေစာရင်းဦးစီးဌာန ဝန်ထမ်းများက အားသွန်ခွန်စိုက်စီစဉ်ဆောင်ရွက်လျက်ရှိရာ ဧပြီလအတွင်း ဦးပိုင်ပေါင်း ၄၇၆၃ ခု အပြီးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ကိုနေ(ကျောက်ပန်းတောင်း)**

ပညာရေးကွက်လပ်လေး ဖြည့်ဆည်းပေးစေချင်

ရေစကြိုမြို့စွန်တစ်နေရာရှိ ပဲဆန်ကြော်လုပ်ငန်းတစ်ခုသို့အသွား ပဲများရွေးနေသော အမျိုးသမီးငယ်လေးတစ်ဦးကို အမှတ်မထင်တွေ့မြင်စကားပြောမိရာက သူ၏ပညာသင်ကြားရေးလိုအပ်ချက်ကို သိရှိခဲ့ရသည်။

သမီးငယ်၏အမည်မှာ မဖြူဖွေးသန့်ဖြစ်ပြီး B.Tech(First Year) ဖြေဆိုထားကာ နည်းပညာတက္ကသိုလ်ကျောင်းသူ အင်ဂျင်နီယာလောင်းတစ်ဦးဖြစ်သည်ဟု ဆိုရမည်။ **(အောက်ပုံ)**

၎င်း၏ပြောပြချက်အရ ဖခင်ကွယ်လွန်သွားပြီဖြစ်ပြီး မောင်နှမခုနစ်ယောက်အနက် လက်ရှိအိမ်၌ သမိုင်းအဓိကနှင့်ဘွဲ့ရထားသည့် အစ်မ၊ ၁၀ တန်းတက်မည့် ညီမလေး၊ အမေတို့နှင့်အတူ နေထိုင်ကြသည်။ နေ့စဉ်ဝမ်းရေးအတွက် ပဲရွေးကာ ဖြေရှင်းနေရပြီး အချိန် ၃၀ ပဲအိတ်တစ်အိတ်ရွေးခ ငွေကျပ် ၅၀၀ နှင့် မိသားစုသုံးဦး တစ်နေ့ဝင်ငွေကျပ် ၄၅၀၀-၅၀၀၀ ရကြောင်း ပြောပြသည်။

"သမီးအခက်အခဲက လာမယ့်ပညာသင်နှစ်မှာ ဆက်လက်ပညာသင်ကြားဖို့ ငွေကြေးအခက်အခဲရှိနေတယ်"ဟု ပြုံးပြီးပြောနေရာမှ စကားအဆုံး၌ အပြုံးမပါ ညှိုးငယ်သွားရှာသည်။

မဖြူဖွေးသန့်ကဲ့သို့ ကလေးများ တစ်နိုင်ငံလုံး၌ မည်မျှရှိနေကြမည်နည်း။ အကယ်၍ မဖြူဖွေးသန့်တစ်ယောက် လာမည့်ပညာသင်နှစ်တွင် ဆက်လက်ကျောင်းမတက်ဖြစ်ခဲ့သော် သူမ၏ဘဝ ဘာဖြစ်သွားမည်နည်း။ နိုင်ငံအတွက်ရော အင်ဂျင်နီယာတစ်ယောက်ဆုံးရှုံးသွားရတော့မှာလားဟူသည့် အတွေးများက ကျွန်တော့်ဘဝင်၌ မအေးနိုင်ကာ ရင်လေးခဲ့ရပါသည်။

အကယ်၍များ သမီးလေး မဖြူဖွေးသန့်အတွက် မိသားစုအတွက်၊ ဒေသအတွက်၊ နိုင်ငံအတွက် အင်ဂျင်နီယာတစ်ယောက်အသွင် မြင်တွေ့လိုသူ၊ ပညာဒါနပြုလိုသူ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများရှိပါက ဖုန်း-၀၉-၄၀၁၆၆၀၀၀၁ သို့ ဆက်သွယ်နိုင်ပါကြောင်း လေးစားစွာ ရေးသားအပ်ပါသည်။ **ဖေထွဏ်းဇော်(ရေစကြို)**

ဥပဒေဘောင်တွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

နွေရာသီဖိတ်ခေါ် ဘတ်စကက်ဘောပြိုင်မည်

ရန်ကုန် ဧပြီ ၂၄

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်တို့ ပူးပေါင်း၍ ၂၀၁၃ ခုနှစ် နွေရာသီ ဖိတ်ခေါ် 3on3 ဘတ်စကက်ဘော ပြိုင်ပွဲကို မေ ၁၁ ရက်မှ ၁၃ ရက်အထိ ရန်ကုန်မြို့ အောင်ဆန်းအားကစား ပြိုင်ဝင်း မိုးလုံလေလုံအားကစားရုံ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် အမျိုးသား အမျိုးသမီးအလွတ်တန်း၊ အသက် (၁၆ နှစ်)အောက်နှင့် အသက်(၁၈ နှစ်) အောက် အမျိုးသား အမျိုးသမီးပြိုင်ပွဲ များကို ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲဝင်အသင်း တစ်သင်းလျှင် လေးဦးဖြင့် ဖွဲ့စည်းရမည် ဖြစ်သည်။ အသက်(၁၆ နှစ်)အောက် ပြိုင်ပွဲ အတွက် ၁၉၉၇ ခုနှစ်နှင့် နောက်ပိုင်း မွေးဖွားသူဖြစ်ရမည်ဖြစ်ပြီး အသက် (၁၈ နှစ်)အောက် ပြိုင်ပွဲအတွက် ၁၉၉၅ ခုနှစ်နှင့် နောက်ပိုင်းမွေးဖွား သူများဖြစ်ရမည်။

စုံစမ်း

အသက် (၁၆ နှစ်)အောက်ပြိုင် ပွဲနှင့် အသက်(၁၈ နှစ်)အောက်ပြိုင် ပွဲအတွက် မှတ်ပုံတင်မိတ္တူပူးတွဲ တင်ပြရမည်ဖြစ်သည်။ ပြိုင်ပွဲဝင် အသင်းများအား တစ်သင်းလျှင် ငွေကျပ် ၄၀၀၀၀ စီထောက်ပံ့မည် ဖြစ်ပြီး ပြိုင်ပွဲကာလအတွင်း တည်းခို၊ နေထိုင်၊ စားသောက်စရိတ်များကို မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ ချုပ်မှ ကျခံဆောင်ရွက်သွားမည်ဖြစ် ရာအသေးစိတ်သိရှိလိုပါက ဘတ်စကက် ဘောအဖွဲ့ချုပ် ဖုန်း-၀၁-၅၅၆၉၅၂ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဧပြီ ၂၃ ရက် ညနေ ၅ နာရီက ရန်ကုန်သုဝဏ္ဏကွင်း၌ မြန်မာကလပ် ရေဝတီယူနိုက်တက် အသင်းနှင့် ဗီယက်နမ်ကလပ် ဒါနန်းအသင်းတို့ အကြိုတ်အနယ် ယှဉ်ပြိုင်ကစားကြစဉ်။

(ဓာတ်ပုံ-ကိုစိုးညွန့်)

အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် အားကစားနည်းအလိုက် စခန်းသွင်းလေ့ကျင့်လျက်ရှိ

နေပြည်တော် ဧပြီ ၂၄

ဧပြီ ၂၃ ရက် နံနက် ၈ နာရီက နေပြည်တော်အားကစားလေ့ကျင့်ရေး စခန်းလယ်ဝေးရှိ Training Center-2 ၌ (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ သို့ ဝင်ရောက်ယှဉ်ပြိုင်ရန် အားကစား နည်းအလိုက် စခန်းသွင်းလေ့ကျင့် လျက်ရှိသည့် အားကစားသမားများ ၏ လေ့ကျင့်နေမှုများကို အားကစား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်း ထိုက် သွားရောက်ကြည့်ရှုအားပေးသည်။

ရှေးဦးစွာ ဘိလိယက်နှင့် စနူကာ၊ သံလုံးပစ်၊ ဂျူဒို၊ ပန်ကြပ်ဆီလက်၊ ကမ်ပို၊ နပန်း၊ ကျွမ်းဘား၊ အလေးမ၊ ဝူရှူး၊ သေနတ်ပစ်အားကစားသမား များ၏ လေ့ကျင့်နေမှုများကို လိုက်လံ ကြည့်ရှုစစ်ဆေးအားပေးကာ ဒုတိယ ဝန်ကြီးက အားကစားသမားများ အနေဖြင့် သကြ်န်ကာလ အားလပ်ရက် များအတွင်း အားကစားလေ့ကျင့်မှု များ ခေတ္တရပ်နားထားရသဖြင့် မိမိတို့ ၏ အားကစားစွမ်းရည်များ ကျဆင်း နိုင်သည်ဖြစ်ရာ မူလစွမ်းရည်အနေ အထားများရောက်အောင် Training Program အတိုင်းကြိုးစားလေ့ကျင့် ကြစေလိုကြောင်း၊ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီး ကျင်းပရန် တဖြည်းဖြည်းနီးကပ်လာပြီဖြစ်၍ နည်း ပြများအနေဖြင့်လည်း သတ်မှတ်ထား သောလေ့ကျင့်ရေးဇယားများအတိုင်း အနီးကပ်ကြီးကြပ်လေ့ကျင့်ရန် လို အပ်ကြောင်း၊ မိမိတို့ တာဝန်ရှိသူ များအနေဖြင့် မပြတ်စစ်ဆေး၍ လိုအပ်ချက်များ ဖြည့်ဆည်းလျက်ရှိ သည့် နည်းတူ နည်းပြနှင့် အားကစား သမားများ အပိုင်းကလည်း ဟန်ချက် ညီညီ လိုက်ပါဆောင်ရွက်ကြစေလို ကြောင်း မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် Gym& Fitness Center ခန်းမ ၌ အားကစားသမားများ ကိုယ်ခန္ဓာကြံ့ခိုင် မှုအတွက် ခေတ်မီစက်ကိရိယာများ ဖြင့် လေ့ကျင့်နေမှုကို ကြည့်ရှုစစ်ဆေး အားပေးခဲ့သည်။ **(သတင်းစဉ်)**

တစ်နေ့အရောင်သုံးကြိမ်ပြောင်းသော လိပ်ကလေး

မကွေး ဧပြီ ၂၄

မကွေးမြို့ ရန်နိုင်ရပ်ကွက်ရှိ ကိုလှထွေးအောင်၏နေအိမ်၌ စမအင်းကွက်များ ကျောကုန်းပေါ်၌ မထင်မရှားတွေ့ရ သည့် လိပ်ကလေးတစ်ကောင် မွေးမြူထားကြောင်း သိရသည်။

အဆိုပါလိပ်ကလေးမှာ အရွယ်အစား အချင်းသုံးလက်မခန့်သာရှိပြီး ဦးခေါင်းနှင့် ခြေလက်များမှာ ကျောက်စိမ်း ရောင်ရှိသည်။ ဝမ်းဗိုက်၌ ရွှေဝါရောင်အကွက်များတွေ့ရသည်။ လိပ်ပိုင်ရှင် ကိုလှထွေးအောင်က "ဒီလိပ်ကလေးတွေ့တာ တစ်လလောက်ရှိပြီ၊ ကျွန်တော် ကလေးထိန်းရင်း အိမ်ရှေ့မှာ တွန်းလှည်းလေးနဲ့သွားနေတုန်း လမ်းဘေးမြက်ပင် တွေကြားထဲမှာတွေ့တာ။ ပထမတော့ ပလတ်စတစ်အရုပ်လေးပဲဆိုပြီး ကောက်လိုက်တာ လက်ထဲရောက်တော့ ခေါင်းတွေခြေတွေထွက်လာမှ အရှင်ကလေးမှန်းသိရတယ်။ အိမ်မှာ သေချာမွေးထားပြီး လိပ်စာအနေနဲ့ ကိတ်မုန့်တို့၊ ထမင်းတို့၊ ငုံးဥပြုတ်တို့ကို ခြေပြီးကျွေးတယ်။ စားလည်းစားတယ်။ ထူးခြားတာက လိပ်ကျောကုန်းအရောင်က မနက်ပိုင်းမှာ အဖြူစင်းတွေပေါ် တယ်။ နေ့လယ်မှာ အညိုရောင်ပြောင်းသွားပြီး ညနေကျတော့ အနက်ရောင် ဖြစ်သွားတယ်။ ကျောကုန်းက အကွက်တွေထဲမှာ စမအင်းဆန်ဆန် စာလုံး တွေ့ရတယ်" ဟု ရှင်းပြသည်။ နယ်စပ်ကုန်သွယ်ရေးလုပ်ကိုင်နေသည့် မကွေး ဒေသခံကုန်သည်ကြီးတစ်ဦးက "ကျိုင်းတုံ၊ လားရှိုးဘက်က တရုတ်သူဌေးအိမ်တွေမှာ ဒီလိုလိပ်မျိုးလေးတွေကို ငါးအလှ မွေးသလို မှန်လုံအိမ်ထဲထည့်ပြီး မွေးကြတာ တွေ့ဖူးတယ်။ သူတို့ရဲ့ဧည့်ခန်းဆောင်ထဲမှာထားပြီး စီးပွားတိုးတက်ကြ တယ်လို့ ယုံကြည်ကြတယ်" ဟု သူ့အတွေ့အကြုံကို ရှင်းပြသည်။

မကွေးလှမြင့်

တိမွေးကုဆရာဝန်များအတွက် ပညာရေးဖောင်ဒေးရှင်

မန္တလေး ဧပြီ ၂၄

မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် ဝင်ခွင့်ရရှိပြီး ဝင်ခွင့်ရရှိသူ ကျောင်း သား ကျောင်းသူ စုစုပေါင်း၏ ၅၀ ရာခိုင်နှုန်းအထက်ရှိ ပညာသင်ကြား ရန် အမှန်တကယ်ငွေကြေးအခက်အခဲ ရှိပြီး ပညာကြိုးစားသူများ တိရစ္ဆာန် ဆေးကုဆရာဝန်များ ပညာရေးဖောင် ဒေးရှင်တွင် လျှောက်ထားနိုင်ကြောင်း အဆိုပါအဖွဲ့မှ သိရသည်။

တိရစ္ဆာန်ဆေးကုဆရာဝန်များ ပညာရေးဖောင်ဒေးရှင်ကို Founder ခြောက်ဦးဖြင့် ငွေကျပ်သိန်း ၉၀ မတည်ပြီး ၂၀၁၁ ခုနှစ် မတ်လတွင် စတင်ဖွဲ့စည်းခဲ့ပြီး ၂၀၁၁-၂၀၁၂ ပညာသင်နှစ်မှစတင်ကာ မွေးမြူရေး ဆေးတက္ကသိုလ်ကျောင်းသား ကျောင်း သူ ၁၀ ဦးအား စတင်ထောက်ပံ့ကူညီ ပေးလျက် ၂၀၁၂-၂၀၁၃ ပညာသင် နှစ်တွင် ကျောင်းသား ကျောင်းသူ ၁၀ ဦး ထပ်မံ၍ ထောက်ပံ့ကူညီမှုပေးခဲ့ရာ ကျောင်းသား ကျောင်းသူ ၂၀ ရှိပြီဖြစ် သည်။ ထောက်ပံ့ကူညီမှုတွင် ကျောင်း သား ကျောင်းသူများ၏ လိုအပ်ချက် ပေါ်မူတည်ပြီး လစဉ်သုံးသောင်းမှ ခြောက်သောင်းအထိ ထောက်ပံ့ ပေးလျက်ရှိရာ လျှောက်ထားလိုပါက ဖုန်း-၀၂-၅၉၁၂၃ သို့ ဆက်သွယ်နိုင် သည်ဟု သိရသည်။

ကျော်မင်းသော်

ပိုင်ရှင်များသာ အမြန်ဆုံးဆက်သွယ်ရန်

(ပွဲစားမလို)

၁။ ယုဇနပလာဇာ မြေညီထပ်ဆိုင်ခန်းများ (သို့) ယုဇနပလာဇာအနီးရှိ မြေညီထပ် အပါအဝင် တိုက် (၁) တိုက်လုံးအား ငှားရမ်းရန် (သို့) ဝယ်ယူလိုသည်။

၂။ ဂိုဒေါင်အဖြစ်အသုံးပြုရန် သင့်လျော်သော စတုရန်းပေ (၄၀၀၀) အထက်ရှိ မြေကွက်များအား ငှားရမ်းရန် (သို့) ဝယ်ယူလိုသည်။

တာမွေ၊ သင်္ဃန်းကျွန်း၊ တောင်ဥက္ကလာ၊ အလုံ၊ ပုဇွန်တောင်၊ ကြည့်မြင်တိုင်၊ ဒေါပုံ၊ သာကေတ၊ သုဝဏ္ဏ၊ ဗိုလ်တထောင် မြို့နယ် များအား ဦးစားပေး အလိုရှိသည်။ (ရွှေပြည်သာ၊ လှိုင်သာယာ၊ ဒဂုံမြို့နယ်များမှလွဲ၍)

၃။ ရုံးခန်းပြုလုပ်ရန် သင့်လျော်သော စတုရန်းပေ (၁၂၀၀) အထက်ရှိသော မြေကွက်များအား ဝယ်ယူလိုသည်။

ဖုန်းနံပါတ် - ၀၉ ၂၀၂၇၆၀၄

အမည်ပြောင်း

ဦးသန်းလှိုင်၏သား အထက-၂၊ လမ်းမတော်၊ န၀မတန်း D မှ မောင်နန္ဒအောင်လှိုင်အား မောင်အောင်မြင့်မြတ်လှိုင်ဟု ယနေ့မှစ၍ ပြောင်းလဲခေါ်ဆိုပါရန်။

မောင်အောင်မြင့်မြတ်လှိုင်



ကျေးဇူးဆပ်ပါမည်

ဂေါ်လီအမည်ရှိ တယ်ရီယာမွေးပွအဖြူရောင် ၂နှစ်၂လသားအရွယ် နှာခေါင်းနက်နှင့်ခွေးထီးလေး တစ်ကောင်သည် ဧပြီ ၁၂ရက် ည၁၀နာရီခွဲအချိန် တွင် တောင်ဥက္ကလာပ (၃)ရပ်ကွက် ငွေကြာယံ ဘုန်းကြီးကျောင်းအနီးတွင် ပျောက်ဆုံးသွားပါ သည်။ တွေ့ရှိက ဆက်သွယ်အကြောင်းကြားပေး ပါရန်။ ကျေးဇူးဆပ်ပါမည်။ **ဆက်သွယ်ရန်လိပ်စာ အမှတ် ၁၈၅၊ ၁၀လမ်း၊ (၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၀၀၅၈၀၀၊ ၀၉-၅၁၆၂၄၄၅၊ ၀၉-၅၁၆၄၂၅၆**

သွေးသည် အသက်

ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် န၀မအကြိမ်ဘွဲ့နှင်းသဘင်ကြေညာချက်

၁။ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် န၀မအကြိမ် ဘွဲ့နှင်းသဘင်ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်-

ဘွဲ့နှင်းသဘင်နေ့-၁-၆-၂၀၁၃ ရက် (စနေနေ့)

(က) နံနက်ပိုင်း (နံနက် ၉ နာရီ)

- မဟာသုတေသနဘွဲ့ (အထူးပြုများအားလုံး)
- မဟာဝိဇ္ဇာ/သိပ္ပံဘွဲ့ (အထူးပြုများအားလုံး)
- ဝိဇ္ဇာ/သိပ္ပံဂုဏ်ထူးဘွဲ့ (အထူးပြုများအားလုံး)
- ဝိဇ္ဇာ/သိပ္ပံဘွဲ့ (မြန်မာစာ၊ သမိုင်း၊ ဒဿနိကဗေဒ၊ ဓာတုဗေဒ၊ သင်္ချာ၊ ရုက္ခဗေဒ၊ အီးအက်စ်)

(ခ) မွန်းလွဲပိုင်း(မွန်းလွဲ ၂ နာရီ)

- ဝိဇ္ဇာ/သိပ္ပံဘွဲ့ (အင်္ဂလိပ်စာ၊ ပထဝီဝင်၊ အရှေ့တိုင်းပညာ၊ ရူပဗေဒ၊ သတ္တဗေဒ၊ ဘူမိဗေဒ၊ ကုန်ထုတ်ဓာတုဗေဒ၊ ဘီတီ)

အစမ်းလေ့ကျင့်ခြင်း - ၃၀-၅-၂၀၁၃ ရက် (ကြာသပတေးနေ့)၊ နံနက် ၉ နာရီ

ကျင်းပမည့်နေရာ - ဘွဲ့နှင်းသဘင်ခန်းမ၊ ရန်ကုန်တက္ကသိုလ်

၂။ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် န၀မအကြိမ်ဘွဲ့နှင်းသဘင်ကို ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွက် ကျင်းပခဲ့သော ဝိဇ္ဇာ၊ သိပ္ပံ(ဘွဲ့)(၂၀၀၉ အောင်) စာမေးပွဲအောင်မြင်သူများ (နောက်ဆက်တွဲ အပါအဝင်)၊ ဝိဇ္ဇာ၊ သိပ္ပံ (ဂုဏ်ထူးဘွဲ့) (၂၀၀၈ အောင်)၊ မဟာဝိဇ္ဇာ၊ မဟာသိပ္ပံ(ဘွဲ့) (၂၀၀၅ အောင်) စာမေးပွဲအောင်မြင်သူများ၊ မဟာသုတေသနဘွဲ့ရရှိသူများ လျှောက်ထားနိုင်ပါသည်။

၃။ ဘွဲ့နှင်းသဘင်တက်ရောက်/အဝေးရောက်လျှောက်ထားလိုသူများသည် ဘွဲ့လျှောက်လွှာများကို ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် စာမေးပွဲနှင့် ဘွဲ့နှင်းသဘင်ဌာနခွဲတွင် နိုင်ငံသားစိစစ်ရေးကတ်ပြား (မူရင်း+မိတ္တူ)နှင့် ကျောင်းသားမှတ်ပုံတင်ကတ်ပြား(မူရင်း+မိတ္တူ) တင်ပြတောင်းယူလျက် လွန်ခဲ့ သော သုံးလအတွင်း ရိုက်ကူးထားသော ဓာတ်ပုံ (၂"×၁½") အရွယ်နှစ်ပုံ ပူးတွဲကာ ဘွဲ့တက်ရောက် မည့်သူများသည် ကျပ် ၁၅၀၀၀/- (ကျပ်တစ်သောင့်ငါးထောင်တိတိ) ကိုလည်းကောင်း၊ အဝေးရောက် ဘွဲ့ယူမည့်သူများသည် ကျပ် ၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ) ကိုလည်းကောင်း ငွေလက်ခံဌာနသို့ ပေးသွင်းလျှောက်ထားကြရမည်။

၄။ နယ်မှ လျှောက်ထားလိုသူများသည် သတ်မှတ်ကြေးများကို ငွေလက်ခံဌာနစိတ်၊ ရန်ကုန် အနောက်ပိုင်းတက္ကသိုလ်သို့ လိပ်မူ၍ စာတိုက်ငွေပို့လွှာ (Postal Money Order) ဖြင့် ပေးပို့ပြီး အောက်ခြေတွင် လျှောက်လွှာရှင်အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ဘွဲ့ရစာမေးပွဲ အောင်မြင် သည့်ခုနှစ်၊ ခုံအမှတ်၊ အထူးပြုဘာသာစသည်တို့ကို တိကျစွာ ဖော်ပြရမည်။

၅။ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ မှတ်ပုံတင်ငွေပို့လွှာဖြင့် လျှောက်ထားလာခြင်းကို လုံး၀ ခွင့်မပြုပါ။

၆။ ဘွဲ့နှင်းသဘင်လျှောက်လွှာတင်သွင်းခြင်းကို ၂၅-၄-၂၀၁၃ ရက်မှ ၁၀-၅-၂၀၁၃ ရက်အထိ ရုံးချိန်အတွင်း လျှောက်ထားနိုင်ပါသည်။

၇။ တက်ရောက်လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးသည့်အချိန်မှသာ ထုတ်ပေးမည်ဖြစ်သည်။

၈။ ဘွဲ့နှင်းသဘင်တက်ရောက်ရန် အစမ်းလေ့ကျင့်ပွဲဝင်ခွင့်လက်မှတ်နှင့်ဘွဲ့ဝတ်စုံငှားရမ်းခွင့် ထောက်ခံ စာကို ၂၇-၅-၂၀၁၃ ရက် (တနင်္လာနေ့) မှစတင်၍ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ဘွဲ့နှင်းသဘင် ဌာနခွဲတွင် ထုတ်ပေးပါမည်။

၉။ အစမ်းလေ့ကျင့်ခြင်းနှင့် ဘွဲ့နှင်းသဘင်တက်ရောက်သူများသည် မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် လျော်ညီသော မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ (အမျိုးသား)အနက်မှ မိမိကြိုက် နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ရပါမည်။ မြန်မာ့ယဉ်ကျေးမှုနှင့် မဆီလျော်သော ဝတ်စားဆင်ယင်မှုဖြင့် ဘွဲ့နှင်းသဘင်သို့ တက်ရောက်ခွင့်ပြုမည်မဟုတ်ပါ။

၁၀။ အသေးစိတ်သိလိုသော အချက်အလက်များရှိပါက ဤတက္ကသိုလ် စာမေးပွဲနှင့် ဘွဲ့နှင်းသဘင် ဌာနခွဲ တယ်လီဖုန်းအမှတ် ၆၁၃၈၃၃ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

၁၁။ ယခင်ဘွဲ့နှင်းသဘင်များတွင် ဘွဲ့လျှောက်ထားရန် ပျက်ကွက်ခဲ့သူများသည် အဝေးရောက်ဘွဲ့သာ လျှောက်ထားနိုင်ပါသည်။

(ယဉ်မင်းသန့်)
မော်ကွန်းထိန်း
ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ လူနေရပ်ကွက် အမှတ်(၇)၊ မင်းရဲကျော်စွာ ၇ လမ်း၊ မြေကွက်အမှတ် ၁၁၀ ဟု ခေါ်တွင်သောအကျယ်အဝန်းပေ(၂၀× ၆၀)ရှိ မြေကွက်ကြီးအနက်မှ (ခြေရင်းဘက်) အကျယ်အဝန်း(၁၁×၆၀)ပေရှိ မြေကွက်နှင့် ယင်းမြေ ပေါ်ရှိအဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အဆင့်ဆင့်ဝယ်ယူလက်ရောက် ရရှိပိုင်ဆိုင်နေထိုင်လျက်ရှိသူ ဦးတင်စိုး S/OKA-၀၈၀၆၅၆ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူများမှ ဝယ်ယူရန်အတွက် အိမ်၊ မြေတန်ဖိုးတစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေကိုပေးချေပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအ၀ယ်ပြုလုပ်သော အိမ်၊ မြေနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုက ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံတွင် ဤကြော်ငြာ ပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ တစ်စုံတစ်ရာလာရောက်ကန့်ကွက်ခြင်းမရှိပါက အထက်ပါ အိမ်၊ မြေအရောင်းအ၀ယ် ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ညွန့်ညွန့်သန်း LL.B,D.B.L တရားလွှတ်တော်ရှေ့နေ(စဉ်-၇၈၁၉)
အမှတ် ၃၂၀၊ ရာဇာဓိရာဇ်လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၉-၄၀၁၅၂၆၈၈၀

ပြည်တွင်းသတင်း

သဃ်န်းကျွန်း၌ ဆင်းကတ် ၃၂၀၀ ခွဲဝေရောင်းချပေးနိုင်ခဲ့

ရန်ကုန် ဧပြီ ၂၄

နိုင်ငံတော်မှ တန်ဖိုးနည်း CDMA-800 MHz ဖုန်းများကို ပြည်သူများအား ရောင်းချပေးသွားရန် ကြေညာထားရာ သဃ်န်းကျွန်းမြို့နယ် အတွင်း အသက်(၁၈ နှစ်) ပြည့်ပြီးသူ မည်သူမဆို ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး များသို့ စာရင်းပေးသွင်းခွင့်ရရှိခဲ့ပြီး မဲနှိုက်ရောင်းချပေးမည်ဖြစ်ကြောင်း ရပ်ကွက်အသီးသီး၌ ကြေညာပေးခဲ့ပြီး နောက်ပိုင်း ဧပြီ ၂၂ ရက်က ထင်သာ မြင်သာမဲပုံးချကာ မဲနှိုက်အစီအစဉ်ဖြင့် ကျင်းပပေးခဲ့သည်။ **(ယာပုံ)**

"လာရောက်မဲနှိုက်ပြီး မဲပေါက်သူကို နေ့ချင်းပြီးဆောင်ရွက်ပေးမှာပါ။ မဲနှိုက်စနစ်ဖြစ်လို့ အားလုံးဝမ်းသာပြီး ကျေနပ်ကြတယ်"ဟု မြို့နယ်တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

သဃ်န်းကျွန်းမြို့နယ် ရပ်ကွက်ပေါင်း ၃၈ ရပ်ကွက်အတွင်း တန်ဖိုးနည်းဆင်းကတ် ၃၂၀၀ ကို ရပ်ကွက် လူဦးရေအလိုက် ခွဲဝေဖြန့်ဖြူး ရောင်းချပေးခဲ့ကြောင်း သိရသည်။

တင်ကြည်

ပြည်မြို့လယ်ကောင် လူသတ်မှု ဖြစ်ပွား

ပြည် ဧပြီ ၂၄

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ဆံတော်ရပ်ကွက် လမ်းမတော်လမ်း မီးရထားတိုက်ခန်းရှိ အောင်ပိုင်ဖြိုးနာရီနှင့် တူရိယာဆိုင်တွင် ဧပြီ ၂၁ ရက် ည ၉ နာရီခွဲက လူသတ်မှုတစ်ခု ဖြစ်ပွားခဲ့သည်။

သတင်းအရ ဒုတိယရဲအုပ် လှိုင်မိုးဝေနှင့်အတူ သက်သေများက အခင်း ဖြစ်ပွားသည့်နေအိမ်သို့ သွားရောက်စစ်ဆေးရာ ဆိုင်အတွင်း အဖိုးတန် လက်ဝတ်ရတနာများ၊ နာရီများနှင့်ရောင်းရငွေများ ပျောက်ဆုံးနေပြီး ဆိုင်ပိုင်ရှင် ဒေါ်နီနီအောင် (၅၇ နှစ်)မှာ မျက်နှာတစ်ပြင်လုံး ဖူးရောင်ဒဏ်ရာများဖြင့် သေဆုံးနေကြောင်း တွေ့ရသည်ဆို၏။

သေဆုံးမှုနှင့်စပ်လျဉ်း၍ သားဖြစ်သူ ကိုအောင်ပိုင်ဖြိုးက တိုင်ကြားရာ ပြည်မြို့ အမှတ်(၂)ရဲစခန်းမှ အမှုဖွင့်၍ ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိရေး ဆက်လက်စုံစမ်းလျက်ရှိသည်။ **(၁၀၅)**

လေပြင်းများတိုက်ခတ် လူနေအိမ်များပျက်စီး

နေပြည်တော် ဧပြီ ၂၄

ဧပြီ ၂၂ ရက် မွန်းလွဲ ၁ နာရီခွဲက ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် အဖိုက်ကျေးရွာတွင် ၁၀ စက္ကန့်ကြာမျှ လေဆင်နှာမောင်းတိုက်ခတ်ခဲ့သည်။ လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် လူ၊ တိရစ္ဆာန်ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်းနှင့် ကျေးရွာမူလတန်းကျောင်းရှိ ပေ(၆၀×၃၀)ကျောင်းဆောင်၏ အနောက်ဘက်ခြမ်းမှ အမိုးသွပ်ချပ် ၂၀ ပြုတ်ထွက်ပျက်စီးပြီး စာသင်ကျောင်း အရှေ့မျက်နှာစာမှ စကြံတိုင် သုံးလုံးတိမ်းစောင်းကာ ဒိုင်းမြားအချို့ ပျက်စီးသွားခဲ့ကြောင်း သိရှိရသည်။

ထို့ပြင် ယင်းနေ့ ညနေ ၃ နာရီ ၁၅ မိနစ်က နေပြည်တော် လယ်ဝေးမြို့နယ်အတွင်း လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် ပိတောက်ချောင်းကျေးရွာအုပ်စု ကွမ်းခြံကျေးရွာ ဘုန်းကြီးကျောင်းဝင်းအတွင်းရှိ သိမ်အမိုး အုတ်ကြွပ်တစ်ဖက်လန်ပြီး အမက (မူလွန်)ကျောင်းအတွင်းရှိ စိန်ပန်းမြိုင် စာသင်ဆောင် ထရံတစ်ချပ်လန်ကာ အဆိုပါကျေးရွာနေ သက်နိုင်ဝင်း(ခ) စော်ဘွားပါ သုံးဦးတွင် ဒဏ်ရာများရရှိခဲ့ကြောင်း၊ လေးကသိန်းကျေးရွာတွင် အမကကျောင်း ခေါင်မိုးတစ်ခြမ်းလန်ပြီး နေအိမ် ၆၅ လုံး၊ နွားတင်းကုတ် နှစ်လုံး၊ နွားစာခြင်လေးလုံးနှင့် စပါးကျီ သုံးလုံးပျက်စီးခဲ့ကြောင်း၊ သော်မှော်ကုန်းကျေးရွာတွင် ထရံကာ၊ ဝါးကြမ်းခင်း၊ သက်ငယ်မိုးနေအိမ်ခြောက်လုံး ပြိုကျပြီး သုံးလုံးအမိုးလန်ခဲ့ကြောင်း၊ ကံသာအေးကျေးရွာတွင် ထရံကာ၊ ဝါးကြမ်းခင်း၊ သက်ငယ်မိုးနေအိမ် နှစ်လုံး ပြိုကျပြီး တစ်လုံးအမိုးလန်ခဲ့ကြောင်းနှင့် ကျွန်းကုန်းကျေးရွာတွင်လည်း ထရံကာ၊ ဝါးကြမ်းခင်း/သက်ငယ်မိုး နေအိမ်နှစ်လုံး အမိုးလန်ခဲ့ပြီး လူ၊ တိရစ္ဆာန် ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

ရန်ကုန် – မော်လမြိုင်ကားလမ်း၌ မှန်လုံယာဉ်တိမ်းမှောက်

နေပြည်တော် ဧပြီ ၂၄

ဧပြီ ၂၂ ရက် မွန်းလွဲ ၁ နာရီခွဲခန့်က မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ကျူချောင်းကျေးရွာ ရန်ကုန်-မော်လမြိုင်ကားလမ်း မိုင်တိုင် ၁၁၃/၅ ကျွန်းတောလေယာဉ်ကွင်းဟောင်းအနီးတွင် ရန်ကုန်မှ ယာဉ်မောင်း ဦးသန်းရွှေ (၅၆ နှစ်) မောင်းနှင်ပြီး ခရီးသည် ၅၀ ခန့် တင်ဆောင်လာသော ၉ခ/. . . ဖူဆို ရန်ကုန်-မော်လမြိုင် ဝင်းမှန်လုံယာဉ်သည် ရှေ့မှလာသောယာဉ်တစ်စီးကို တိမ်းရှောင်လိုက်ရာမှ လမ်း၏ယာဘက်သို့ တိမ်းမှောက်သွားခဲ့သည်။

အဆိုပါ ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်ပါ အမျိုးသမီးတစ်ဦးမှာ ရင်ဘတ်ညိုမည်းဒဏ်ရာရရှိကာ သေဆုံးသွားပြီး ဒဏ်ရာရရှိသူ ၂၀ ခန့်ရှိကြောင်း၊ ယာဉ်မောင်းဖြစ်သူအား ကျိုက်ထိုရဲစခန်းက အမှုဖွင့် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ကျော်သန်း

အထူးဓမ္မသဘင်ကျင်းပ

ပျဉ်းမနား ဧပြီ ၂၄

နေပြည်တော် ပျဉ်းမနားမြို့နယ် အတွင်းရှိ မဟာလယ်တီကျောင်းတိုက် တရားဟောဓမ္မရင်ပြင်တွင် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ (D.Litt) လယ်တီဆရာတော်ကြီး ပူဇော်ပွဲ ဓမ္မသဘင် အထူးတရားပွဲကို ပျဉ်းမနားမြို့နယ် ထေရဝါဒဓမ္မပြန့်ပွားရေးနှင့် နာရေးကူညီမှုအကျိုးဆောင် လူငယ်များအဖွဲ့ပူးပေါင်း၍ ကျင်းပမည်ဖြစ်ရာ ဧပြီ ၂၅ ရက်(ကြာသပတေးနေ့)မှ ဧပြီ ၂၆ ရက်(သောကြာနေ့)အထိ "ဘဒ္ဒန္တသုမင်္ဂလ" (ဒယ်အိုးဆရာတော်) (ကမ္မဌာနာစရိယ မင်္ဂလာတိုက် မှော်ဘီ)၊ ဧပြီ ၂၇ ရက် (စနေနေ့)တွင် "ဘဒ္ဒန္တစန္ဒောဘာသ "(ဖိုးလမင်း) (သာသနဓဇဓမ္မာစရိယ မန္တလေး)၊ ဧပြီ ၂၈ ရက်(တနင်္ဂနွေနေ့)မှ ဧပြီ ၂၉ ရက် (တနင်္လာနေ့)အထိ "ဘဒ္ဒန္တကုမာရ" (ဓမ္မစရိယ) MA. (Buddhism) မန္တလေး၊ ဧပြီ ၃၀ ရက်(အင်္ဂါနေ့) တွင် "ဘဒ္ဒန္တပညာနန္ဒ" (သီတဂူ ကြယ်တစ်ပွင့်) သာသနဓဇဓမ္မာစရိယ၊ မေ ၁ ရက် (ဗုဒ္ဓဟူးနေ့)တွင် "ဘဒ္ဒန္တသုဒဿန" (လယ်တီ) သာသနဓဇသိရိပါဠိဓမ္မာစရိယ မန္တလေး၊ မေ ၂ ရက်(ကြာသပတေးနေ့)တွင် "ဘဒ္ဒန္တစန္ဒာဝရ"(လယ်တီ)ရန်ကုန် ဓမ္မာစရိယ ဂန္ထဝါစကဓမ္မာကထိက အစရှိသော ဆရာတော်ကြီးများက ဟောပြောကြမည်ဖြစ်သည်။ တရားတော်များ နာကြားနိုင်ရန် ပျဉ်းမနားမြို့နယ်နှင့်နီးသော ရပ်ကွက်၊ကျေးရွာများမှတရားနာ ပရိသတ်များ လွယ်လင့်တကူ လာရောက်တရားနာနိုင်ရန် ကြို/ပို့ကားများ စီစဉ်ပေးမည်ဖြစ်ကြောင်း ကုသိုလ်ဒါန အလှူရှင်များ လှူဒါန်းမည်ဆိုပါက လူငယ်အသင်း ပျဉ်းမနား ဖုန်း-၀၆၇-၂၄၇၄၉၊ ဦးအုန်းကျော် ဖုန်း-၀၉-၄၃၀၃၅၈၂၀၊ ဦးစိုးဦး ဖုန်း-၀၉-၄၉၂၁၅၅၅၈ တို့ထံ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **ကိုမျိုး(ရွှေပေါက်ကံ့)**

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်မြို့၊ တိလောကရပ်ကွက်၊ မိတ္တလမ်း၊ အမှတ် ၂၄ဟုခေါ်တွင်သော အိမ်ခြံမြေ၏ အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ဝယ်ပိုင်ဆိုင်ထားသူ ဒေါ်တင်မော်ဦး ၉/ရမသ(နိုင်)၀၅၇၁၃၀ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ထို့ကြောင့် အထက်ပါအရောင်းအဝယ်အား ကန့်ကွက်လိုသူရှိပါက ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာချုပ်စာတမ်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်နန်းဆုနွေးအောင် LL.B(Q), LL.M

အထက်တန်းရှေ့နေ

အမှတ် ၉၊ မိတ္တလမ်း၊ တိလောကရပ်ကွက်၊ ထောက်ကြန့်မြို့၊ မင်္ဂလာဒုံမြို့နယ်၊

ဖုန်း-၀၉-၄၂၁၀၄၁၁၉၀



သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အောင်သပြေ ၁လမ်း၊ အိမ်အမှတ် ၁၁၉နေ ဒေါ်မာမာဝင်း၏သား မောင်ဟိန်းကို ၁၄/မမက(နိုင်)၂၇၄၆၀၃သည် မိဘများအား အမျိုးမျိုးစိတ်ဆင်းရဲအောင် ပြုလုပ်ပြီး ၂၂-၄-၂၀၁၃ ရက်တွင် မိခင်သဘောမတူသည့်ကိစ္စပြုလုပ်သွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်၎င်းနှင့်ပတ်သက်သော ကိစ္စများအားလုံးကို လုံးဝတာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါ။ **မိခင် ဒေါ်မာမာဝင်း ၁၄/မမက(နိုင်)၂၇၆၂၈၃**

အမည်ပြောင်း

ဦးရန်မျိုးအောင်၏သား သန်လျင်မြို့ အောင်မင်္ဂလာ အမက တတိယတန်းမှ မောင်ညီလှိုင်ထွဋ်အား မောင်ဇေမျိုးကြည်သန့်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်ဇေမျိုးကြည်သန့်(အောင်မင်္ဂလာ)

သွာနုတ္တသမီးအဖြစ်သတ်မှတ်ခြင်း

မုံရွာမြို့၊ ရတနာပုံရပ်၊ အမှတ် ၁ လမ်း၊ အမှတ် ၂/၁ နေ ဦးအောင်မိုး ၅/မရန(နိုင်)၀၂၃၆၇၂-ဒေါ်စန်းနွဲ့ ၅/မရန(နိုင်)၀၂၃၆၆၀၏သမီး မခင်မျိုးအောင် ၅/မရန(နိုင်)၁၄၉၄၉၀သည် မိဘများ၏ဆိုဆုံးမမှုကိုနားမထောင်ဘဲ မိမိသဘောဆန္ဒအလျောက် ပြုလုပ်သွားပါသဖြင့်ယနေ့မှစ၍ သွာနုတ္တသမီးအဖြစ် သတ်မှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စမှန်သမျှကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးအောင်မိုး-ဒေါ်စန်းနွဲ့

အမည်မှန်

ဦးကော်ကျီချင်း၏သား ရန်ကုန်ဆေးတက္ကသိုလ်(၂)မှ မောင်ချိုင်ကွေ့ ၁/မကန(ပြု)၀၀၀၃၇၁၏ အမည်မှန်မှာ မောင်ချိုင်ကွေ့(ခ)မောင်သီဟစိုး ဖြစ်ပါသည်။ **မောင်ချိုင်ကွေ့(ခ)မောင်သီဟစိုး**

အမည်ပြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့နယ်၊ အမှတ်(၁၈)၊ သီရိလမ်းမှ ဦးလှကြိုင် ၁၄/ပတန(နိုင်)၀၀၂၃၃၉၏သမီး မပြုံးထက်နိုင်အား မဖြူစင်သန့်ဟုပြောင်းလဲခေါ်ဆိုပါရန်။

မိဘအမည်မှန်

အမှတ်(၃)အခြေခံပညာအလယ်တန်းကျောင်း၊ ဇဗ္ဗသိရိမြို့နယ် မသက်ထားသူဇာ (ဆဋ္ဌမတန်း)နှင့် မောင်ဝဏ္ဏထွန်း (ပထမတန်း)တို့၏ မိဘအမည်မှန်မှာ ဦးထိုင်းဝဏ္ဏနှင့် ဒေါ်စန်းစန်းမြင့် ဖြစ်ပါသည်။



မြန်မာနိုင်ငံ၏ ပထမဆုံးအမျိုးသားအများပိုင် ဆက်သွယ်ရေး ကုမ္ပဏီလီမိတက်

MYANMAR TELECOMMUNICATION NETWORK (PUBLIC) CO., LTD

www.mtnpcl.com

ဆက်သွယ်ရေးလုပ်ငန်းကို အများပိုင်နိုင်ရန် အစုရှယ်ယာများကို စတင်ထုတ်ဝေရောင်းချလျက် ရှိနေပါပြီ

Invest In MTN

စုစုပေါင်းရှယ်ယာရင်းနှီးငွေ

ကျပ် (၁၀၀) ဘီလီယံအနက်မှပထမဆုံး

ကျပ်(၁၀)ဘီလီယံဖိုး

ရှယ်ယာများ ထုတ်ဝေရောင်းချလျက်ရှိပါပြီ

အနာဂတ်အတွက် စိတ်ချရသော ရင်းနှီးမြှုပ်နှံမှုမျိုး

ဖြစ်သဖြင့် MTN ရှယ်ယာများကို

စိတ်ချလက်ချဖြင့်

အစုရှယ်ယာတစ်စုလျှင်

(၁၀၀၀၀)ကျပ်

ဖြင့် ၂၄-၄-၂၀၁၂ရက်နေ့မှ

စတင်၍ဝယ်ယူနိုင်ပါပြီ

- မြန်မာတစ်နိုင်ငံလုံး ဆက်သွယ်ရေး ကွန်ယက်လွှမ်းခြုံနိုင်ရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင် MIC ၏ခွင့်ပြုချက်ကိုရယူ၍မြန်မာတစ်နိုင်ငံလုံးသို့ ဆက်သွယ်ရေး အခြေခံ အဆောက်အအုံများ တည်ဆောက် လုပ်ကိုင်မည်ဖြစ်ပါသည်။ အစိုးရ၏ခွင့်ပြုချက်ကို ရယူ၍ အောက်ပါလုပ်ငန်းများ ကိုလည်း တိုးချဲ့ဆောင်ရွက်သွားမည်လည်း ဖြစ်ပါသည်။
- အဓိုးနှုန်းချိုသာစိတ်ချရသည့် 3G နှင့် 4G Mobile Phone ဆက်သွယ်ရေး လုပ်ငန်းများ
- Internet Service Provider (ISP) လုပ်ငန်းများ
- Voice Over IP (VOIP) လုပ်ငန်းများ
- TV အပါအဝင် Broadcasting လုပ်ငန်းများ
- International Roaming နှင့် International Call လုပ်ငန်းများ

မြန်မာနိုင်ငံ၏ဆက်သွယ်ရေးဆောင်ရွက်မှုအရည်အသွေးကောင်းမွန်အောင် ကြိုးပမ်းရင်းဖြင့် မိမိ၏အနာဂတ်ကိုပါအောင်မြင်စေရန် MTN ရှယ်ယာများကိုဝယ်ယူရင်းနှီးမြှုပ်နှံကြပါစို့.

ဝယ်ယူရန်လျှောက်လွှာများကိုအောက်ဖော်ပြပါထွန်းဆောင်အေးရှင်ဘဏ် / ဘဏ်ခွဲ၊ သမဝါယမဘဏ် / ဘဏ်ခွဲ၊ ပထမပုဂ္ဂလိကဘဏ်၊ / ဘဏ်ခွဲများတွင်လည်း ဆက်သွယ်ရယူနိုင်ပါပြီ

ထွန်းဆောင်အေးရှင်ဘဏ်လီမိတက်

သမဝါယမဘဏ်

ပထမပုဂ္ဂလိကဘဏ်လီမိတက်

MYANMAR TELECOMMUNICATION NETWORK (PUBLIC) CO., LTD

Junction Square, Building (8), 4th Floor, Kamayut Township, Yangon, Myanmar.

Tel : (Off:) 95-1-2305523, 2305524, Fax : 95-1-2305524 Email: office@mtnpcl.com URL: www.mtnpcl.com

နိုင်ငံတကာအားကစားသတင်း

အာဆင်နယ်တိုက်စစ်မှူးဂီရောက်သုံးပွဲပယ်ခံရ

အာဆင်နယ်တိုက်စစ်မှူး အိုလီဗီယာဂီရောက်သည် ဧပြီ ၂၀ ရက်က ဖူလ်ဟမ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည့်ပြိုင်ပွဲတွင် ရရှိခဲ့သော အနီကတ်ဖြင့် သုံးပွဲပိတ်ပင်ခံရမည်ဖြစ်သည်။ အသက် ၂၆ နှစ်ရှိ ဂီရောက်သည် ဖူလ်ဟမ်ကစားသမား မာနိုလက်ကို ကြမ်းတမ်းစွာကစားခဲ့မိ၍ အနီကတ်ပြခံရခြင်းဖြစ်သည်။ ၎င်းသည် လာမည့် မန်ယူ၊ ကျူပီအာနှင့် ဝီဂန်တို့နှင့်ကစားမည့်ပွဲများ လွဲချော်မည်ဖြစ်သည်။

ဘာစီလိုနာချန်ပီယံလိဂ်တွင် အဆိုးရွားဆုံးရှုံးနိမ့်

ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲ ပထမအကျော့ပြိုင်ပွဲအဖြစ် ဘိုင်ယန်မြူးနစ်နှင့် ဘာစီလိုနာအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဘိုင်ယန်မြူးနစ်က လေးဂိုးပြတ်ဖြင့် အနိုင်ရရှိသွားသည်။

ဘွန်ဒက်စ်လီဂါချန်ပီယံ ဘိုင်ယန်မြူးနစ်အသင်းအတွက် ဂိုးများကို မူလ်လာက နှစ်ဂိုး၊ ဂိုမက်ဇ်နှင့် ရော့ဘင်တို့က တစ်ဂိုးစီသွင်းယူခဲ့ကြသည်။ ဘာစီလိုနာအသင်းသည် ဥရောပတွင် အဆိုးရွားဆုံး ရှုံးနိမ့်မှုဖြစ်သည်။ အလားတူ ၁၉၉၇ ခုနှစ်က ဒိုင်နမိုကိတ်ဗ်အသင်းကို ရှုံးနိမ့်ခဲ့ဖူးသည်။ ဘာစီလိုနာအသင်းသည် ဘိုင်ယန်မြူးနစ်ကို ရှုံးနိမ့်မှုကြောင့် ဒုတိယအကျော့ အိမ်ကွင်းကစားရမည်ဖြစ်သော်လည်း ရှုံးကြေးပြန်ဆပ်ရန်မလွယ်ကြောင်း ပရိသတ်များက ထင်ကြေးပေးနေကြသည်။

ဒေါ့မွန်ကွင်းလယ်ကစားသမား ဘိုင်ယန်မြူးနစ်ရောက်မည်

ဒေါ့မွန်ကွင်းလယ်ကစားသမား မာရီယိုဂေါ့ဇေးသည် လာမည့် နွေရာသီတွင် ဘွန်ဒက်စ်လီဂါချန်ပီယံ ဘိုင်ယန်မြူးနစ်သို့ ပြောင်းရွှေ့လာမည်ဖြစ်ရာ ဘွန်ဒက်စ်လီဂါတွင် ဈေးအကြီးဆုံးဘောလုံးသမားဖြစ်လာလိမ့်မည်ဖြစ်ကြောင်း ဘိုင်ယန်မြူးနစ်က ကြေညာသည်။ အသက် ၂၀ ရှိ ကွင်းလယ်ကစားသမား ဂေါ့ဇေးသည် ဒေါ့မွန်မှ ထွက်ခွာပြီးနောက် လာမည့် ဇူလိုင် ၁ ရက်တွင် ဘိုင်ယန်မြူးနစ်သို့ရောက်ရှိလာမည်ဖြစ်သည်။ ဘိုင်ယန်မြူးနစ်က ၎င်းအားပေါင် ၃၁ ဒသမ ၅ သန်း ပေးဝယ်မည်ဖြစ်ကြောင်း သတင်းများထွက်ပေါ်လျက်ရှိသည်။

////////////// ကောင်းမြတ်သူ - ရေးသားသည် //////////////

အသင်းကြီးတွေသက်ပြင်းမချနိုင်ဘဲ နွှဲကြရဦးမယ့် လာလီဂါပွဲစဉ် (၃၃)

စပိန်လာလီဂါပွဲစဉ် (၃၃)ကို ဧပြီ ၂၇ ရက်နဲ့ ၂၈ ရက်တွင် ဆက်လက်ဆင်နွှဲကြမှာဖြစ်ပါတယ်။ အသင်းကြီးတွေဖြစ်တဲ့ ရီးရဲမက်ဒရစ်နဲ့ ဘာစီလိုနာတို့ကတော့ ချန်ပီယံလိဂ်ပွဲတွေနွှဲထားရလို့ စိတ်ပန်းလူပန်းဖြစ်နေပေမယ့် ရလဒ်ကောင်းဖို့အတွက် အားမလျှော့တမ်း ယှဉ်ပြိုင်ရဦးမှာဖြစ်ပါတယ်။

ဘီလ်ဘာအိုနှင့် ဘာစီလိုနာ

ဘီလ်ဘာအိုကွင်းမှာဆိုပေမယ့် ဘာစီလိုနာဟာ သေသေချာချာတော့ ပြင်ဆင်ကစားပါလိမ့်မယ်။ ဒါပေမယ့် အပြင်းအထန် နိုင်ပွဲလိုအပ်မှုမဆာလောင်တဲ့အနေအထားမို့ အဓိကပွဲထွက်ကစားသမားတွေ ပါဝင်လာမှုတော့ နည်းပါလိမ့်မယ်။ ဘီလ်ဘာအိုတို့ကတော့ ခြေစွမ်းအတက်အကျရှိနေတတ်တဲ့အသင်းမို့ ဘာစီလိုနာကို ခုခံကစားဖို့တော့ ခက်ခဲနေမှာပါ။ ဘာစီလိုနာဟာ ဒီပွဲမှာ အနိုင်ရရှိအောင်တော့ ကစားသွားမယ့် အခြေအနေရှိပါတယ်။

အက်သလက်တီကိုနှင့် ရီးရဲမက်ဒရစ်

ရီးရဲမက်ဒရစ်တို့အတွက် ရင်ပူစရာပွဲစဉ်တွေ ဖြစ်နေပြန်ပါတယ်။ ရီးရဲမက်ဒရစ်ဟာ ချန်ပီယံလိဂ်ပွဲစဉ်တွေကြောင့် ဒီပွဲမှာ ခြေကုန်ထုတ်ရမယ့်ကိန်းဆိုက်နေပြီး အက်သလက်တီကိုကွင်းမှာ အလေးအနက်ထားကစားရပါလိမ့်မယ်။ ရီးရဲမက်ဒရစ်ဟာ အက်သလက်တီကိုနဲ့ဆုံတိုင်း နိုင်ပွဲရတာများပေမယ့် ဒီပွဲမှာတော့ မျှော်လင့်ချက် မြင့်မြင့်ထားဖို့တော့ ခက်ခဲပါလိမ့်မယ်။ အိမ်ကွင်းမှာ အက်သလက်တီကိုရဲ့ ခြေစွမ်းမာကျောမှုပုံစံကလည်း အသိအမှတ်ပြုစရာ ဖြစ်နေပါတယ်။

ဗယ်လက်ကာနိုနှင့် အိုဆာဆူနာ

လက်ရှိခြေစွမ်းအရ အိမ်ရှင် ဗယ်လက်ကာနိုတို့ အားရစရာတော့ မရှိပါဘူး။ ဒါပေမယ့် တစ်ခါတစ်ရံ ဗယ်လက်ကာနိုရဲ့ ခြေစွမ်းက အံ့သြစရာကောင်းအောင်စွာနေတတ်တာမို့ အိုဆာဆူနာတို့ သတိထားရမယ့် အနေအထားပါ။ ဒီပွဲဟာ အမှတ်ပြည့်ရယူဖို့ကြိုးစားမယ့် အိုဆာဆူနာရဲ့ စိတ်ဓာတ်ပြင်းပြမှုကို အလေးထားမယ့်ပွဲပါပဲ။

လီဗန်တေးနှင့် ဆယ်လ်တာဗီဂို

တန်းဆင်းဖို့ ဦးတည်နေပြီဖြစ်တဲ့ ဆယ်လ်တာဗီဂိုတို့ အားထုတ်မှုကောင်းမှ ရမယ့်ပွဲဖြစ်နေပါတယ်။ တိုက်စစ်ရော၊ ခံစစ်ပါအားနည်းနေတဲ့ ဆယ်လ်တာဗီဂိုကို အိမ်ရှင် လီဗန်တေးတို့ အမှတ်ဗလာနဲ့ ပြန်လွှတ်ဖို့ ကြိုးစားပါလိမ့်မယ်။ လီဗန်တေးတို့ကတော့ ဖိအားကင်းကင်းနဲ့ ကစားမှာဖြစ်ပြီး အမှတ်ပြည့်ရယူဖို့ စွမ်းဆောင်မှာ ဖြစ်ပါတယ်။

မာလာဂါနှင့် ဂီတာဖေး

အိမ်ရှင်မာလာဂါတို့ အမှတ်လိုအပ်မှုပြင်းထန်နေတာမို့ ဒီပွဲမှာ ဂီတာဖေးကို အမှတ်ခွဲမှာတော့ မဟုတ်ပါဘူး။ ဂီတာဖေးရဲ့ ခြေစွမ်းက အားရစရာမရှိတာမို့ မာလာဂါတို့ရဲ့ ကြိုးစားအားထုတ်မှုတွေဟာ အရာထင်မယ့် အခြေအနေရှိပါတယ်။ ရပ်တည်မှုကောင်းဖို့ ခြေကုန်ထုတ်မယ့် အိမ်ရှင်ကိုပဲ ယုံကြည်မှုတွေ ပေးရမယ့် အနေအထားပါပဲ။ ။

မိုးမြင့်လင်းလက် ရေးသားသည်

ဘောလုံးသတင်း အတိုအထွာ

မောင်ချစ်ကြည်

- ☆ မန်ယူအသင်းသည် အနာဂတ်ကာလတွင်လည်း ပရီမီယာလိဂ်ဖလားကို အကြိမ်ကြိမ်ဆွတ်ခူးနိုင်မည့်အသင်းဖြစ်ကြောင်း တိုက်စစ်မှူးရွှန်းနေက ပြောကြားသည်။
- ☆ ချယ်လ်ဆီးအသင်းသည် အက်သလက်တီကိုမက်ဒရစ်အသင်း ဂိုးသမား ကာတိုအစ်အား ခေါ်ယူစာချုပ်ရန် ကြိုးစားနေပြီဖြစ်သည်။
- ☆ လိုင်ယွန်အသင်းနောက်တန်းခံစစ်မှူး အသက် ၂၄ နှစ်အရွယ်ရှိ ဒီဂျန်လိုမန်အား ရိုးမားအသင်းက ခေါ်ယူမည်ဖြစ်သည်။
- ☆ အေဗျက်အသင်းမှ နောက်ခံကစားသမား တိုဘီအယ်ဒါစီရာအား လီဗာပူးက ခေါ်ယူနိုင်ရေး ကြိုးစားလျက်ရှိသည်။
- ☆ ဘာစီလိုနာအသင်းကခေါ်ယူရန် ကမ်းလှမ်းထားသည့် မန်စီးတီးအသင်းခေါင်းဆောင် ကွန်ပနေက အသင်းပြောင်းရွှေ့မည်မဟုတ်ကြောင်း ပြောကြားသည်။
- ☆ စပါးနှင့် အာဆင်နယ်အသင်းတို့သည် ဖီအိုရင်တီးနားအသင်းမှ ကွင်းလယ်ကစားသမား ဘော်ဂျာဗာလာအား ခေါ်ယူရန် အပြိုင်ကြိုးစားလျက်ရှိသည်။
- ☆ ပီအက်စ်ဂျီအသင်းတိုက်စစ်မှူး အသက် ၃၁ နှစ်အရွယ်ရှိ အီဘရာမိုဗစ်အား ဂျူဗင်တပ်စ်အသင်းသို့ ပြောင်းရွှေ့ခွင့်ပြုမည်ဖြစ်သည်။
- ☆ ဖူလ်ဟမ်နှင့် ဗီလာအသင်းတို့သည် စပါးကွင်းလယ်ကစားသမား တွမ်ဟက်လီစတုန်းအား အပြိုင်ခေါ်ရန် ကြိုးစားလျက်ရှိသည်။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ဗျိုင်းရေအိုးစင်လမ်းနေ
(ဦးရွှေလင်း-ဒေါ်ကြင်ယုံ)တို့၏ သား
(ဦးခင်မောင်ဝင်း၊ သံမှူး၊ Columbo)-ဒေါ်မြမြသိန်း(စာရင်းစစ်မှူး၊ ငြိမ်း)၊
ဒေါက်တာဒေါ်မေဇင်(တွဲဖက်ပါမောက္ခ၊ ရူပဗေဒဌာန၊ မိုးညှင်းဒီဂရီကောလိပ်)တို့၏မောင်
မောင်စိုးနိုင် B.A(History)
နှင့်
မုံရွာမြို့၊ ရန်ကင်းရပ်နှင့် ပုသိမ်မြို့၊ အမှတ်(၄)ရပ်ကွက်၊ ပြည်တော်သာတိုက်ခန်းနေ
ဦးအောင်ဝင်း(တိုင်းသ/မအသင်းစု၊ ငြိမ်း)-ဒေါက်တာဒေါ်ခင်စန်းမြင့်
(ပါမောက္ခ၊ ရူပဗေဒဌာန၊ ငြိမ်း)တို့၏တစ်ဦးတည်းသော သမီး၊
ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နေ
ဦးအောင်မြင့်သိန်း-ဒေါ်အေးအေးမြင့်၊ ခနုဖြူမြို့နေ ဦးကျော်မြင့်ဇော်-ဒေါ်ချိုချိုနိုင်တို့၏ တူမ
မအေးမြင့်မြင့်အောင် B.B.M(Business Management)
တို့သည် ၂၄-၄-၂၀၁၃ ရက်တွင် Japan နိုင်ငံ Tokyo မြို့ Wedding Forest Harajuku Togo (Togo Kinenkan)ခန်းမ၌ နှစ်ဖက်သောမိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိလူကြီးမင်းများ၏ ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်စိုးနိုင်-မအေးမြင့်မြင့်အောင်

SUCCESS Language Academy 202046 256954
Y.W.C.A 0949249463

Basic English Speaking	Vocab Enrichment	IELTS Four Skills
7:30-10:30 Sat+Sun 4 May	7:30 - 9 Mon-Thurs 13 May	2 - 5:30 Sat+Sun 20 Apr
7:30 - 9 Mon-Thurs 6 May	10-11:30 Mon-Thurs 20 May	7:30-9:30 Mon-Thurs 20 May
3:30 - 5 Mon-Thurs 6 May		

Four Skills English (Basic)	Basic Grammar	IELTS Exam Practice
7:30 - 9 Mon-Thurs 29 Apr	7:30 - 9 Mon-Thurs 6 May	7:30-10:30 Sat+Sun 18 May
2 - 5:00 Sat+Sun 4 May	3:30 - 5 Mon-Thurs 20 May	
1 - 2:30 Mon-Thurs 6 May		
6 - 7:30 Mon-Thurs 6 May		

Pre-Intermediate (4-Skill English)	Basic Writing	IELTS Speaking / IELTS Reading
3:30 - 5 Mon-Thurs 29 Apr	7:30-9:30 Sat+Sun 20 Apr	IELTS Speaking 1 - 2:30 Mon-Thurs 22 Apr
7:30 - 9 Mon-Thurs 6 May	9:30-11:30 Sat+Sun 25 May	IELTS Reading 7:30-9:30 Mon-Thurs 22 Apr
2 - 5:30 Sat+Sun 11 May		

Intermediate (Academic English)	Intermediate Writing	IELTS Writing
1 - 2:30 Mon-Thurs 22 Apr	7:30-9:30 Sat+Sun 20 Apr	3 - 5:00 Sat+Sun 27 Apr
7:30 - 9 Mon-Thurs 6 May		

Marlins English သင်တန်း 4:30-7:30 (Sat+Sun) Apr 27

ကျေးဇူးဆပ်ပါမည်

ကျွန်တော်ဦးရဲမြင့် ၁၀/ကမရ(နိုင်)ဝ၆၆၉၁၇ ၏ နိုင်ငံကူးလက်မှတ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပြန်လည်ပေးပို့ပါရန်။

ဆက်သွယ်ရန် ဖုန်း-၀၉-၇၃၂၃၄၀၇၇

[redacted]

[redacted]

ဒေါ်မြယဉ်ထွေးနှင့် အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ တိုက် ၃၁၄၊ မြေညီထပ်နေ ဦးကျော်ကျော်ဝင်း ၁/မညန(နိုင်)၀၇၃၉၅၂ နှင့် ဒေါ်မြစိုးစန္ဒာ ၁/မညန(နိုင်)၀၆၇၃၉၀ ကိုင်ဆောင်သူတို့မှ ဒေါ်မြယဉ်ထွေး ၁/မညန(နိုင်)၀၀၀၉၆၈ ကိုင်ဆောင်သူ ဆောင်ရွက်ခဲ့သော လူမှုရေး၊ ငွေရေးကြေးရေးကိစ္စရပ်များသည် ဦးကျော်ကျော်ဝင်းနှင့် ဒေါ်မြစိုးစန္ဒာတို့နှင့် လုံးဝပတ်သက်မှုမရှိသဖြင့် ဒေါ်မြယဉ်ထွေး ဆောင်ရွက်ခဲ့သော ကိစ္စရပ်များကို မိမိတို့မှတာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်းနှင့် ဒေါ်မြယဉ်ထွေးနှင့်သာ ဆောင်ရွက်ကြပါရန် အများသိစေရန် ကြေညာအပ်ပါသည်။

ဦးကျော်ကျော်ဝင်း ၁/မညန(နိုင်)၀၇၃၉၅၂
ဒေါ်မြစိုးစန္ဒာ ၁/မညန(နိုင်)၀၆၇၃၉၀

ဇန်းမောက်မြို့နယ်ရှိ ဇလုံတောင်စေတီတော်ဘုရားပွဲတော် ကျင်းပမည်



အင်းတော် ဧပြီ ၂၄

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဇန်းမောက်မြို့နယ်ရှိ ကက္ကူဋ္ဌာသမယလိုတိုင်းပြည့် ဇလုံတောင်တော် ၁၃၇၅ ခုနှစ် (၂၁) ကြိမ်မြောက် ဗုဒ္ဓပူဇနိယဘုရားပွဲတော်ကို ဧပြီ ၂၃ ရက်မှ ၃၀ ရက်အထိ ကျင်းပပူဇော်သွားမည်ဖြစ်ရာ ဧပြီ ၂၃ ရက်မှ ၂၅ ရက်အထိ အသံမစဲပဋ္ဌာန်းပူဇော်ခြင်း၊ ၂၆ ရက်တွင် ဒုလ္လဘရဟန်း ၇၅ ပါး၊ ရှင်သာမဏေ ၅၄ ပါး၊ သီလရှင် ၂၄ ပါးဝတ်ခြင်း၊ ၂၉ ရက်နေ့တွင် သာသနာလင်္ကာရဓမ္မ ဗိမာန်ကျောင်းတော်ကြီးကို ရေစက်ချလှူဒါန်းခြင်း၊ ၃၀ ရက်နေ့တွင် ဗုဒ္ဓါဘိသေကပူဇာ အနေကဇာတင် ကျင်းပပူဇော်သွားမည်ဟု ဇလုံတောင်အကျိုးတော်ဆောင်အဖွဲ့မှ သိရသည်။

ဇလုံတောင်တော်သည် စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဇန်းမောက်မြို့နယ်တွင်ရှိပြီး ဇန်းမောက်မြို့မှ မြောက်ဘက် ၁၂ မိုင် ၂ ဖာလုံအကွာအတွင်း၊ ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၃၀၉၀ မြင့်သော တောင်ပေါ်တွင် တည်ရှိသည်။ ထိုတောင်တော်သည် သံတောင် ၄၄၄ တောင်အမြင့်ရှိသည်ဖြစ်၍ ပေအားဖြင့် ၆၆၆ ပေ မြင့်သည်။ ဇလုံတောင်ဘုရားဖူးလမ်းသည် ယခင်က မတ်စောက်ပြီး ကျောက်တောင်များပြားသော လူသွားလမ်းသာရှိခဲ့သည်။ ယခုအချိန်တွင် ဤကဲ့သို့ မဟုတ်တော့ပါ။ ၂၀၀၆ ခုနှစ်မှစ၍ ဘုရားဖူးကားများ၊ ဆိုင်ကယ်များ၊ ဇန်းမောက်မြို့မှ တောင်ခြေတယ်ပင်ပြန့်စခန်းအထိ အရောက်မောင်းနှင်နိုင်သည်။ ဇလုံတောင်ရင်ပြင်ဆီသို့ လေးဖာလုံသာ ခြေကျင်တက်ရပါသည်။

တယ်ပင်ပြန့်စခန်းမှ ဇလုံတောင်ထွတ်ဆီသို့ မျှော်ကြည့်လိုက်သည့်အခါ ဇလုံတောင်ကို တစ်မျိုးတစ်ဘာသာဆန်းကြယ်လှစွာ တွေ့ရသည်။ ဤသို့တွေ့မြင်ရလျှင်ပင် ဘုရားဖူးလာသူတို့၏ စိတ်နှလုံးကို ညို့ယူဖမ်းစားနိုင်၍ ကိုယ်စိတ်နှလုံး ကြည်လင်ချမ်းမြေ့မှုအပြည့် ရကြသည်။ တောင်ခြေရင်ပြင်မှလည်း ကျောက်တောင်ထွတ်ကြီးပေါ်ရှိ ဘုရားစေတီများကို ကောင်းစွာအာရုံပြုဖူးမြော်နိုင်သည်။ ဇလုံတောင်ထိပ်ပေါ်မှနေ၍ ဇလုံတောင်ပတ်ဝန်းကျင်ကို ရှုမျှော်ကြည့်ရသည်မှာ စိမ်းညို့အုပ်ဆိုင်းလျက်ရှိသော တောရိပ်တောင်ရိပ် သဘာဝအလှတို့ဖြင့် ကြည်နူးမဆုံးနိုင်အောင် ငြိမ်းချမ်းသာယာလှသည်။ **(အပေါ်ပုံ)**

ဘုရားဖူးပြည်သူ အများစုမှာ တောင်ခြေရင်ပြင်မှ ဇလုံတောင်ထိပ်ပေါ်ရှိ ဘုရားစေတီများကို တက်ရောက်ဖူးမြော်ကြသည်။ ဤကျောက်တောင်ကြီးသည် ခမည်းတော်တောင်နှင့် မယ်တော်တောင်ဟုဆိုသော ကျောက်တောင်ကြီးနှစ်တောင် ပူးတွဲရှိနေသည်။ ဘေးအနည်းငယ်နိမ့်သောနှစ်ဖက်တွင် သားတော်တောင်နှင့် သမီးတော်တောင် ကျောက်တောင်ကြီးနှစ်တောင် တွဲနေသည်။ တောင်ကြီးပေါ်တွင် ကျောက်တောင်ကြီး တစ်ခုနှင့်တစ်ခုကြား ကျောက်ကြောမြေမှ တစ်ဆင့်ကွေ့ပတ်တက်ကူးသွားရသည်။ နှစ်ဖက်စလုံး နက်ရှိုင်းကျယ်ဝန်းလှသော ချောက်ကြီးနှင့်ဖြစ်၍ အသည်းယားဖွယ်ရာပင်။

ဤကျောက်တောင်ကြီးကို ပွင့်တော်မူလတ္တံ့သော ငါးဆူမြောက်အရိမေတ္တေယျဘုရားပွင့်မည့်မြတ်ဗုဒ္ဓ၏ သလွန်တောင်ဟု ခေါ်ခဲ့သည်။ နောင်တွင် ဒေသခံများက ဇလုံမှောက်ထားသည်နှင့်တူ၍ ဇလုံတောင်ဟု ခေါ်ကြသည်။ သက္ကရာဇ် ၄၉၂ ခုနှစ်တွင် အရှင်အရဟံရဟန္တာ အရှင်မြတ်နှင့်တပည့် အရှင်အာစာရ မထေရ်မြတ်နှစ်ပါးသည် ဂေါဒေါပလ္လင်သလွန်တောင်သို့ ကြွရောက်တော်မူလာပြီး တောင်ပေါ်၌ ကက္ကူဋ္ဌာသယချမ်းသာကြီးအောင်တော်မူ အောင်ဆုယူစေတီတော်များကို ဦးစွာတည်ထား ကိုးကွယ်ခဲ့ကြောင်း သမိုင်းစဉ်ရှိသည်။ ကျောက်တောင်ကြီးပေါ်တွင် ဘုရားတည်ခဲ့သည်မှာ သက္ကရာဇ် ၄၉၂ ခုနှစ်ကဖြစ်၍ နှစ်ပေါင်း ၈၈၃ ခုနှစ်ကြာခဲ့ပြီဖြစ်သည်။

ဇလုံတောင်တော် ဗုဒ္ဓပူဇနိယပွဲတော်ကို ၁၃၅၅ ခုနှစ်မှစ၍ နှစ်စဉ်ကျင်းပခဲ့ရာ သင်္ကြန်ကာလမှစပြီး ကဆုန်လပြည့်နေ့အထိ ရပ်နီးရပ်ဝေးမြို့ရွာများမှ ဘုရားဖူးပြည်သူများဖြင့် မပြတ်စည်ကားခဲ့သည်။ ၁၃၆၈ ခုနှစ် ကဆုန်လပြည့်နေ့တွင် တောင်ထိပ်ခမည်းတော်စေတီမှ ညဉ့် ၁၂ နာရီခန့်၌ ရောင်ခြည်တော်များ ကွန့်မြူးခဲ့ရာ ဘုရားဖူးလာသူများ ကြည်နူးဝမ်းမြောက်စွာ ဖူးတွေ့ကြရသည်။

ဤကဲ့သို့ ဗုဒ္ဓဝင်သမိုင်းစဉ်ရှိသည့် ဇန်းမောက်မြို့နယ်ရှိ အံ့ဖွယ်ဂုဏ်ဆောင်ဂေါဒေါပလ္လင် သလွန်တောင် (ဇလုံတောင်)တော်ဆီသို့ ဘုရားဖူး သွားရောက်လေ့လာရင်း လမ်းတိုးတက်ကောင်းမွန်ရေး၊ ဇရပ်၊ တန်ဆောင်း၊ ရေ၊ မီးများ ပိုမိုပြည့်စုံရေး၊ အလှူဒါန ပါဝင်ကြခြင်းဖြင့် ဇလုံတောင်တော် သာသနာပြုနိုင်ရေး နှိုးဆော်ရေးသားလိုက်ပါသည်။

ကိုမင်း(အင်းတော်)

ပြည်တွင်းသတင်း

ပြည်နယ်နှင့် တိုင်းဒေသကြီးများအတွင်း တရားမဝင်သစ်များ ဖမ်းဆီးရမိ

နေပြည်တော် ဧပြီ ၂၄

မကွေးတိုင်းဒေသကြီးအတွင်း ဧပြီ ၁၃ ရက်မှ ၁၆ ရက်အထိ တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးခဲ့ရာ ကံမမြို့နယ်ရှိ မဒေးကြိုးဝိုင်းအကွက် အမှတ် ၁၂၊၅၊၁၇၊၄၊၂၇၊ ၂၈၊၂၂၊၂၄၊၂၅နှင့် ဆက်စပ်ဧရိယာများအတွင်းမှ တရားမဝင် ကျွန်း၊ သစ်မာ၊ အခြားသား ၁၂၄ ဒသမ ၄၆၁၂ တန်၊ မီးသွေး ၄၆ အိတ် ၁၄ တန်တို့အား ချိန်းဆောတစ်လက်၊ သစ်စက်တစ်လုံးနှင့် ဆက်စပ်ပစ္စည်းများနှင့်အတူ ပိုင်ရှင်မဲ့ ဖမ်းဆီးရမိခဲ့သည်။ ထို့အတူ ဧပြီ ၁၄ ရက်တွင် ကံမမြို့နယ် မီးပေါက်အလယ်ရွာနေ ဦးအေးလွင်နေအိမ်မှ ဘက်ခွဲသား ၁ ဒသမ ၅၈၉၆ တန်အား သစ်ပိုင်ရှင်နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ပဲခူးတိုင်းဒေသကြီးအတွင်း ဧပြီ ၄ ရက်မှ ၁၂ ရက်အထိ ပဲခူး၊ ဒိုက်ဦး၊ ကျောက်တံခါး၊ မင်းလှနှင့် သာယာဝတီမြို့နယ်တို့တွင် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးခဲ့ရာ တရားမဝင်သစ်မာ၊ အခြားသား ၁၇ ဒသမ ၉၅၄၄ တန်အား တရားခံခုနစ်ဦး၊ ယာဉ်ခြောက်စီးနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ကျွန်းသစ်မာ ၇၇ ဒသမ ၈၀၂ တန်၊ ထင်း ၁၃ ဒသမ ၉၃၉၂ တန်ကိုလည်း ယာဉ်တစ်စီးနှင့်အတူ ပိုင်ရှင်မဲ့ ဖမ်းဆီးရမိခဲ့သည်။

ထို့ပြင် တောင်ငူမြို့နယ်နှင့် အုတ်တွင်းမြို့နယ်တို့တွင် ကျွန်း၊ သစ်မာ၊ အခြားသား ၃၁ ဒသမ ၆၉၉၂ တန်ကို ပိုင်ရှင်မဲ့အဖြစ်လည်းကောင်း၊ တောင်ငူမြို့နယ်တွင် ကျွန်း/တိုင်/ခွဲသား ၂ ဒသမ ၅၃၉၂ တန်၊ စက်တစ်လုံးကိုလည်းကောင်း တရားခံလေးဦးနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဧပြီ ၆ ရက်မှ ၁၀ ရက်အထိ တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးခဲ့ရာ ပင်လည်ဘူးမြို့နယ်၊ ဝန်းသိုမြို့နယ်၊ မင်းကင်းမြို့နယ်တို့တွင် တရားမဝင် ကျွန်း/အခြားသား ၃၂ ဒသမ၃၇ တန်၊ စက်တစ်လုံး၊ အင်ဂျင်တစ်လုံး၊ လှည်းတစ်စီးနှင့် ဆက်စပ်ပစ္စည်း ငါးမျိုးတို့အား ပိုင်ရှင်မဲ့ဖမ်းဆီးရမိပြီး ကသာမြို့နယ်နှင့် စစ်ကိုင်းမြို့နယ်တို့တွင် သစ်မာ ၈ ဒသမ ၅၄၃၄ တန်အား တရားခံ ခုနစ်ဦး၊ စက်လှေနှစ်စီးနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း ဧပြီ ၁၀ ရက်မှ ၁၃ ရက်အထိ မအူပင်မြို့နယ်နှင့် ငပုတောမြို့နယ်တို့တွင် တရားမဝင် သစ်မာ/အခြားသား ၂၁ ဒသမ ၅၆၂၈ တန်အား ပိုင်ရှင်မဲ့အဖြစ်လည်းကောင်း၊ အခြားသား ၁၁ ဒသမ ၆၇၄၂ တန်အားလည်းကောင်း တရားခံ ရှစ်ဦးနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ရှမ်းပြည်နယ် လွိုင်လင်ခရိုင်အတွင်း၌ ဧပြီ ၇ ရက်က တရားမဝင်ထင်းရှူးခွဲသား ၇ ဒသမ ၃၆ တန်အား တရားခံသုံးဦးနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်အတွင်းမှ တရားမဝင် ကျွန်း/သစ်မာ/အခြား ၂၂ ဒသမ ၈၀၃၆ တန်၊ အခြားသား ထင်း ၁၈ ဒသမ ၆၉၀၂ တန်နှင့် မီးသွေးအိတ် ၈၆ အိတ် ၁၃ ဒသမ ၇၆ တန်အား ပိုင်ရှင်မဲ့ ဖမ်းဆီးရမိခဲ့သည်။

အရေးယူ

အဆိုပါ ဖမ်းဆီးရမိမှုများနှင့် ပတ်သက်၍ သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

အခမဲ့ဆေးခန်းသို့ အလှူငွေပေးအပ်

ပုသိမ် ဧပြီ ၂၄

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ် အောင်ဆန်းလမ်း၌ ဖွင့်ထားသော စေတနာကုသိုလ်ဖြစ် အခမဲ့ဆေးခန်းသို့ ရေကြည်မြို့နယ်အတွင်းရှိ အုပ်ချုပ်ရေးမှူးများနှင့် စာရေးများက ဦးဆောင်လှူဒါန်းသော အလှူငွေကျပ် ၈၈၀၀၀ နှင့် ဦးကြည်ဝင်းမိသားစုက လှူဒါန်းငွေကျပ် ၅၀၀၀၀ လှူဒါန်းပွဲကို ဧပြီ ၁၀ ရက်က ကျင်းပရာ တာဝန်ခံဆရာမက လက်ခံယူသည်။

စေတနာကုသိုလ်ဖြစ် ဆေးခန်း၌ အဘိုးအဘွား ၁၈၀ ဆေးကုသခံယူလျက်ရှိပြီး ကုသိုလ်ဖြစ်အခမဲ့ဆေးခန်းသို့ လှူဒါန်းလိုသူများသည် ဦးခင်မောင်ထွန်း ဖုန်း-၀၉-၈၅၈၃၀၅၇၊ ဦးမန်ဆူး ဖုန်း-၀၉-၈၅၈၃၀၇၈ နှင့် ဦးစိုးအောင် ဖုန်း-၀၉-၄၅၁၂၄၄၂၃၇ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်၍ ဗုဒ္ဓဟူးနေ့တိုင်း အခမဲ့ဆေးကုသပေးလျက်ရှိပြီး ကုန်ကျစရိတ်မှာ ဆေးဖိုးတစ်နေ့လျှင် ငွေကျပ် တစ်သိန်းနှစ်သောင်း ကုန်ကျကြောင်းသိရသည်။ (၁၈၁)

ဘုရားကျောင်းကန် ခြွင်းမချန် မီးရန်သတိထားပါ

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ ရန်အောင်ရပ်၊ အထက(၁)လမ်း၊ အမှတ်(၇၆/၇၇)နေ
ဦးသိန်းထွန်းဝင်း-ဒေါ်ယဉ်ယဉ်(သိန်းထွန်းဝင်း-ပွဲရုံ)တို့၏ ဒုတိယသားလတ်၊
ကိုမင်းမင်းအောင် A.G.T.I(E.P), B.Ecom၊
ဒါရိုက်တာ(ရွှေထနောင်းစိုက်ပျိုးထုတ်လုပ်မှုကုမ္ပဏီလီမိတက်)၏ညီ၊
မနှင်းအိရိုင်၊ မဟန်နီလာဝင်း B.Sc(Botany)၊ မောင်အောင်ခိုင်စိုး First Year(Chemistry) တို့၏အစ်ကို
မောင်သိန်းမြင့်အောင် A.G.T.I(E.C), B.Sc(Maths)
နှင့်
ဧရာဝတီတိုင်းဒေသကြီး၊ ကြံခင်းမြို့၊ ရွာသစ်ရပ်၊ သိပ္ပံလမ်း၊ အမှတ်(၈၀)နေ
ဦးစံရွှေ(မှူ/အုပ်-ငြိမ်း)-ဒေါ်မြင့်မြင့်အေးတို့၏သမီး၊
ဦးကျော်မိုးအောင်(တည်ဆောက်ရေး-၉၊ဆည်မြောင်းဦးစီးဌာန)-ဒေါ်ကျော့ကျော့ခိုင်တို့၏ညီမ
ဒေါက်တာလင်းလင်းထိုက် Ph.D(Chemical)
ဒုတိယပါမောက္ခ၊ ဓာတုအင်ဂျင်နီယာဌာန၊ နည်းပညာတက္ကသိုလ်(မန္တလေး)
တို့သည် ၁၃၇၅ခု တန်ခူးလဆန်း ၉ရက် (၁၉-၄-၂၀၁၃ရက်) သောကြာနေ့တွင် နှစ်ဖက်သောမိဘဆွေမျိုး မိတ်သင်္ဂဟများနှင့် ဂုဏ်သရေရှိ လူကြီးမင်းများ၏ ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်း ပြီးစီးပါကြောင်း။
နှစ်ဖက်သောမိဘများနှင့်
မောင်သိန်းမြင့်အောင်-ဒေါက်တာလင်းလင်းထိုက်

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ အောင်စေတနာ ၅လမ်း၊
အမှတ်(ခ/၃၁၈)နေ
ဦးစိုးဝင်း(ဦးစီးအရာရှိ-ငြိမ်း၊ ဆည်မြောင်း)-ဒေါ်မြစိန်တို့၏
ဒုတိယသား
မောင်မင်းညီညီ B.Sc (Bot:)
နှင့်
တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ အမှတ်(၄၃)၊ အမကကျောင်းလမ်း၊
မြစ်ငယ်ရပ်နေ
ဦးဇော်ဝင်း(ခ)ဦးမောင်လေး-ဒေါ်ခင်မြင့်ချိုတို့၏ ပထမသမီး
မဆုမွန်ဖြိုး B.Sc (Phys:)
တို့သည် ၁၀-၄-၂၀၁၃ရက်တွင် နှစ်ဖက်သော မိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိလူကြီးမင်းများ၏ ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။
နှစ်ဖက်သောမိဘများနှင့် မောင်မင်းညီညီ-မဆုမွန်ဖြိုး

ယာဉ်မှတ်ပုံတင်မိတ္တူပျောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၃၈၅၈၄၊ Honda C90 Custom cmv, M/C ယာဉ်လက်ဝယ်ရှိသူ ဦးသန်းဝင်း ၉/မကန(နိုင်)၀၆၁၈၁၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

အမည်ပြောင်း

ဦးစိုင်းလုံ၏သား ကျိုင်းတုံမြို့၊ အထက (၁)၊ စတုတ္ထတန်း(က)မှ မောင်စိုင်းလောင်ရှန်အား ပိုင်ဟိန်းစံဟု ပြောင်းလဲခေါ်ပါရန်။
ပိုင်ဟိန်းစံ

အမည်မှန်

ဦးဆမ်မိန်း၏သမီး ကျိုင်းတုံမြို့၊ အထက (၃)၊ ဆဋ္ဌမတန်း(က)မှ မနော်ဟာနမိန်း၏ အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ မအီတောင်း ဖြစ်ပါသည်။
မအီတောင်း

လူပျောက်

မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ၃၁(ဃ) ဦးဘအိုလမ်းသွယ်နေ နော်မေသူသူဇော် အသက်(၁၉)နှစ်သည် မော်ဘီအိမ်သို့ပြန်မရောက်ဘဲ ပျောက်သွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးရန်နှင့် လက်ခံထားသူအား ထိရောက်စွာ အရေးယူမည်။
နော်မယ်စေး ၁၂/ဒဂန(နိုင်)၀၀၆၃၁၈
ဖုန်း-၀၉-၈၆၁၄၀၂၁၊
၀၉-၅၀၈၇၄၅၃၊ ၀၉-၇၃၂၃၄၀၆၇

25-4 (15).pmd 1 4/23/2013, 8:09 PM

ကြော်ငြာ

ရွှေရတုမင်္ဂလာဆုတောင်း

စစ်ကိုင်းမြို့၊ ပါရမီရပ်နေ ဖေဖေဗိုလ်မှူးတင်အုန်း(ငြိမ်း)-မေမေ ဒေါ်ခင်စန်းဝင်းတို့၏ (၂၅-၄-၂၀၁၃) ရက်နေ့တွင် ကျရောက်သော ရွှေရတုမင်္ဂလာရက်မြတ်မှသည် စိန်ရတုတိုင် နှောင်နှစ်ပေါင်းများစွာ လောကီ၊ လောကုတ္တရာ အကျိုးအတွက် ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာစွာဖြင့် လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ပါသည်။

သမီး - မောင်စိုးပိုင်-မလှလှဦး(မြေး)မအိမ့်မှူးကို
သား - မောင်ကျော်ကျော်စိုး-မစန်းစန်းခိုင်
(မြေး)မအိဖြူကျော်၊ မောင်ထက်အောင်ကျော်
သား - မောင်တင်မိုး
သမီး - မချိုချိုတင်
သား - မောင်မျိုးဇင်အုန်း-မသက်သက်ဦး

အငှားရထားနာမိုး CAR RENTAL

မြို့တွင်း၊ မြို့ပြင်၊ နယ်ချပ်၊ လချုပ်၊ ရက်ပိုင်း ငှားရန် Probox, AD Van များ

ကိုဈေးနှုန်းချိုသာစွာဖြင့် စိတ်တိုင်းကျငှားရမ်းပေးနေပါသည်။

အမှတ်-၁၂၇၊ ၂၁လမ်း၊ လသာမြို့နယ်။ဖုန်း-၀၉၇၃၀၃၈၁၂၀။

U WYNN KYI MAUNG Challenging Courses of English

1. The Analytical Approach to Grammar A to Z Course
2. Translation plus Essay Course
3. The Rudiments of English Speaking Course

အင်္ဂလိပ်စာအကုန်အစင် (The ins and outs of English Grammar) ကို အောက်ပါပုဂ္ဂိုလ်တို့အတွက် ရည်စူး၍ CCA သင်ကြားနည်းဖြင့် အတတ်ဆွေးနွေးသင်ကြားသည်-
(၁) ပြည်ပတက္ကသိုလ်ကျောင်း စသည်တို့တွင် ပညာသင်ဆုလျှောက်ထားလိုသူများ၊
(၂) ပြည်တွင်း-ပြည်ပ အဆင့်မြင့်ရာထူးကြီးများတွင် တာဝန်ထမ်းဆောင်လိုသူများ၊
(၃) အင်္ဂလိပ်စာ ဆရာအဖြစ် လုပ်ကိုင်အသက်မွေးဝမ်းကျောင်းပြုလိုသူများ၊

4.5.2013 စ၍ ၆ လပြတ် တန်းခွဲသစ်များ စတင်မည်။

၃၃ လမ်း (ဗိုလ်ချုပ်လမ်းထိပ်)၊ ခိုင်ရွှေဝါစားသောက်ဆိုင်အပေါ်ထပ်၊ ရန်ကုန်။
☎ : 09 431 223 60 ☎ : 01 584 997

ဖြည့်စွက် ဖတ်ရှုပါရန်

၂၀၁၃ ခုနှစ် ဧပြီလ ၁၉ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ ကြော်ငြာစာမျက်နှာအချပ်ပို(က)ပါ ကန့်ကွက်နိုင်ပါကြောင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ် (၁၀)ရပ်ကွက်၊ တိုက်အမှတ်(၁၅၈)ခုနစ်လွှာ ညာဘက်ခန်းဟု ဖော်ပြရာ၌ လမ်းအမည်မှာ လမ်း(၅၀)ဟု ဖြည့်စွက်ဖတ်ရှုပေးပါရန်။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁၊ မြေကွက်အမှတ် ၂၉၄၊ မြေကွက်တည်နေရာ အမှတ်(၂၉၄)၊ (၇)လမ်း၊ (၁၁)ရပ်ကွက်၊ တောင်ဥက္ကလာပ၊ ဦးအောင်မြင့် အမည်ပေါက်နှစ်(၆၀)ဂရန် မြေအား အမည်ပေါက် ဦးအောင်မြင့် ၁၂/ဥကတ(နိုင်)၀၁၅၂၂၇ မှ ၁၉၉၇ ခုနှစ်တွင် ကူးယူခဲ့သော အရောင်းအဝယ်စာချုပ်ရန် မြေပုံ၊ မြေရာဇဝင် ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၂၉၇(၂-၄-၂၀၁၃)ကို တင်ပြ၍ မြေကွက်ခွဲစိတ်ရန်နှင့် အရောင်းအဝယ် စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဦးမောင်မောင်စိုး(ခ)မုဟမ္မဒ်အလီနှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ အသားထုတ်လုပ်ရေးဌာနခွဲ (အမဲ၊ သိုး၊ ဆိတ်)ဝင်း၊ လိုင်စင်စီအလုပ်အမှုဆောင်အဖွဲ့ စားသောက်ဆိုင် (ယခင်အမှတ် ၃၀၂-ခ၊ အောင်ချမ်းသာလမ်း၊ ကြီးပွားရေးရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်)နေ ဒေါ်ခင်သန်း (ခ)ရရှီလာ ၁၂/သဃက(နိုင်)၁၉၂၂၈၀၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ဒေါ်ခင်သန်း(ခ)ရရှီလာနှင့် ဦးမောင်မောင်စိုး(ခ)မုဟမ္မဒ်အလီ(ဒဂုံမြို့သစ်)တောင်ပိုင်းမြို့နယ်၊ (၁၀၆)ရပ်ကွက်၊ သံလွင်လမ်း၊ အမှတ် ၅၀တွင်နေထိုင်သူတို့သည် အစ္စလာမ်တရားတော်အရ နိကာဟ် ထိမ်းမြားခဲ့ပြီး၊ သမီး နှစ်ဦးထွန်းကားခဲ့ပါသည်။ ဦးမောင်မောင်စိုး(ခ)မုဟမ္မဒ်အလီသည် လွန်ခဲ့သော ရှစ်နှစ်ခန့်မှစ၍ ဇနီးသည်ဖြစ်သူအား စရိတ်မထောက်ပံ့ခြင်း၊ မိမိ၏သဘောဆန္ဒအလျောက် နေအိမ်မှ ဆင်းသွားခဲ့ပြီးနောက် ဇနီးဖြစ်သူအား အမျိုးမျိုး အနှောင့်အယှက်ပြုခြင်း၊ ဇနီးနှင့်သမီးများအပေါ် ထမ်းဆောင်ရမည့် တာဝန်ဝတ္တရားများ ပျက်ကွက်ခြင်းများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အိုလမာ-အစ္စလာမ် သာသနာ့ပညာရှင်များအဖွဲ့ချုပ် (ဗဟိုမွေ့သတ်ခုံရုံး)၏ မွေ့သတ်ဆုံးဖြတ်ချက် ပြန်ကြားစာအရ လင်ခန်းမယားခန်း (သဖ်ရီးက်) ဖျက်သိမ်းကြောင်းနှင့် ယင်းသို့ သဖ်ရီးက် ပြုလုပ်လိုက်သောကြောင့် အစ္စလာမ်ရှရီအသ်တရားတော်အရ ကွာရှင်းမှု အတည်ပြုခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ အတည်ပြုချက်အရ ၉-၂-၂၀၁၃ရက်မှစ၍ ဦးမောင်မောင်စိုး(ခ)မုဟမ္မဒ်အလီအား ခင်ပွန်းအဖြစ်မှ အပြီးအပြတ်ကွာရှင်း ပြတ်စဲလိုက်ပြီဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ယင်းသို့ အစ္စလာမ်တရားတော်နှင့်အညီ ကွာရှင်းပြတ်စဲပြီးဖြစ်သည့်အလျောက် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်သန်း(ခ)ရရှီလာသည် ဦးမောင်မောင်စိုး(ခ)မုဟမ္မဒ်အလီနှင့် မည်သို့မျှ ပတ်သက်စပ်ဆိုင်ခြင်း လုံး၀ (လုံး၀) မရှိတော့သဖြင့် ကျွန်ုပ်၏မိတ်ဆွေ အရေးကိစ္စများအား ဝင်ရောက်နှောင့်ယှက်၊ တားဆီး၊ ဟန့်တား၊ ပိတ်ပင်ကန့်ကွက်ခြင်းများ မပြုလုပ်ရန်နှင့် တစ်စုံတစ်ရာ ပြုလုပ်လာပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးခင်မောင်မြင့်	ဦးအောင်မျိုးခိုင်	ဦးကိုကြည် B.Sc, Dip. Aq, H.G.P, R.L,
LL.B, D.B.L, D.M.L, D.I.L	LL.B	D.B.L, D.M.L, D.I.L
တရားလွှတ်တော်ရှေ့နေ	အထက်တန်းရှေ့နေ	တရားလွှတ်တော်ရှေ့နေ
ဖုန်း-၀၉-၄၃၀၃၂၁၈၁		ဖုန်း-၀၉-၄၂၁၁၂၄၀၂၂

အမှတ် ၈၈၀၊ (၁၁)လမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၃/မာန်ပြေရပ်ကွက်၊ ၈-လမ်းအရှေ့ အမှတ်(၃၆၃/က) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့နှင့် ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၊ လူနေရပ်ကွက်အမှတ်-၃၊ မြေကွက်အမှတ်(၃၆၃/က)၊ မြေဧရိယာ(၀.၀၂၇)ဧက ခန့်ရှိ၊ နှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၃၆၃/က)၊ ၈-လမ်းအရှေ့၊ ၃/မာန်ပြေရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့ဟု ခေါ်တွင်သော ဦးစိုးဝင်း TKA-၀၂၁၃၄၉ အမည်ပေါက်ပိုင်ဆိုင်သော အထက်ဖော်ပြပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ် အဆောက်အအုံတို့နှင့် ပတ်သက်ဆက်နွယ်သော အကျိုးခံစားခွင့် အရပ်ရပ်တို့အား

(၁) ဒေါ်စန္ဒာဝင်း ၁၂/သကတ(နိုင်)၁၃၃၀၀၂
(၂) ဒေါ်ဝင်းဝင်းစိုး ၁၂/သကတ(နိုင်)၁၄၁၁၉၅
(၃) ဒေါ်မြတ်မြတ်စိန် ၁၂/သကတ(နိုင်)၁၄၁၁၉၉
(၄) ဒေါ်မြမြ ၁၂/သကတ(နိုင်)၁၆၅၄၃၆
(၅) ဦးသူရစိုး ၁၂/သကတ(နိုင်)၁၄၁၁၉၆ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အိအိဆွေ ၁၄/ဖပန(နိုင်)၁၀၉၆၈၂ သည် ဥပဒေနှင့်အညီ လက်ရောက်လက်ခံ ဝယ်ယူထားပြီး ဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ် အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့အား ကျွန်ုပ်မိတ်ဆွေ၏ တရားဝင် ခွင့်ပြုချက်မရရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်လှူဒါန်းခြင်း၊ အာမခံတင်သွင်းခြင်း၊ ကျူးကျော်ဝင်ရောက်နေထိုင်ခြင်းတို့ ပြုလုပ်ခွင့်မရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမြတ်ထွေး
LL.B, Wipo (Switzerland)
အထက်တန်းရှေ့နေ (စဉ်-၂၇၂၀၇)
အမှတ်(၁၃၂)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၂၁၀၈၇၃၈၆

ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂ဂျေ၊ မြေကွက်အမှတ် ပဋ္ဌမတန်းစား ၁၃၊ မြေကွက် တည်နေရာ၊ အမှတ်၅၊ ဓမ္မာရုံလမ်း၊ ကန်/တောင် ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဒေါ်မြကြွယ်၊ ဒေါ်မြကျင် အမည်ပေါက် နှစ် ၆၀ဂရန် မြေအား အမည်ပေါက်တစ်ဦး ဒေါ်မြကြွယ် ကွယ်လွန်သဖြင့် ကိုတ္တိမမွေးစားစာချုပ် $\frac{၁၄၃၁/၈၀}{၂၆-၁၂-၈၀}$ ဖြင့် ပိုင်ဆိုင်သူ ဒေါ်တင်လှ $\frac{CF-၁၀၆၃၂၂}{၁၂/မဂတ(နိုင်)၀၄၇၀၄၅}$ က သမီးတော်စပ်ကြောင်းကျမ်းကျိန်လွှာတင်ပြ၍ ကျန်အမည်ပေါက်ဒေါ်မြကျင်ထံမှဂျီပီ $\frac{၁၁၃၈/၁၃}{၂၁-၁-၁၃}$ ရသူ ဦးသူရဇော်၁၂/မဂတ(နိုင်)၀၉၀၀၈၆နှင့် ပူးတွဲ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် မြေပုံကူး လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/နွယ်အေး၊ မြေကွက်အမှတ် ၁၈၇၊ မြေကွက်တည်နေရာ ၁၈၇၊ မာလာနွယ်လမ်း၊ နွယ်အေးရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ဦးမောင်စိုး အမည်ပေါက် နှစ် ၆၀ဂရန် မြေအား အမည်ပေါက် ဦးမောင်စိုး(ခင်ပွန်း)ကွယ်လွန်သဖြင့် ဒေါ်တင်ကြွေ ၁၂/ဒပန(နိုင်)၀၃၂၂၀၀ က တစ်ဦးတည်းသောဇနီး တော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေဆုံးကြောင်းရပ်ကွက်နှင့်မြို့နယ် ထွေ/အုပ် ထောက်ခံစာ၊ တိုင်းကျန်းမာရေး ဦးစီးပြန်စာတို့တင်ပြ၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၉၊ မြေကွက်အမှတ် ၅၄၃/ခ၊ မြေကွက်တည်နေရာအမှတ် ၅၄၃/ခ၊ ဥယျာဉ်လမ်း၊ ၁၉ ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် ဦးဘစောတင်KPU-၀၉၃၇၅၉ အမည်ပေါက်နှစ်၆၀ မြေငှားဂရန်မြေအား အမည်ပေါက် ဦးဘစောတင်ထံမှ အထူးကိုယ်စားလှယ်လွှဲစာ အမှတ် $\frac{၁၅၂၈၇}{၁၈-၈-၁၁}$ ရသူ ဒေါ်မြင့်မြင့်သန်း ၁၂/ရကန(နိုင်)၀၂၁၄၆၅ က အထူးကိုယ်စားလှယ် လွှဲအပ်သူ ဦးဘစောတင်သည် ယနေ့တိုင် သက်ရှိထင်ရှားရှိကြောင်း၊ လွှဲအပ်ထားသော အထူးကိုယ်စားလှယ်လွှဲစာကိုလည်း ယနေ့ထက်တိုင် ပြန်လည်ရုပ်သိမ်းခြင်းမရှိသေးပါကြောင်း တင်ပြ၍ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာ

မီးဘေးလုံခြုံရေးအသိပညာပေးအစီအစဉ်များ အသိပေးကြော်ငြာခြင်း

၅-၅-၂၀၁၃ရက်တွင်ကျရောက်မည့် (၆၇)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့တွင် အမှတ်(၂၇၅/ဘီ)၊ ပြည်လမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့ရှိ မီးသတ်သုတေသနနှင့် မီးဘေးလုံခြုံရေး အသိပညာပေးရေးဌာနအား စတင်ဖွင့်လှစ်ပါမည်။ ဖွင့်လှစ်ပြီးနောက် မီးဘေးလုံခြုံရေး အသိပညာပေးအစီအစဉ်များကို အောက်ပါအတိုင်း ဆောင်ရွက်မည်ဖြစ်ပါသည်။

(က) ၆-၅-၂၀၁၃ရက်မှ ၁၂-၅-၂၀၁၃ရက်အထိ နေ့စဉ် နံနက် (၀၉း၀၀) နာရီမှ ညနေ(၁၆း၀၀)နာရီအထိ ခုနစ်ရက်တိတိ လုပ်ငန်းရှင်များမှ ပြသမည့် မီးသတ်ပစ္စည်းကိရိယာပြခန်းများအား ဖွင့်လှစ်ပြသပါမည်။

(ခ) မီးဘေးလုံခြုံရေး အသိပညာပေးအစီအစဉ်များကို ၇-၅-၂၀၁၃ရက်မှစ၍ နံနက်(၀၉း၃၀)နာရီမှ (၁၁း၃၀)နာရီအထိ တစ်ကြိမ်နှင့် မွန်းလွဲ(၁၃း၀၀) နာရီမှ (၁၅း၀၀)နာရီအထိတစ်ကြိမ် ရုံးဖွင့်ရက်အတိုင်း ပြုလုပ်ပေးပါမည်။

(ဂ) မီးသတ်ပြခန်းများအား ၆-၅-၂၀၁၃ရက်မှစ၍ ရုံးဖွင့်ရက်တိုင်း နံနက် (၀၉း၀၀)နာရီမှ (၁၆း၀၀)နာရီအထိ ဖွင့်လှစ်ထားရှိပါမည်။

မီးသတ်ဦးစီးဌာန

မီးဘေးလုံခြုံရေးတာဝန်ခံ (Fire Safety Manager) သင်တန်းများဖွင့်လှစ်မည့်အစီအစဉ် အသိပေးကြော်ငြာခြင်း

မီးဘေးအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးအသိပညာများ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရေး အသိပညာပေးအစီအစဉ်အဖြစ် မီးဘေးလုံခြုံရေး တာဝန်ခံ(Fire Safety Manager)သင်တန်းအား မီးသတ်သုတေသနနှင့် မီးဘေး လုံခြုံရေး အသိပညာပေးရေးဌာန အမှတ်(၂၇၅/ဘီ)၊ ပြည်လမ်း၊ မြေနီကုန်း၊ စမ်းချောင်း မြို့နယ်၊ ရန်ကုန်မြို့တွင် သင်တန်းသား(၅၀)ဖြင့် လစဉ်ဖွင့်လှစ်သွားမည် ဖြစ်ပါ သည်။ အဆိုပါသင်တန်းသို့ နိုင်ငံတော်ပိုင်/ပုဂ္ဂလိကပိုင် စက်ရုံ/အလုပ်ရုံ၊ သိုလှောင် ရုံများ၊ ဟိုတယ်/မိုတယ်/တည်းခိုရိပ်သာများ၊ ကုမ္ပဏီများ၊ ဈေးများ၊ မီးဘေးစိုးရိမ် ရသောလုပ်ငန်းများတွင် မီးဘေးလုံခြုံရေးတာဝန်ခံအဖြစ် တာဝန်ထမ်းဆောင်မည့်သူများ တက်ရောက်နိုင်ပါသည်။ သင်တန်းသား အရည်အချင်းသတ်မှတ်ချက်အနေဖြင့် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီး အသက်(၄၅)နှစ်မကျော်သူ၊ ကျန်းမာရေးကောင်းမွန်သူ ဖြစ်ရပါမည်။ (အသေးစိတ်သိလိုပါက ဖုန်း-၀၁-၂၃၀၅၅၉၆၊ ၀၁-၂၃၀၅၅၉၇၊ ၀၁-၆၆၃၃၅၆၊ ၀၁-၆၆၂၁၅၂တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

မီးသတ်ဦးစီးဌာန

ဝမ်းနည်းကြေကွဲခြင်း
ဗိုလ်မှူးကြီးမြသန်း(ငြိမ်း)
လေ-၁၃၈၆
အသက်(၇၉)နှစ်

ဗိုလ်မှူးနေလင်း(ရေ-ငြိမ်း)-ဒေါ်ခင်ပပဝင်းတို့၏ဖခင် ဗိုလ်မှူးကြီးမြသန်း(ငြိမ်း) သည် ၁၈-၄-၂၀၁၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ဝမ်းနည်း ကြေကွဲရပါကြောင်း။ **စစ်တက္ကသိုလ် အမှတ်စဉ်(၃၂)မှ သူငယ်ချင်းများ**

အထူးဝမ်းနည်းကြေကွဲခြင်း
ဗိုလ်မှူးကြီးကျော်လွင်
ပြန်တမ်းဝင်အမှတ် ကြည်း-၁၄၅၁၉၊ တဇ(၅)
အသက်(၅၇)နှစ်

အမှတ်(၇၁)၊ သံချပ်ကာစစ်ဆင်ရေး ကွပ်ကဲမှုဌာနချုပ် ခေတ္တတပ်မမှူး ဗိုလ်မှူးကြီး ကျော်လွင်သည် ၂၁-၄-၂၀၁၃ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

သီလဝါကြက်ကလပ်အသင်းဝင်များ၊ ရမည်းသင်းမြို့

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါ်နီနီအောင်(ပြည်မြို့)
အသက်(၅၇)နှစ်

ပြည်မြို့၊ အမှတ်(၂)၊ လမ်းမတော်လမ်း၊ မီးရထားတိုက်ခန်းနေ ဒေါ်နီနီအောင်သည် ၂၁-၄-၂၀၁၃ ရက် ည ၈း၃၀နာရီတွင် ရုတ်တရက်ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

Shwe Taik International Trading Co.,Ltd.
Yadana Shwe Pyi Travel and Tours

ဝမ်းနည်းကြေကွဲခြင်း

ဦးတင်ထွန်း B.Ed-74၊ အထကပြ(ငြိမ်း)၊ အထက၊ ဇီးကုန်းမြို့၊ ကန့်ဘလူမြို့နယ်၊ ရွှေဘိုခရိုင်သည် ၂၂-၃-၂၀၁၃ ရက်တွင် ကွယ်လွန် ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။ သူငယ်ချင်း မြင့်မြတ်ရာဘုံဘဝသို့ရောက်ပါစေ။

(၁၉၆၉-၁၉၇၄) ပညာရေးဘွဲ့ရသူငယ်ချင်းများ
ရန်ကုန်ပညာရေးတက္ကသိုလ်

ဝမ်းနည်းကြေကွဲခြင်း
မောင်အာကာဦး
အသက်(၂၈)နှစ်

သူငယ်ချင်း ဗိုလ်မှူးသက်နိုင်ဦး(လေ)-ဒေါ်နီနီမာတို့၏သား မောင်အာကာဦး အသက်(၂၈)နှစ်သည် ၂၁-၄-၂၀၁၃ရက် (တနင်္ဂနွေနေ့) ည ၇း၃၀နာရီတွင် ကွယ်လွန် သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၈၅)မှ
ကျောင်းဆင်းဖက်သူငယ်ချင်းများ

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ဦးဆောင်မှု၊ မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း၏ ကြီးကြပ်မှုတို့ဖြင့် အောက်ဖော်ပြပါ ဟိုတယ်ဧည့်ဝန်ဆောင်မှုသင်တန်းများအား ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း သင်တန်းဌာန(ရန်ကုန်)တွင် ဖွင့်လှစ်သွားမည် ဖြစ်ပါသည်။

စဉ်	သင်တန်းအမျိုးအစား	အနည်းဆုံးပညာအရည်အချင်း
၁။	ဧည့်ကြိုလုပ်ငန်းသင်တန်း (အဆင့် ၁)	ဒုတိယနှစ်၊ ဘွဲ့ရများ
၂။	အိပ်ခန်းဆောင်ထိန်းသိမ်းရေးသင်တန်း (အဆင့် ၁)	တက္ကသိုလ်ဝင်တန်း
၃။	အစားအစာနှင့်အဖျော်ယမကာ ဧည့်ခံကျွေးမွေးရေးသင်တန်း (အဆင့် ၁)	တက္ကသိုလ်ဝင်တန်း
၄။	အစားအစာနှင့်အဖျော်ယမကာ ထုတ်လုပ်ရေးသင်တန်း (အဆင့် ၁)	တက္ကသိုလ်ဝင်တန်း
၅။	အရှေ့တိုင်းအစားအစာထုတ်လုပ်ရေး သင်တန်း (အဆင့် ၁)	ဤသင်တန်းဌာနမှ အခြေခံ(အဆင့်၁)အစားအစာထုတ်လုပ်ရေးသင်တန်း တက်ရောက်ပြီးသူ ဖြစ်ရမည်
၆။	ဟိုတယ်ဆိုင်ရာကြီးကြပ်ရေး သင်တန်း(အဆင့်-၂) (စီမံ/ဘဏ္ဍာ) (အခန်းဌာန) (အစားအစာနှင့်အဖျော်ယမကာဌာန)	- စီးပွားရေးပညာဘွဲ့ရရှိပြီးသူ(သို့)ဘွဲ့တစ်ခုခုရပြီး စာရင်းကိုင်ပညာအခြေခံကျွမ်းကျင်သူ။ - တက္ကသိုလ်ဘွဲ့တစ်ခုခုရရှိပြီး ဤသင်တန်းဌာနမှ သက်ဆိုင်ရာဌာန၏ အဆင့်(၁) သင်တန်းတစ်ခုအောင်မြင်ပြီးသူ (သို့)တစ်နှစ်လုပ်ငန်းအတွေ့အကြုံရှိသူ ဖြစ်ရပါမည်။

သင်တန်းကာလ။ ၂၉-၄-၂၀၁၃ရက်မှ ၂၁-၆-၂၀၁၃ရက်အထိ

သင်တန်းဆိုင်ရာအချက်အလက် ဆက်သွယ်စုံစမ်းရန်

လျှောက်လွှာများကို ကန်တော်ကြီးဟိုတယ်ရှေ့ရှိ သင်တန်းဌာနတွင် ဝယ်ယူနိုင်ပြီး ဓာတ်ပုံ တစ်ပုံ၊ ပညာအရည်အချင်းမိတ္တူ၊ ကျန်းမာရေးထောက်ခံစာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံစာ ပူးတွဲတင်ရမည်။

ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းသင်တန်းဌာန
ကန်ရိပ်သာလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၃၉၄၈၃၆

စန္ဒရား/ကီးဘုတ်

မြန်မာသံစဉ်၊ ခေတ်ပေါ် အိမ်လာ သင်ကြားပေးမည်။

မောင်ချိုမင်း (ကန္တာရဝတီ)
ဒဂုံမြို့သစ်(မြောက်ပိုင်း)
ဖုန်း-၀၉-၄၂၀၀၉၀၇၂၄၊၀၉-၇၃၂၁၇၈၂၃

အမည်မှန်

ကြံခင်းမြို့၊ အလက(ရွာသစ်တောင်)၊ စတုတ္ထတန်းမှ ဦးဝေဇင် ၁၄/ကခန(နိုင်) ၀၀၀၆၉၂၏သား မောင်အောင်မင်းဟိန်း၏ အမည်မှန်မှာ မောင်ချမ်းလင်းခန့် ဖြစ်ပါသည်။

မောင်ချမ်းလင်းခန့်

ဝမ်းနည်းကြောင်း

ဒေါ်မိုးသီတာထွေး(ကထိက၊ မနုဿဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်)၏ ဖခင် ဦးထွန်းသိန်း(ခ)ဦးထွန်းရွှေ အသက်(၈၅)နှစ်သည် ၂၂-၄-၂၀၁၃ ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရ ပါကြောင်း။ **မနုဿဗေဒမိသားစု၊ ရန်ကုန်တက္ကသိုလ်**

ဝမ်းနည်းကြောင်း

ဒေါ်မိုးသီတာထွေး(ကထိက၊ မနုဿဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်)၏ ဖခင် ဦးထွန်းသိန်း(ခ)ဦးထွန်းရွှေ အသက်(၈၅)နှစ်သည် ၂၂-၄-၂၀၁၃ ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရ ပါကြောင်း။ **မနုဿဗေဒမိသားစု၊ ဒဂုံတက္ကသိုလ်**

ဝမ်းနည်းကြောင်း

အမျိုးသားစာပေဆုရှင် သျှင်ထွေးယဉ်(မနုဿ)၊ ဒေါ်မိုးသီတာထွေး(ကထိက၊ မနုဿဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်)၏ဖခင် ဦးထွန်းသိန်း(ခ)ဦးထွန်းရွှေ အသက် (၈၅)နှစ်သည် ၂၂-၄- ၂၀၁၃ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။ **ဥက္ကဋ္ဌ၊ ကယန်းပြည်သစ်ပါတီငြိမ်းချမ်းရေးအဖွဲ့**

ဝမ်းနည်းကြောင်း

အမျိုးသားစာပေဆုရှင် သျှင်ထွေးယဉ်(မနုဿ)၊ ဒေါ်မိုးသီတာထွေး(ကထိက၊ မနုဿဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်)၏ဖခင် ဦးထွန်းသိန်း(ခ)ဦးထွန်းရွှေ အသက် (၈၅)နှစ်သည် ၂၂-၄-၂၀၁၃ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။ **'ကယန်း' စာပေနှင့် ယဉ်ကျေးမှုဗဟိုကော်မတီ**

ဝမ်းနည်းကြောင်း

အမျိုးသားစာပေဆုရှင် သျှင်ထွေးယဉ်(မနုဿ)၊ ဒေါ်မိုးသီတာထွေး(ကထိက၊ မနုဿဗေဒ ဌာန၊ ရန်ကုန်တက္ကသိုလ်)၏ဖခင် ဦးထွန်းသိန်း(ခ)ဦးထွန်းရွှေ အသက်(၈၅)နှစ်သည် ၂၂-၄- ၂၀၁၃ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဆရာတော်ဘဒ္ဒန္တယသိန္ဒ
'မြို' တိုင်းရင်းသားလူမျိုးစုခေါင်းဆောင်

ဝမ်းနည်းကြောင်း

ဒေါ်ကြည်ကြည်လွင်၊ ကျောင်းအုပ်ကြီး၊ အမျိုးသမီးအိမ်တွင်းမှုသင်တန်းကျောင်း (ဘားအံ) ကရင်ပြည်နယ်၏ဖခင် ဦးထွန်းသိန်း(ခ)ဦးထွန်းရွှေ အသက်-၈၅ နှစ်သည် ၂၂-၄-၂၀၁၃ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဆရာမများနှင့်သင်တန်းသူများ
အမျိုးသမီးအိမ်တွင်းမှုသင်တန်းကျောင်း(ဘားအံ)

ကျေးဇူးတင်ရှိခြင်း

၁၇-၄-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် (၉း၄၅)နာရီတွင် ရုတ်တရက် ကွယ်လွန်သွားသော ဦးမောင်မြ(ခ)ဂျနားဒနား(ခ)ဂျွန်ချင်းနယားသည် ၁၈-၄-၂၀၁၃ရက် (ကြာသပတေးနေ့)တွင် ရန်ကုန်ဆေးရုံကြီးမှရေဝေးဟိန္ဒူသုသာန်သို့ လိုက်ပါပို့ဆောင်သော ဆွေမျိုး၊ မိတ်သင်္ဂဟများ၊ အဘက်ဘက်မှဝိုင်းဝန်းကူညီ ကြသော မိတ်ဆွေများ၊ ကားပွဲစားတန်းမှ ကူညီကြသော လုပ်ဖော်ကိုင်ဖက်များ အားလုံးကို ကျေးဇူးတင်ပါသည်။

ကျန်ရစ်သူမိသားစုနှင့် ညီအစ်ကိုမောင်နှမများ

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆည်မြောင်းဦးစီးဌာနမှ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၁။	သံချောင်းလုံး(အရွယ်စုံ)	၄၅၀.၉၁၆ တန်
၂။	တာယာ(အရွယ်စုံ)	၂၅၇၂ စုံ
၃။	ဘက်ထရီ(အရွယ်စုံ)	၁၆၅၀ လုံး

တင်ဒါပုံစံရောင်းချမည့်ရက် - ၂၅-၄-၂၀၁၃ရက်
တင်ဒါပိတ်မည့်ရက် - ၃-၅-၂၀၁၃ရက်
တင်ဒါပိတ်မည့်အချိန် - ၁၆း၀၀နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

ဆည်မြောင်းဦးစီးဌာန(ရုံးချုပ်)၊ဖြည့်တင်းရေးဌာနခွဲ၊ရုံးအမှတ်၄၃၊နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၀၃၁၇

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

အမေရိကန်ပြည်ထောင်စု LA မြို့နေ
ဦးတင်ဦး-ဒေါ်ကြည်ကြည်အေးတို့၏သား

Steven Oo

(General Operation Manager @ Auto Tech Warehouse)

နှင့်

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ် လှည်းတန်း ၇ လမ်းနေ
ဦးစိုးနိုင်ထွန်း-ဒေါ်ခင်ခင်ရီ (ဖြိုးဝေစတိုး)တို့၏သမီး

စိုးဝေဇင်

(B.Econ. Economics)(Dip in SEAMEO CHAT)

တို့သည် ၂၁-၄-၂၀၁၃ရက် (တနင်္ဂနွေနေ့)တွင် ရန်ကုန်မြို့ Sedona Hotel (မင်းတုန်း ခန်းမ)၌ နှစ်ဖက်သော မိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိလူကြီးမင်းများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်း ပြီးစီးကြောင်း။

နှစ်ဖက်သောမိဘများနှင့် Steven Oo-စိုးဝေဇင်

မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး
ဖိတ်ကြားလွှာ

မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း၏ (၈)ကြိမ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ်အထွေထွေအစည်းအဝေးနှင့် အလုပ်အမှုဆောင်ကော်မတီဝင် အသစ် ရွေးချယ်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းဝင်များ ဤဖိတ်ကြားစာအရ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၂၀၁၃ခုနှစ် ဧပြီ(၂၈)ရက် (တနင်္ဂနွေနေ့)
အချိန် - မွန်းလွဲ (၁)နာရီ
နေရာ - Inya Lake Hotel (မင်္ဂလာခန်းမ)၊ ရန်ကုန်မြို့။

အလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း
ဖုန်း-၂၁၄၉၄၁၊ ၂၁၄၉၄၅၊ ၀၉-၇၃၀၅၀၇၆၁

ဖခင်အမည်မှန်

အထက(ခွဲ)၊ အလက(၃)၊ မြိတ်မြို့၊ သတ္တမတန်း(B)တွင် ပညာသင်ကြားနေသော မလရိပ်ဖြူ၏ ဖခင်အမည်မှန်မှာ ဦးကိုကိုအောင် ၁၂/ဗတထ(နိုင်)၀၁၉၈၂၈ ဖြစ်ပါကြောင်း။

တောင်ကြီးမြို့၊ စက်မှုလက်မှုအထက်တန်းကျောင်း၊ ကျောင်းသားဟောင်းများ၏ နဝမအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲ

တောင်ကြီးမြို့၊ စက်မှုလက်မှုအထက်တန်းကျောင်း၊ ကျောင်းသားဟောင်းများ၏ နဝမအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပ ပြုလုပ်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံအတွင်း နေရပ်ဒေသအသီးသီးမှာနေထိုင်ကြသည့် ကျောင်းသား ဟောင်း ညီအစ်ကိုများ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက်- ၅-၅-၂၀၁၃ရက် (တနင်္ဂနွေနေ့)
အချိန် - နံနက် ၈နာရီ
နေရာ - ရှမ်းစာပေနှင့်ယဉ်ကျေးမှုခန်းမ၊ တောင်ကြီးမြို့။
မိတ်ဆုံစားပွဲနေရာ - Dynestry Restaurant ဗိုလ်ချုပ်လမ်း၊ တောင်ကြီးမြို့။
အချိန် - ညနေ ၆ နာရီမှ ၉ နာရီအထိ

မှတ်ချက် ။ ။ရန်ကုန်မှ တောင်ကြီးသို့လိုက်ပါမည့် ဆရာ/ဆရာမကြီးများနှင့် ကျောင်းသားဟောင်းများ၊ ၂၇-၄-၂၀၁၃ရက် နောက်ဆုံးထားပြီး ဆက်သွယ်ကြပါရန်။

ရုံးအဖွဲ့ ဖုန်း-၀၉-၄၂၁၁၁၆၃၁၊ ဦးလှမြိုင် ဖုန်း-၀၉-၄၃၀၈၈၉၀၁၊ ဦးလှသိန်း ဖုန်း-၀၉-၅၁၉၂၉၇၅၊ ၀၉-၈၃၀၁၈၃၉၊ ဦးစိုးမြင့် ဖုန်း-၀၉-၅၁၃၁၂၁၉၊ ဦးသိန်းလွင် ဖုန်း-၀၉-၄၅၀၀၄၁၉၅၅

တောင်ပြာတန်း: Express

စုရပ်နေရာ(၁) အောင်ပန်းကျောင်းတိုက်ရှေ့၊ ဗဟန်း ၃ လမ်းနှင့် ရေတာရှည်လမ်း ဟောင်းထောင့်၊ ဗဟန်းမြို့နယ်၊ ညနေ ၃ နာရီ အရောက်လာရန်။ ဖုန်း-၀၉-၇၃၀၄၆၆၈၁၊ ၀၉-၇၃၁၁၈၆၅၁

တောင်ပြာတန်း: Express

စုရပ်နေရာ(၂) Max ဓာတ်ဆီဆိုင်အနီး၊ အောင်မင်္ဂလာအဝေးပြေးကားဂိတ် (ညနေ ၅ နာရီအရောက်လာရန်) ဖုန်း-၀၉-၇၃၀၄၆၆၈၁၊ ၀၉-၇၃၁၁၈၆၅၁

ကြော်ငြာ

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယကာကြီး
ဦးကြိုင်(ရေစကြို)
အသက်(၈၇)နှစ်

ဦးရဲလွင်-ရန်ကုန်အဝေးသင်တက္ကသိုလ် ဒုတိယပါမောက္ခချုပ်ဒေါက်တာခင်အေးအေးတို့၏ ကျေးဇူးရှင်ဖခင်ကြီး ဦးကြိုင်(ရေစကြို)သည် ၁၆-၄-၂၀၁၃ရက် (အင်္ဂါနေ့) ညနေ(၆း၂၅)နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ **ဒေါက်တာလှတင့်(တာဝန်ခံပါမောက္ခချုပ်)နှင့် ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများ**

ကျေးဇူးအထူးတင်ရှိခြင်း

၇-၄-၂၀၁၃ရက်(တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ကွယ်လွန်သွားခဲ့သော ဦးမြင့်သန်း လ/ထ ညွှန်ကြားရေးမှူး(တာဝန်)ဆည်မြောင်း ၂၇-၄-၁၉၆၁ မှ ၇-၄-၂၀၁၃၏ နာရေးကိစ္စတွင် ဝမ်းနည်းစွာဖြင့် အားပေးစောင့်ရှောက်ခဲ့သော ပြည်ထောင်စုဝန်ကြီး လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ညွှန်/ချုပ်၊ ဒုညွှန်/ချုပ်နှင့် အကြီးအကဲများအားလည်းကောင်း၊ စတင်မကျန်းမာစဉ် အထူးဂရုစိုက်ပေးခဲ့သော ပါမောက္ခ ဒေါက်တာဦးစိုးလွင်(မေ့ဆေးပါရဂူ)နှင့် နောက်ဆုံးအချိန်အထိ ဂရုစိုက်ပေးခဲ့သော အာရှတော်ဝင်ဆေးရုံကြီးမှ ဆရာဝန်ကြီးများ၊ ဆရာဝန်များနှင့်ဝန်ထမ်းများအားလည်းကောင်း၊ ကွယ်လွန်ချိန်တွင်ရောက်ရှိကာ အားပေးကူညီနှစ်သိမ့်ပေးခဲ့သော ဆရာဦးမင်းအောင်သန်း ညွှန်ကြားရေးမှူး(ဒီဇိုင်းနှင့် ပုံထုတ်ဌာနခွဲ)နှင့် မိတ်ဆွေသူငယ်ချင်းများအားလည်းကောင်း၊ တန်ဖိုးရှိသောအချိန်ကိုပေးပြီး ကွယ်လွန်သူ၏ နောက်ဆုံးခရီးအား လိုက်ပါပို့ဆောင်ပေးခဲ့သော ဆွေမျိုးမိတ်ဆွေသူငယ်ချင်းများ၊ ဝမ်းနည်းကြောင်း ပန်းခြင်းပေးပို့ခဲ့ကြသူများ၊ Digicel နှင့် MTC မှဝန်ထမ်းများ၊ Email ဖြင့်သော်လည်းကောင်း၊ တယ်လီဖုန်းဖြင့်သော်လည်းကောင်း၊ နှစ်သိမ့်အားပေးကြပါသော ပြည်တွင်း၊ ပြည်ပမှ မိတ်ဆွေများ၊ သတင်းစာများတွင် ဝမ်းနည်းကြောင်း ထည့်သွင်းနှစ်သိမ့်ပေးကြသော ဌာနဆိုင်ရာမိတ်ဆွေ သူငယ်ချင်းများအားလည်းကောင်း၊ တစ်ဦးစီ၏ အမည်မဖော်ပြသော်လည်း အဘက်ဘက်မှကူညီကြပါသော ကျေးဇူးတင်ထိုက်သူများအားလုံးကို ရင်တွင်းမှ ကျေးဇူးအထူးပင်တင်ရှိပါကြောင်း။ **ကျန်ရစ်သူမိသားစု**

ဇနီး-ဒေါ်ခင်ဆွေဝင်း-B.Sc (Bot) 1987-93
သမီး -ဆုညိမ်းဝေ B.E Civil (MTC)
ကေခိုင်ငြိမ်း G.9 အထက(၂)စမ်းချောင်း
၈၂၊ ဦးကြွယ်ဟိုးလမ်း၊ ကြည့်မြင်တိုင်

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်ကြင်စု (မြိတ်) အသက်(၇၇)နှစ်

မြိတ်မြို့၊ နောက်လယ်ရပ်(၃)လမ်း၊ အမှတ် ၉၆နှင့် ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၁၁ လမ်း၊ အမှတ် ၃၀(သုံးလွှာ) နေ [ဦးအံချွန်(ခ)ဦးသိန်းဝင်း]၏ဇနီး၊မရင်ကြူ၊ ဦးထွန်းမြင့်-မအေးကြူ၊ မဝင်းကြူ၊ မကြည်မြင့်၊ ကိုထွန်းနိုင်-မဇာမှုံလွင်တို့၏မိခင်၊ ဒေါက်တာပြုံးမြတ်မွန်၊ ဒေါက်တာနန္ဒာမွန်၊ မောင်သန်းနိုင်စိုးတို့၏အဘွားသည် ၂၃-၄-၂၀၁၃ရက်(အင်္ဂါနေ့) နံနက် ၄း၃၀နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၄-၂၀၁၃ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးတရုတ်သုသာန်သို့ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်တီတီ
အသက်(၆၂)နှစ်

(ဦးတင်ရွှေ-ဒေါ်ခင်အေး)တို့၏သမီး၊ (ဦးအောင်ညိမ်း-ဒေါ်မမကြီး)တို့၏သမီးချွေးမ၊ အမှတ် ၄၄ (သုံးလွှာ)၊မြွှာရုံလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်နေ ဦးစိုးမြင့်ညိမ်း(ဌာနခွဲမှူး၊ ငြိမ်း၊PPE)၏ဇနီး၊ ပဲခူးတိုင်းဒေသကြီးမင်းလှမြို့နေ ကိုကျော်ဇေယျ-မမွှေးစိုး၊ ကိုကျော်သူရ-မမိုမိုစိုး(ခေတ္တ-စင်ကာပူ)၊ (ကိုဇေယျာဝင်း)-မနေနွယ်ညိမ်းတို့၏မိခင်၊ အောင်မြင့်မြတ်၊ မင်းသန့်ထူး၊ အောင်ဘုန်းမြတ်၊ ရဲလင်းခန့်တို့၏အဘွားသည် ၂၂-၄-၂၀၁၃ရက် (တနင်္လာနေ့) ည ၇း၂၅နာရီတွင်ဆာကူရာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၄-၂၀၁၃ရက် (သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်တီတီ
အသက်(၆၂)နှစ်

(ဦးတင်ရွှေ-ဒေါ်ခင်အေး)တို့၏သမီး၊ (ဦးအောင်ညိမ်း-ဒေါ်မမကြီး)တို့၏သမီးချွေးမ၊ (ဦးကောင်းညွှန့်-ဒေါ်တာတာ)တို့၏ညီမ၊ ဒေါ်နီနီဝင်း(ရင်သွေးရတနာမူကြို)၊ ဦးရွှေဇင်၊ ဦးသန့်ဇင်-ဒေါ်ရှယ်လီ၊ ဦးသန့်ဇင်-ဒေါ်သင်းသင်းအေး၊ ဦးမျိုးဇင်-ဒေါ်နီနီလွင်၊ ဦးလှထွန်း-ဒေါ်မိုမိုလွင်၊ ဒေါ်နှင်းနှင်းရီ (ငွေဇင်ယော်အပ်ချုပ်ဆိုင်)၊ (မမေဇင်ထွေး)တို့၏အစ်မ၊ အမှတ် ၄၄ (သုံးလွှာ)၊မြွှာရုံလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်နေ ဦးစိုးမြင့်ညိမ်း(ဌာနခွဲမှူး၊ ငြိမ်း၊ PPE) ၏ဇနီးသည် ၂၂-၄-၂၀၁၃ရက် (တနင်္လာနေ့) ည ၇း၂၅နာရီတွင် ဆာကူရာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၄-၂၀၁၃ရက်(သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူညီအစ်ကိုမောင်နှမတစ်စု

မြိတ်မြို့နယ်အသင်း(ရန်ကုန်)
ဒေါ်ကြင်စု (မြိတ်)
အသင်းဝင်အမှတ်(၄၀၅၂)
အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၁၁ လမ်း၊ အမှတ်၃၀နေ [ဦးအံသွန်(ခ)ဦးသိန်းဝင်း]၏ဇနီးသည် ၂၃-၄-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၄း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၅-၄-၂၀၁၃ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်နှင့် မြိတ်အသင်းမှကားများ နံနက် ၉နာရီတွင်ထွက်ခွာပါမည်။)

အမှုဆောင်အဖွဲ့

တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စဉ့်ဂူရပ်ကွက်၊ နယ်မြေ ၁၁၊ စံပွယ်လမ်း၊ အိမ်အမှတ် ခ/၅၁၉ နေ ဦးတင်မောင်၏သမီး ဒေါ်ဖြူဖြူနှင့် ဒေါ်သန်းသန်းငွေ ၇/သဝတ(နိုင်)၀၀၇၃၄၃ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဒေါ်ဖြူဖြူ(ခ)ဒေါ်သန်းသန်းငွေ
၇/သဝတ(နိုင်)၀၀၇၃၄၃

ဦးရည်မွန် (မန္တလေးမြို့)
အသက်(၄၆)နှစ်

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်နေ (ဦးတင်တိုး) - ဒေါ်အမာတင်တို့၏သားကြီး၊ ချမ်းမြသာစည် လေယာဉ်ကွင်း ဝန်ထမ်းအိမ်ရာနေ (ဦးလှသောင်း)-ဒေါ်မြင့်မြင့်အေးတို့၏ သားသမက်၊ ရန်ကုန်မြို့နေ ဦးဝင်းထွဋ် (ဖွဲ့ယံထွန်းကျောက်မျက်ကုမ္ပဏီ)-ဒေါ်သီသီမွန် (ထွဋ်တင်တိုး Mining)၊ မန္တလေးမြို့၊ ၃၂လမ်း၊ ၈၂လမ်း×၈၃လမ်းကြားနေ ဦးငွေးအောင်ကျော်-ဒေါ်ခင်မိုးဝါ(ကိုငွေးအဆင့်မြင့်ခရီးသွားလက်မှတ်အရောင်းဌာန)၊ ပြည်/ရွှေတောင်မြို့နယ်၊ တရုတ်မော်ကျေးရွာနေ ဦးတိုးမြင့် (ထွဋ်တင်တိုး ကျောက်မျက်ကုမ္ပဏီ) -ဒေါ်ချိုချိုဝင်းတို့၏အစ်ကိုကြီး၊ ဒေါ်နီနီဝင်း၏ခင်ပွန်း၊ မောင်ပြည့်ဘုန်းသူတိုး၏ ဖခင်သည် ၁၄-၄-၂၀၁၃ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၄-၂၀၁၃ရက်တွင် မန္တလေးမြို့၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်ဆွေအပေါင်းတို့အား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အထူးကျေးဇူးတင်ရှိခြင်း

၁၈-၄-၂၀၁၃ ရက် နံနက် ၃း၁၀နာရီတွင် ကွယ်လွန်သွားသော ဗိုလ်မှူးကြီးမြသန်း (တပ်မတော်လေ-ငြိမ်း)၏ နာရေးကိစ္စအဝဝတွင် အဘက်ဘက်မှ လိုလေသေးမရှိအောင် ဝိုင်းဝန်း ကူညီပေးကြပါသော ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ခင်အောင်မြင့်နှင့်ဇနီး ဒေါ်အေးအေးသန်း မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူးနှင့် အရာရှိစစ်သည်မိသားစုများ၊ လေယာဉ်ထုတ်လုပ်ပြင်ဆင်ရေးဌာနချုပ် ခေတ္တဌာနချုပ်မှူးနှင့် အရာရှိစစ်သည်မိသားစုများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီ၊ စီမံဌာနမှူးနှင့် တာဝန်ရှိဝန်ထမ်းများ၊ နာရေးကူညီမှုအသင်း ရန်ကုန်မှ တာဝန်ရှိသူနှင့်ဝန်ထမ်းများ၊ လွှမ်းသူ့ပန်းခွေ၊ ပန်းခြင်းများ ပေးပို့ခဲ့ကြသော တပ်အဖွဲ့အစည်းနှင့် မိတ်ဆွေများ၊ ဆေးရုံတက်ရောက်ကုသနေစဉ် ဂရုတစိုက်ကုသပေးခဲ့ကြသော ပင်လုံဆေးရုံကြီးမှ ဆရာဝန်၊ ဆရာဝန်မနှင့် ဝန်ထမ်းများ၊ နောက်ဆုံးခရီးအား လိုက်ပါပို့ဆောင်ပေးသော စစ်ဘက်၊ နယ်ဘက်မှ အရာရှိကြီးများနှင့်ဇနီးများ၊ စစ်သည်များ၊ လုပ်ဖော်ကိုင်ဖက် သူငယ်ချင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ နာရေးကိစ္စတွင် စိတ်ရောကိုယ်ပါနှစ်၍ ကူညီပေးခဲ့ကြသည့် မိတ်ဆွေအားလုံးနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့ကို ကျေးဇူးအထူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဗိုလ်မှူးကြီးကျော်လွင်(တဗ-၅)
ကြည်း-၁၄၅၁၉
အသက်(၅၇)နှစ်

ညီအစ်ကိုရင်းသဖွယ် ချစ်ခင်လေးစားရပါသော အတူဆောင်ရွက်ခဲ့သော လုပ်ငန်းတာဝန်မှန်သမျှတွင် ပွဲပြင်၊ ဆုံးမ၊ လမ်းညွှန်မှုများဖြင့် အောင်မြင်ချမ်းမြေ့စွာ လက်တွဲခေါ်ဆောင်နိုင်ပါသော ချစ်အစ်ကိုကြီး ဗိုလ်မှူးကြီးကျော်လွင်သည် ၂၁-၄-၂၀၁၃ရက် နံနက် ၀၀း၃၀ နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစု၊ ဆွေမျိုးများနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ချစ်အစ်ကိုကြီး ကောင်းရာသုဂတိတွင် စံမြန်းနိုင်စေရန် ဆန္ဒပြုလျက်-

ကျော်ဗိုလ်-မိုးမိုး

ဝမ်းနည်းကြေကွဲခြင်း
ဗိုလ်ကြီးကျော်စိန်(ငြိမ်း)
လွှတ်လပ်ရေးမော်ကွန်းဝင် (ဒုတိယဆင့်) အသက်(၉၀)

ဟသ်ာတမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ ဒုတိယဥက္ကဋ္ဌ သီရိပျံချီ ဦးဌေးဦး-ဒေါ်နီနီဝင်းတို့၏ဖခင် ဗိုလ်ကြီးကျော်စိန်(ငြိမ်း) မော်ကွန်းဝင် (ဒုတိယဆင့်)သည် ၁၇-၄-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၅၂ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

အထက ကျုံပျော်အာစရိယပူဇော်ပွဲမှ ကျောင်းသား ကျောင်းသူဟောင်းများ

ဦးထွန်းဦး(ခ)ဦးတာ
(Donald Myint) (မြိတ်)
MEHS ကျောင်းသားဟောင်း
အင်္ဂလိပ်စာဌာန(ငြိမ်း)၊ ဆေး(၂)ရန်ကုန်၊ ရန်ကုန်တက္ကသိုလ်၊ရန်ကုန်စီးပွားရေးတက္ကသိုလ်
အသက်(၆၉)နှစ်

မြိတ်မြို့နှင့်ရန်ကုန်မြို့နေ [ဦးစွန်ရှန်(ခ) ဦးမောင်မြင့်-ဒေါ်မြကြူ]တို့၏သားကြီး၊ (ဦးဦးကိုင်-ဒေါ်ကြည်) တို့၏သားသမက်၊ (ဦးကျန်စုံ-ဒေါ်ရှင်ကြည်)၊ (ဦးစွန်စိုင်-ဒေါ်ပိုးပိုး)၊ (ဒေါ်ရှင်ဝေ)၊ (ဒေါ်တင်ကြူ)တို့၏တူ၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ မြွှာရုံ ၁လမ်း၊ အမှတ် ၈/၄၊ပထမထပ်(ယာ)နေဒေါ်အင်ကြူ၏ခင်ပွန်း၊ ဦးကျော်စွာစိုး (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ)-ဒေါ်မေသက်ထွန်း၊ ဦးမျိုးမင်းသန့်-ဒေါ်မီမီထွန်း၊ ဦးမျိုးနိုင်-ဒေါ်စောယုမွန်တို့၏ဖခင်၊ (ဦးစိုးနိုင်)-ဒေါ်ခင်လေးမြင့်၊ ဒေါ်သန်းသန်းနု၊ ဒေါ်အေးမြင့်မြင့်၊ ဦးသန်းဌေး-ဒေါ်သန်းသန်းနွယ်၊ ဦးစိုးအောင်မြင့်(SAYA SOE ENGLISH CLASSES)တို့၏အစ်ကိုကြီး၊ ဦးကျော်ကျော်အောင်-ဒေါ်စိုးသန္တာ၊ ဒေါက်တာနေကျော်ဝင်း - ဒေါက်တာယမုံသန့်ဇင်(မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီး)၊ ဒေါက်တာသီဟကျော်-ဒေါက်တာနှင်းပွင့်အေး၊ ဦးလင်းဖုန်းမောင်-Erene Maung တို့၏ဘကြီး၊ မသက်ထားဆွေဇင် (ထ-၁၊ ဒဂုံ)၊ မအေးငွေကျော်စွာ(ထ-၂၊ ဗဟန်း)၊ မရွှေရည်ဝင်းကျော်စွာ(ထ-၂၊ ဗဟန်း)၊ မောင်သိုးထိန်း (မ-၁၉၊ တာမွေ) တို့၏ အဘိုးသည် ၂၃-၄-၂၀၁၃ရက် (အင်္ဂါနေ့)နံနက် ၁း၅၅နာရီတွင် ဗဟိုစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၄-၂၀၁၃ ရက် (ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (မြိတ်အသင်းနှင့် အထက်ပါ နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

မြိတ်မြို့နယ်အသင်း(ရန်ကုန်)
ဦးထွန်းဦး(ခ)ဦးတာ
Donald Myint (မြိတ်)
အသက်(၆၉)နှစ်

မြိတ်မြို့နှင့် ရန်ကုန်မြို့နေ [ဦးစွန်ရှန်(ခ) ဦးမောင်မြင့်-ဒေါ်မြကြူ] တို့၏သားကြီး၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ မြွှာရုံ(၁)လမ်း၊ အမှတ် ၈/၄၊ ပထမထပ်(ယာ)နေ ဒေါ်အင်ကြူ၏ခင်ပွန်းသည် ၂၃-၄-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၁း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၄-၂၀၁၃ရက် (ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(မြိတ်အသင်းနှင့် အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။) အမှုဆောင်အဖွဲ့

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
ဒေါ်ခင်အေးကြူ (မင်းလှ)
အသက်(၈၁)နှစ်

ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နေ (ဦးသာဘဏ်-ဒေါ်ဝင့်)တို့၏သမီးကြီး၊ ရန်ကုန်မြို့နေ (ဦးထင်ညို)၏ဇနီး၊ ဦးတင်ဦး-ဒေါ်သန်းကြည်၊ (ဦးသန်းရှိန်)-ဒေါ်ခင်မြသန်း၊ ဦးစံမြင့်-ဒေါ်ခင်ဌေးရီတို့၏အစ်မကြီး၊ ကမာရွတ်မြို့နယ်၊ ရွှေခတ္တာလမ်း၊ တိုက်(H)၊ အခန်း ၆၊ ရွှေမာလာရိပ်မွန်နေ ဦးအေးကျော်-ဒေါ်ဝင်းသီတာ၊ သဃ်န်းကျွန်းမြို့နယ်၊ အမှတ် ၁၀၉၀၊ သုမန ၁လမ်း၊ ၁၆/၄နေ ဦးစန်းဝင်း-ဒေါ်ဝင်းမင်းသူ (ပြည်လမ်း၊ T.T.C)၊ ဩစတြေးလျနိုင်ငံ၊ ဆစ်ဒနီမြို့နေ ဦးရေချမ်း-ဒေါ်ချောခင်ညိုတို့၏မိခင်၊ မခင်သန္တာအောင်၊ မခင်စန္ဒီအောင်၊ ဒေါက်တာသန့်ထူးအောင်၊ မအေးချမ်းခင်၊ မရည်မွန်ခင်တို့၏အဘွားသည် ၂၂- ၄-၂၀၁၃ ရက်တွင် ဩစတြေးလျနိုင်ငံ ဒေသစံတော်ချိန် ည ၈း၀၃နာရီတွင် ကွယ်လွန်သွားပါကြောင်း ဆွေမျိုးမိတ်ဆွေသင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၈-၄- ၂၀၁၃ ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
ဦးမာဂရောင်ဆမ်
(လဝက-၅၉၈၃)
ဒုလဝကမှူး၊ ဆဒုံးမြို့နယ်ခွဲ
အသက်(၄၆)နှစ်

မြစ်ကြီးနားမြို့၊ ဒူကထောင်ရပ်ကွက်၊ ၃၃၅/၃၈၀နေ ဦးကရိုင်ယာကု(လဝက၊ ငြိမ်း)-ဒေါ်နန်ခွဲ(ထွေ/အုပ်၊ ငြိမ်း)တို့၏ တတိယသား၊ မြစ်ကြီးနားမြို့၊ ယုဇနရပ်ကွက်နေ (ဦးဂျူးခေါင်)-ဒေါ်ဒေါင်နောတို့၏သားသမက်၊ ဦးဘောမ်အောန်း၏ ညီ၊ ဦးတိန်မိုင်ပျော်-ဒေါ်ဂျာဝမ်တို့၏ အစ်ကို၊ မနန်သျှရီ၏ဦးလေး၊ မဂရေ့စ်ဆာမ်းနန်၊ မောင်ပဒန်အောင်တို့၏ဖခင်၊ ဒေါ်အာရ်ခေါင်နော(အထက်တန်းသူနာပြု)၏ ခင်ပွန်းသည် ၁၉-၄-၂၀၁၃ရက် ည ၈း၅၃ နာရီတွင် ခရစ်တော်၌အိပ်ပျော် သွားပါသဖြင့် ၂၁-၄-၂၀၁၃ရက်တွင် မြစ်ကြီးနားမြို့ နောင်နန်း ကချင်အမျိုးသားသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟာ၊ မိတ်ဆွေများနှင့် လုပ်ဖော်ကိုင်ဖက်များအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တနန္ဒဝံသ မဟာထေရ်
သက်တော်(၇၉)နှစ်၊ သိက္ခာတော်(၆၀)

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့၊ အမှတ်(၁၈)ရပ်ကွက်၊ သာသနဇောတိကာရုံကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနန္ဒဝံသ မဟာထေရ်သည် (၁၃၇၅ခုနှစ် တန်ခူး လဆန်း ၁၁ရက်) ၂၁-၄-၂၀၁၃ရက်(တနင်္ဂနွေနေ့)ည ၇း၁၉နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (တန်ခူးလပြည့်ကျော် ၁၁ရက်) ၆-၅-၂၀၁၃ရက် (တနင်္လာနေ့)တွင် အန္တိမပူဇာသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများအား အကြောင်းကြားသိစေအပ်ပါသည်။ ဈာပနကျင်းပရေးကော်မတီ

အထူးဝမ်းနည်းကြေကွဲခြင်း
ဗိုလ်ကြီးကျော်စိန်(ငြိမ်း)
လွတ်လပ်ရေးမော်ကွန်းဝင် (ဒုတိယဆင့်) အသက်(၉၀)

ဟသ်ာတမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ ဒုတိယဥက္ကဋ္ဌ သီရိပျံချီ ဦးဌေးဦး-ဒေါ်နီနီဝင်းတို့၏ဖခင် ဗိုလ်ကြီးကျော်စိန်(ငြိမ်း)၊ မော်ကွန်းဝင်(ဒုတိယဆင့်)သည် ၁၇-၄-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၅၂နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးသိန်းအောင်-ဇနီး ဒေါ်စန်းစန်းလွင်

အထူးဝမ်းနည်းကြေကွဲခြင်း
ဗိုလ်ကြီးကျော်စိန်(ငြိမ်း)
လွတ်လပ်ရေးမော်ကွန်းဝင် (ဒုတိယဆင့်)
အသက်(၉၀)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ဒုတိယဥက္ကဋ္ဌ၊ ဟသ်ာတမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဦး-ဒေါ်နီနီဝင်းတို့၏ ကျေးဇူးရှင်ဖခင်ကြီးသည် ၁၇-၄-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ **မာဃကုန်ထုတ်လုပ်မှုကုမ္ပဏီလီမိတက် မိသားစုများ**

ဝမ်းနည်းကြေကွဲခြင်း
ဗိုလ်ကြီးကျော်စိန်(ငြိမ်း)
လွတ်လပ်ရေးမော်ကွန်းဝင်(ဒုတိယဆင့်)
အသက်(၉၀)

ဟသ်ာတမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ဒုတိယဥက္ကဋ္ဌ သီရိပျံချီ ဦးဌေးဦး-ဒေါ်နီနီဝင်း၊ မန္တလေးမြို့နေ ဒေါက်တာအောင်ခိုင်သန်း-ဒေါ်သွယ်သွယ်ဦး၊ ဒေါ်ကြည်ကြည်ဆွေ (အလပြ၊ အထက ၃-ဟသ်ာတ)တို့၏ဖခင် ဗိုလ်ကြီးကျော်စိန်(ငြိမ်း) မော်ကွန်းဝင်(ဒုတိယဆင့်)သည် ၁၇-၄-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးအောင်မြင့် (တရားလွှတ်တော်ရှေ့နေ)နှင့်မိသားစု
မန္တလေးမြို့

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
ဦးထွန်းခင်(မုံရွာ) (UTK စက်မှုလက်မှုလုပ်ငန်း) အသက်(၈၀)

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ ဇေယျာရပ်၊ အမှတ် ၄လမ်းနေ ဒေါ်အုံးတင်၏ခင်ပွန်း၊ ဦးမွတ္တား-ဒေါ်ဝင်းမာ၊ ဦးဝင်းညွှန့်-ဒေါ်သန်းဌေး၊ ဦးစောဝင်း-ဒေါ်မာမာအေး၊ ဦးဝင်းအောင်-ဒေါ်ခင်မြတ်မိုး၊ ဦးဝင်းဆောင်-ဒေါ်အေးအေးမော်၊ ဒေါ်စန်းစန်းအေးတို့၏ဖခင်၊ မြေး ၁၁ယောက်တို့၏အဘိုးသည် ၂၀-၄-၂၀၁၃ရက် (စနေနေ့) ည ၁၀း၄၅နာရီတွင် မုံရွာမြို့ ရွှေတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၄-၂၀၁၃ရက် (တနင်္ဂနွေနေ့) ညနေ ၅နာရီတွင် ဆားကျင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးလွန်းကြည် (ရေစကြိုမြို့) ဦးစီးအရာရှိ(ငြိမ်း)၊ ဆည်/မြောင်း
အသက်(၆၆)နှစ်

မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ ရွှေချောင်းကျေးရွာနေ (ဦးမောင်မောင်-ဒေါ်မြတင်)တို့၏သား၊ (ဦးဘအေး-ဒေါ်စော)တို့၏ သားသမက်၊ ဦးသန်းအောင်-ဒေါ်တင်အေး တို့၏ညီ၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊အဝေရာလမ်းသွယ်(၃)၊အမှတ် ၅၁၉/ကနေ ဒေါ်ခင်မြင့်မြင့်၏ခင်ပွန်း၊ ကိုထိန်လင်းဦး-မခင်မျိုးဝင်း၊ ကိုကျော်ရဲလင်းဦး-မစောသန္တာထွန်း၊ ကိုစည်သူလင်း-မသဥ္ဇာနိုင်၊ ကိုဖြိုးခိုင်မင်း-မအိအိလွင်၊ ကိုအောင်အောင်နေလင်းတို့၏ဖခင်၊ မအိအိမျိုးဦး၊ မောင်သီဟမျိုးဦး၊ မောင်မင်းသန့်ကျော်၊ မောင်ထက်အောင်လင်း၊ မောင်သန့်ထူးဆက်၊ မောင်လပြည့်လင်း၊ မပိုးမဒ္ဒီလင်းတို့၏အဘိုးသည် ၂၃-၄- ၂၀၁၃ရက်(အင်္ဂါနေ့) နံနက် ၂း၃၅နာရီတွင် ဝိတိုရိယဆေးရုံကြီး၌ ကွယ်လွန်သွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်စန်းမြင့် အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်း(တောင်)ရပ်ကွက်၊ အမှတ် ၁၄၊ ကျိုက်လတ်လမ်းနေ (ဦးလှဖေ-ဒေါ်တင်အေး) တို့၏သမီး၊ ဦးကံရှိန်၏ဇနီး၊ ကိုသစ်လွင်ဦး-မကြည်ပြာလွင်(စက်မှုဝန်ကြီးဌာန)၊ ကိုဇော်မင်းထွန်း(High-Tech)-မသဥ္ဇာရှိန်၊ ကိုစည်သူရှိန်(Ship Mate Co., Ltd.)တို့၏မိခင်၊ မသဥ္ဇာထက်ဇော်(ဂျူးဂျူး)(အထက-၂၊ စမ်းချောင်း)၊ မရတီစုသစ်တို့၏အဘွားသည် ၂၃-၄-၂၀၁၃ရက်(အင်္ဂါနေ့) နံနက် ၄နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၄-၂၀၁၃ရက်(ကြာသပတေးနေ့)နံနက် ၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၉-၄-၂၀၁၃ရက်(တနင်္လာနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

မြို့လယ်သို့ ယာဉ်များဝင်ရောက်မှုမှာ ရန်ကုန်ပြည်လမ်းမှ အများဆုံးဖြစ်

သတင်းနှင့်ဓာတ်ပုံ - တင်ဝင်းလေး(ကြည့်မြင်တိုင်)

ဧပြီ ၁၀ ရက် နံနက် ၆ နာရီကစပြီး လှည်းတန်းခုံးကျော်တံတားသစ်ကြီးပေါ်မှနေပြီး ယာဉ်များကို စမ်းသပ်မောင်းနှင်ခွင့် ပြုလိုက်ပြီလို့ သိရပါတယ်။ အဲဒီနေ့က အကြောင်းတစ်ခုနဲ့ တိုက်ဆိုင်နေတဲ့အတွက် သွားရောက်မလေ့လာ ဖြစ်ခဲ့ပါဘူး။

ဧပြီ ၂၂ ရက်။ ရုံးတွေ ပြန်ဖွင့်။ ကုမ္ပဏီတွေပြန်ဖွင့်။ ခရီးအသွားအလာ ပြန်လည်စုံလင်လာတဲ့အတွက် ထိုလှည်းတန်းဝန်းကျင်ခုံးကျော်တံတားကြီး တစ်ဝိုက်ကို လေ့လာရေးထွက်ခဲ့ပါတယ်။

မြေနီကုန်းမီးပွိုင့်ကနေ လှည်းတန်းဘက်ကိုတစ်လှမ်းချင်းလှမ်းရင်း ဟိုနေရာဓာတ်ပုံရိုက်၊ ဒီနေရာကို မှတ်တမ်းတင်လာခဲ့ပါတယ်။ နံနက် ၉ နာရီဆိုတာ ခရီးသွားများစုံတဲ့အချိန်၊ အသွားအလာများတဲ့ အချိန်ပါ။ ဒါပေမယ့် မြေနီကုန်းမီးပွိုင့်ကနေ ဟံသာဝတီအဝိုင်းအထိ နှစ်လမ်းမောင်း လမ်းကြောဟာ အလွန်ရှင်းလို့နေပါတယ်။ ကောင်းလိုက်တာ စိတ်ချမ်းသာစရာ မြင်ကွင်းတစ်ခုပါပဲ။

ဒါပေမယ့် ထိုလှည်းတန်းခုံးကျော်တံတားကြီးမှ စမ်းသပ်မောင်းနှင်မှု သတင်းများကို ဂျာနယ်အချို့မှာ ဖတ်လိုက်ရပါတယ်။ လှည်းတန်းခုံး ကျော်တံတားဝန်းကျင်၌သာ ယာဉ်ကြောရှင်းပြီး မြေနီကုန်းလမ်းဆုံ၊ ဟံသာဝတီအဝိုင်း ထိုနေရာတွေမှာ ယာဉ်ကြောပိတ်ဆို့မှုတွေ ထပ်မံဖြစ်ပွားနေတယ်လို့ ဆိုကြပါတယ်။ ဒီကနေ့ မြင်ကွင်းနဲ့တော့ အကွာကြီးပါ။ မီဒီယာဆိုတာကလည်း ဖြစ်ရပ်မှန်များကိုသာ အခြေခံရေးကြတာပါ။ မဟုတ်တာကြီးကိုတော့ အဟုတ်ပါလို့ မရေးကြပါဘူး။ မီဒီယာကျင့်ဝတ်ကြီးက ထိန်းကျောင်းထားလို့ပါပဲ။

ဒါနဲ့ လမ်းမှာထပ်ပြီး တစ်ခု သတိထားမိတာက စမ်းချောင်းမြို့နယ် မဟာမြိုင်လမ်းမကြီးလမ်းကနေ ဖြတ်လမ်းကိုတက်ပြီး လှည်းတန်းဘက်ကို ကွေ့သွားမယ့် ဖြတ်လမ်းတွေမှာ ကွန်ကရစ်တုံးများ စီချထားတာကို တွေ့ရပါတယ်။ ဒါကြောင့် အဲဒီလမ်းက လာတဲ့ကားတွေက မြေနီကုန်းဘက်ကိုသာ စီးဝင်မျောသွားရတဲ့အတွက် လမ်းကြောကြီးမှာ

ဖြတ်ကူး ကွေ့ကားများရဲ့ အဟန့်အတားကင်းတာကြောင့်လည်း ပါပါတယ်။

ရှေ့ကို ဆက်လျှောက်လာတဲ့အခါ ဟံသာဝတီအဝိုင်းပတ်လမ်းမှာ ယာဉ်ထိန်း ရဲသုံးဦးက ပါးစပ်ကအမြှုပ်ထွက်လောက်အောင် ဝီစီတရွှီရွှီနဲ့ လမ်းရှင်းနေတာကို တွေ့လိုက်ရပါတယ်။

လှည်းတန်းမှ ဟံသာဝတီအဝိုင်းဘက်ကိုလာတဲ့ ယာဉ်ကြောတစ်လျှောက်မှာတော့ ရှုလို့မဆုံးနိုင်အောင် ယာဉ်တွေက အစီအရီလမ်းလုံး အပြည့်အကျပ်။ တစ်ဖက်လမ်းကြော ဟံသာဝတီအဝိုင်းကနေ လှည်းတန်းအထိမှာတော့ ယာဉ်တစ်စီးနဲ့ တစ်စီးက ခပ်ခွာခွာ မောင်းနှင်နေကြပါတယ်။ အရင် ဒီနေရာကနေကြည့်လည်း တက္ကသိုလ်ရိပ်သာလမ်း၊ အင်းစိန်လမ်း၊ လှည်းတန်းဈေးဘက်သွားတဲ့ ယာဉ်တွေက မိမိရှေ့မှာ အခြားကား ဝင်လာမှာစိုးတဲ့အတွက် တစ်ပေမျှပင် မကွာရဲ၊ တဖြည်းဖြည်းနဲ့ အရွေ့ဇယားမှာ တစ်ရေးလောက်ရအောင် ကြန့်ကြာမှုတွေရှိခဲ့ပါတယ်။ ဆိုချင်တာက အဲဒီဘက်လမ်းကြောမှာတော့ လုံးဝရှင်းသွားပြီလို့ ပြောချင်တာပါ။

နောက်လှည်းတန်းတံတားသစ်ကြီးပေါ်မှ ယာဉ်များကလည်း လူရှင်းရှင်း၊ လမ်းရှင်းရှင်းမှာ အရှိန်နဲ့ ဆင်းလာလိုက်တာ တံတားထိပ် အလွန် ဒီဘက်ခြမ်းကနေ ဟိုဘက်အခြမ်း လမ်းကူးဖို့ကို မကူးရဲဘူးဖြစ်နေရပါတယ်။ တံတားကြီးပေါ် မောင်းနှင်တဲ့ ယာဉ်တွေအတွက် အရှိန် သတ်မှတ်ချက်တစ်ခုခုတော့ ထားသင့်ပြီလို့ တွေးခဲ့မိတယ်။ ဒီနေရာမှာ ထပ်သတိပြုမိပြန်တာကတော့ နာနတ်တောလမ်းထိပ်မှာ ယခင်က ရှိခဲ့ဖူးတဲ့ မီးပွိုင့်ကို ဖြုတ်ပေးလိုက်ခြင်းဟာလည်းယာဉ်ကြောမှာ အဟန့်အတားဖြစ်စေမယ့် အတားအဆီး တစ်ခုကို ဖယ်ရှားရှင်းလင်းလိုက်တာကို မြင်မိပါတယ်။

ဒါကြောင့်မို့လားမသိ၊ စိုက်ပျိုးရေးမှတ်တိုင်အနီး မျဉ်းကျားမှာ ခရီးသည်များကို စောင့်ရှောက်ပေးနေတဲ့ မြို့တော်စည်ပင်က အငြိမ်းစားဝန်ထမ်းများကို တွေ့လိုက်ရပါတယ်။ လူကူးမျဉ်းကျားပေါ်က လမ်းကူးကြဖို့ လှုံ့ဆော်ပေးနေကြတယ်။ လမ်းကူး ခရီးသည်များကလည်း လမ်းစည်းကမ်းလိုက်နာမှု အားနည်းတာကိုလည်း တွေ့ရပါတယ်။

လှည်းတန်းခုံး အလယ်တည့်တည့်ကိုရောက်တဲ့အခါ အရှေ့၊ အနောက်၊ တောင်၊ မြောက်ဝဲယာကို အချိန်အတော်ကြာကြာလေးစောင့်ကြည့်လေ့လာမိပြန်ပါတယ်။ မီးပွိုင့်တွေမှာတော့ လမ်းဆုံကနေ လှည်းတန်းဈေးကိုကျော်လို့ ကမာရွတ်မြို့နယ်စည်ပင်ရုံးအထိပင် မီးပွိုင့်အလွတ်ကို စောင့်နေတဲ့ယာဉ်တွေ အင်းစိန်လမ်းမကြီးပေါ် ဆင်ရေတွင်းအထိ ယာဉ်တန်းရှည်ကြီး၊ တက္ကသိုလ်ရိပ်သာလမ်းမကြီးပေါ်ကျပြန်တော့ ရန်ကုန်တက္ကသိုလ် ဝင်ပေါက်ရှေ့အထိ။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ လမ်းတံတားဌာနက ဒုတိယဌာနမှူး ဦးစည်သူလွင်က ကြိုတင်စကားတွေနဲ့ မီဒီယာများကို ပြောဖူးတာရှိပါတယ်။ "ကျွန်တော်တို့အနေနဲ့ ဒီလှည်းတန်းခုံးကျော်တံတားကို စမ်းသပ်မောင်းနှင်ခွင့်ပြုတာပါ။ ဒီလိုစမ်းသပ်မောင်းနှင်ကြတဲ့အတွက် ဖြစ်ပေါ်လာတဲ့ အခြေအနေတွေကို စောင့်ကြည့်သွားမယ်။ မီးပွိုင့်တွေလိုအပ်ရင် ပြင်မယ်။ ဖြုတ်မယ်။ တကယ်လို့ ဒီလမ်းမကြီးအတွက် အဟန့်အတားတွေရှိမယ်ဆိုရင် ဖယ်ရှားပြုပြင်သွားမှာပါ" လို့ ဆိုထားပါတယ်။

မှန်ပါတယ် "ဦးဖွ" ဆိုပြီး အခုရေတွင်းတူး အခုရေကြည်သောက်ချင်လို့တော့ ချက်ချင်းကြီးဘယ်ဖြစ်ပါ့မလဲ။ ပိုတာတွေဖြုတ်၊ လိုတာတွေဖြည့်ရင် ကောင်းသွားမှာပါ။

အဲဒါကြောင့် မြို့ပြအင်ဂျင်နီယာမှူး(အငြိမ်းစား) တစ်ဦးက "တကယ်တော့ မြို့လယ်မှာ ယာဉ်ကြောပိတ်ဆို့ရခြင်း အဓိကအခြေခံ အကြောင်းအရင်းက မြို့ပြလမ်းအသွယ်သွယ်က မြို့တွင်းကိုဝင်ဖို့ဆိုတာက ရန်ကုန်-ပြည်လမ်းမကြီးက အခရာကျပါတယ်။ ဒါကြောင့် နောက်ထပ်ခုံးကျော်တံတားကြီးတွေဆောက်မယ်ဆို ရန်ကုန်-ပြည်လမ်း ရဲ့ လမ်းဆုံကျတဲ့နေရာတွေမှာ ဦးစားပေးဆောက်သင့်ပါတယ်"လို့ သုံးသပ်ပြောကြားမှုကလည်း ရှိခဲ့ပါတယ်။

ဒါ့အပြင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ လမ်းတံတားဌာနက ဒုတိယဌာနမှူးဦးစည်သူလွင်က "ရန်ကုန်ပြည်လမ်းမကြီးက မြို့ဝင်ပေါက်ဖြစ်နေတာမို့ နောက်တိုးခုံးကျော်တံတားကြီးတွေကိုလည်း ရန်ကုန်-ပြည်လမ်းမကြီးပေါ်မှာပဲ ဆက်လက်တည်ဆောက်သွားဖို့ရှိနေပါတယ်"ဟု ပြောကြားခဲ့သည်။

ယခုအခါ ရန်ကုန်ပြည်လမ်းမကြီးပေါ်ရှိ တစ်ခုတည်းသော လှည်းတန်းခုံးကျော်တံတားကြီးကို အောင်မြင်စွာတည်ဆောက်နိုင်ခဲ့ပြီး စမ်းသပ်မောင်းနှင်မှုတွေကိုလည်း ပြုလုပ်နေပြီဖြစ်ပါတယ်။ ဒါ့အပြင် မြေနီကုန်းလမ်းဆုံတံတား၊ ရှစ်မိုင်လမ်းဆုံတံတားမှာ တည်ဆောက်ရေးအစီအစဉ်များကိုလည်း ကြားလာရပြီဖြစ်ပါတယ်။

ဒါ့ကြောင့် မကြာမီနှစ်များအတွင်း ယာဉ်ကြောများ အခုထက် ပိုမိုလို့ ရှင်းသွားမယ်လို့ ယုံကြည်မိပါတယ်။

ကလေးမြို့ အချို့နေရာများ၌ လျှပ်စစ်မီး နာရီပိုင်းသာရရှိ

ကလေး ဧပြီ ၂၄

ကလေးမြို့ အချို့နေရာများ၌ လျှပ်စစ်မီးနာရီပိုင်းမျှသာ ရရှိနေကြကြောင်း သိရသည်။ ကလေးမြို့တွင် ဇီးချောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ ဒီဇယ်အင်ဂျင်သုံး 500 KVA နှင့် 300 KVA ဓာတ်အားပေးစက်များရှိသော်လည်း အချို့နေရာများ၌ ရက်ခြားသော်လည်းကောင်း၊ နာရီပိုင်းမျှသော်လည်းကောင်း လျှပ်စစ်မီးရရှိကြပြီး ခရိုင်မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများ၊ ရဲစခန်းများ၊ တပ်နယ်များတွင်သာ လျှပ်စစ်မီးပုံမှန်ရရှိနေကြကြောင်း၊ ကလေးမြို့ ကိုယ်ပွားသတင်းစာတိုက်တွင် မီးအားပြည့်မီအောင်မရရှိသည့်အတွက် နေ့စဉ်ကိုယ်ပိုင် မီးစက်ဖြင့် သတင်းစာများ ထုတ်ဝေဖြန့်ချိနေရကြောင်း သတင်းရရှိသည်။

နေမင်းခ

ကန့်ကွက်နိုင်ပါကြောင်း

သဃ်ာန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ရန်ကုန်သစ်၊ မြေကွက်အမှတ် ၇၃၁၊ မြေကွက်တည်နေရာအမှတ် ၃၆၊ ဘုရင့်နောင်လမ်း၊ ရန်ကုန်သစ်ရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ် ဦးကြာလင်း ၁၂/သဃက(နိုင်)၀၈၇၇၆၃အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးကြာလင်း(ခင်ပွန်း) ကွယ်လွန်သဖြင့် ဒေါ်ငွေမြတင် ၁၂/သဃက(နိုင်)၀၈၈၇၇၂က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သဃ်ာန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ငမိုးရိပ်၊ မြေကွက်အမှတ် ၅၈၇၊ မြေကွက်တည်နေရာအမှတ် ၅၈၇၊ ၄ လမ်း၊ ငမိုးရိပ်ရပ်ကွက်၊ သဃ်ာန်းကျွန်း ဦးအုန်းရွှေ၊ ဦးစောလွင်အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးအုန်းရွှေ (ဖခင်)နှင့် ဒေါ်တင်မှီ(မိခင်)တို့ ကွယ်လွန်သဖြင့်ဒေါ်ဝင်းမြင့်၁၂/သဃက(နိုင်)၀၄၈၃၉၈က တစ်ဦးတည်းသောသမီးတော်စပ်ကြောင်းနှင့် ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဦးစောလွင်(ခင်ပွန်း)ကွယ်လွန်ဖြင့် ဒေါ်မိုးလွင် ၁၂/သဃက(နိုင်)၀၄၈၇၉၉က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ပတ္တမြား/တောင်)။ မြေကွက်အမှတ်(၂၁၅)၊ မြေကွက်တည်နေရာအမှတ်(၂၁၅)၊ မေတ္တာ ၂လမ်း၊ ပတ္တမြားရပ်ကွက်၊ ဒေါ်ခင်မာ အမည်ပေါက် ပါမစ်မြေအား အမည်ပေါက်ထံမှ အရောင်းအဝယ်ကတိ စာချုပ်ဖြင့် ပိုင်ဆိုင်ခဲ့သူ (၁) ဒေါ်ချောစုအောင် ၇/ရကန(နိုင်)၀၀၁၀၃၂၊ (၂) ဒေါ်ချယ်ရီခင်အောင် ၁၂/မဂဒ(နိုင်)၁၂၆၂၃၀ တို့က မြေချပါမစ်ပျောက်ဆုံးသွားကြောင်း ရဲစခန်းထောက်ခံချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ကျမ်းကျိန်လွှာ၊ ကိုယ်တိုင်ဝန်ခံချက်၊ အရောင်းအဝယ်ကတိစာချုပ်တို့ကိုတင်ပြ၍ နှစ် ၆၀ မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာခြင်းအား ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၉၈၊ မြေကွက်အမှတ် ၇၉/စ၊ မြေကွက်တည်နေရာအမှတ် ၁၁၂၊ စံပါယ်လမ်း၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ အင်းစိန် A-ဘဂေါင်း အမည်ပေါက် B-မြေပိုင် လ/န ၃၉၊ ဧရိယာ ၁၂ဒသမ၆၃၀ ဧကအနက်မှ (၃၇/၃၅ × ၁၀၀')အား တရားရုံး ဒေါ်တင်တင်မြင့်ပါ(၂) ကိုယ်စား ဒေါ်အုန်းသွင်(ဘီလစ်)က အင်းစိန်မြို့နယ်၊ တရားရုံး တရားမကြီးမှုအမှတ် ၉၀/၁၂၊ တရားမဓာရီမှုအမှတ် ၄/၁၃ တို့အရ အရောင်းအဝယ် စာချုပ်ရန် မြေပုံကူးလျှောက်ထားလာလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန်

[illegible]

စဉ်	လျှောက်ထားသူ အမည်	မှတ်ပုံတင်	မြို့နယ်	မြေတိုင်း	မြေကွက်	[illegible]	[illegible]	[illegible]
၁။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၂။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၃။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၄။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၅။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၆။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၇။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၈။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၉။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၀။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၁။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၂။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၃။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၄။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၅။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၆။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၇။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၈။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၉။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၂၀။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

မှုခင်းသတင်းနှင့်ကြော်ငြာ

မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

နေပြည်တော် ဧပြီ ၂၄

ရှမ်းပြည်နယ် နမ့်ခမ်းမြို့နယ် ကွန်လုံကျေးရွာ ရွှေလီကြိုးတံတား အနီးတွင် မူဆယ်မူးယစ်လှုပ်ရှား အဖွဲ့မှ တပ်ဖွဲ့ဝင်များသည် မူးယစ် ဆေးဝါးသတင်းအရ ဧပြီ ၂၀ ရက် က နမ့်ခမ်းမှ မန်ဝိန်းကြီးသို့ ယူနန် ပြည်နယ် ပေါက်ဆန်းမြို့ ထန်ကိန်း ချွမ်းကျေးရွာနေ တရုတ်နိုင်ငံသား ရန်ယုံရွှမ်း (၂၀ နှစ်) စီးနင်းလာသည့် ဆိုင်ကယ်ကို ရှာဖွေစစ်ဆေးခဲ့သည်။

ထိုသို့ စစ်ဆေးခဲ့ရာ ၄င်းထံမှ ဘိန်းဖြူမှုန့် အလေးချိန် ၁၂ ဂရမ်စီ ပါ ဆပ်ပြာခွက် ၂၂ ခွက်၊ အလေး ချိန် ၂၆၄ ဂရမ်၊ တန်ဖိုးငွေကျပ် ၅၂၈၀၀၀၀၊ ဘိန်းစိမ်း ခြောက်ထုပ်၊ အလေးချိန် ၆ ဒသမ ၃ ကီလို၊ တန်ဖိုးငွေကျပ် ၆၃၀၀၀၀၀၊ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ် ဆေးပြား ၁၉၅၀၊ အလေးချိန် ၁၇၅ ဒသမ ၅ ဂရမ် တန်ဖိုးငွေကျပ် ၃၉၀၀၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့ သည်။

စစ်ဆေးချက်အရ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများကို နမ့်ခမ်းမြို့မှ ကချင်ပြည်နယ် မန်စီမြို့နယ် လွိုင် ကျောက်ကျေးရွာသို့ သယ်ဆောင်ခ တရုတ်ငွေ ယွမ် ၄၀၀၀ (မြန်မာငွေ ကျပ် ၅၆၈၀၀၀ ရရှိသဖြင့် ဆိုင်ကယ် ဖြင့် သယ်ဆောင်လာခဲ့ခြင်းဖြစ် ကြောင်းသိရသောကြောင့် ရန်ယုံရွှမ်း အား နမ့်ခမ်းရဲစခန်းမှ လည်းကောင်း၊ မြန်မာနိုင်ငံအတွင်းသို့ ထပ်မံစစ်ဆေး ပေါ်ပေါက်သဖြင့် နမ့်ခမ်းရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရ သည်။ **ကိုကိုရှုပ(နေပြည်တော်)**

မိန်းကလေးက လက်ထပ်ပေါင်းသင်းရန် တောင်းဆိုရာမှ သမီးရည်းစား စကားများပြီး လူသတ်မှုဖြစ်

လွိုင်ကော် ဧပြီ ၂၄

ကယားပြည်နယ် လွိုင်ကော်မြို့ နယ် ချိကယ်ကျေးရွာအုပ်စု ဒေါစော် ဘီးကျေးရွာအရှေ့ဘက် သဲတောင် သွားလှည်းလမ်းဘေး တောင်ယာစိုက် ခင်းတစ်ခုအနီး စွယ်တော်ပင် အောက်တွင် ဒဏ်ရာများနှင့် သေဆုံး နေသော အမျိုးသမီးအလောင်း တစ်လောင်းကို ဧပြီ ၂၁ ရက် နံနက် ၁၁ နာရီခွဲက တွေ့ရှိခဲ့၍ လွိုင်ကော် ရဲစခန်းက ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ အရ အမှုဖွင့် စုံစမ်းခဲ့သည်။

အမျိုးသမီးမှာ ဦးခေါင်းနှင့် မေးစေ့အောက်၊ လည်ပင်းပတ်လည် တို့တွင် ညိုမည်းဒဏ်ရာများ ရရှိလျက် ပက်လက်အနေအထားဖြင့် သေဆုံး နေသည်ကိုတွေ့ရပြီး ရဲတပ်ဖွဲ့က ဆက်လက်စုံစမ်းရာ သေဆုံးသူမှာ လွိုင်ကော်မြို့နယ် လောပိတကျေးရွာ အုပ်စုနေ မသိမ့်သိမ့်ဝင်း(၁၈ နှစ်) ဖြစ်ကြောင်း သိရှိခဲ့ရသည်။ ယင်း နောက် သေဆုံးသူ မသိမ့်သိမ့်ဝင်းနှင့် အိမ်နီးချင်းကပ်လျက် နေထိုင်ပြီး မသိမ့်သိမ့်ဝင်း၏ ရည်းစားဖြစ်သူ ထက်မင်းဦး(၂၁ နှစ်) မော်တော်ဆိုင် ကယ်ပြင်အလုပ်လုပ်သူအား အဆိုပါ နေ့ ည ၁၀ နာရီတွင် ရဲတပ်ဖွဲ့က မသင်္ကာသဖြင့် ဖမ်းဆီးစစ်ဆေးခဲ့ သည်။

ရဲတပ်ဖွဲ့၏ စုံစမ်းချက်အရ မသိမ့်သိမ့်ဝင်းနှင့် ထက်မင်းဦးတို့ ဧပြီ ၂၀ ရက် မွန်းလွဲပိုင်းက ချိန်းဆို တွေ့ဆုံကြစဉ် မသိမ့်သိမ့်ဝင်းက လက်ထပ်ပေါင်းသင်းရန် တောင်းဆို ရာမှအစပြု၍ စကားများရန်ဖြစ်ပြီး ယင်းအခြေအနေအထိ ဖြစ်ပေါ်ခဲ့သည် ဟုဆိုသည်။ **ကြီးမြင့်နိုင်(လွိုင်ကော်)**

ထီးချိုင့်မြို့၌ သံတုတ်ဖြင့်ရိုက်နှက်မှုဖြစ်ပွား

ထီးချိုင့် ဧပြီ ၂၄

စစ်ကိုင်းတိုင်းဒေသကြီး ကသာ ခရိုင် ထီးချိုင့်မြို့ အမှတ်(၄)ရပ် ကွက်၌ နေအိမ်အတွင်းဝင်ရောက် ၍ သံတုတ်ဖြင့် ရိုက်နှက်မှု ဖြစ်ပွား ခဲ့သည်။

ဖြစ်စဉ်မှာ ဧပြီ ၂၀ ရက် ည ၇ နာရီခွဲက မစီစီဝင်းမှာ နေအိမ်၌ ရှိစဉ် တစ်ရပ်ကွက်တည်းနေ ဇော်မင်းဆိုသူက အရက်မူးပြီး နှစ်ပေခန့်ရှိ သံတုတ်ကိုင်ဆောင်၍ နေအိမ်ခြံဝင်းအတွင်း ကျူးကျော် ဝင်ရောက်ကာ နေအိမ်အောက်တွင် အရက်မူးပြီး အိပ်ပျော်နေသော တူတော်စပ်သူ သဲအောင်အား သံ တုတ်ဖြင့်ရိုက်နှက်ခဲ့၍ ဒဏ်ရာများ ရရှိခဲ့သဖြင့် ဥပဒေအရ အရေးယူ ပေးပါရန် မစီစီဝင်းကတရားလို ပြု လုပ်တိုင်းတန်းသော အမှုဖြစ်သည်။

အရေးယူဆောင်ရွက်

ဒဏ်ရာရသူ သဲအောင်မှာ ရိုက် နှက်ခံရမှုကြောင့် ဒဏ်ရာများရရှိသွား ပြီး ယင်းအမှုအား ထီးချိုင့်ရဲစခန်းမှ ဒုရဲအုပ်ကျော်သက်လွင်က သံတုတ် ဖြင့်ရိုက်နှက်သူ ဇော်မင်းအား အရေးယူ ဆောင်ရွက်ထားကြောင်း သိရှိရသည်။ **လှအောင်(ကသာ)**

မေတ္တာတရားခုတုံးလုပ် လူကုန်ကူးသူကို ဘားအံမြို့မရဲစခန်းက စစ်ဆေးပြီ

ဘားအံ ဧပြီ ၂၄

ကရင်ပြည်နယ် ဘားအံမြို့မရဲစခန်းတွင် ကာမလိမ်လည်ရယူ လူကုန်ကူးသူ ဦးပန်းစုံအား ဘားအံမြို့မရဲစခန်း က အမှုဖွင့် စစ်ဆေးနေပြီဖြစ်ကြောင်းသိရသည်။

ဖြစ်စဉ်မှာ ၂၀၁၂ ခုနှစ် ဩဂုတ်လခန့်က သထုံမြို့ သုဓမ္မာမြို့သစ်နေ မ-----ကို ဆင်ကျုံးကျေးရွာနေ ဦးပန်းစုံ ဆိုသူက လက်ထပ်ယူမည်ဟု ဖြားယောင်းသွေးဆောင်ကာ နောင်ကုလားကျေးရွာနေ ဦးသန်းနိုင်၏ နေအိမ်သို့ ခေါ်ဆောင်ပြီး ငါးရက်ခန့် သားမယားအဖြစ်ပေါင်းသင်းကာ ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ဆေးဆိုးပန်းရိုက်စက်ရုံတစ်ရုံ သို့ ခေါ်ဆောင်အလုပ်သွင်းပေးပြီး စက်ရုံမှထွက်မပြေးရန်မှာကြားကာ ဦးပန်းစုံမှာ မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာ သွားကြောင်း၊ လကုန်၍ လစာထုတ်ချိန်ရောက်မှသာ မိမိအား ဦးပန်းစုံမှရောင်းချသွားသည်ကို သိရှိရသဖြင့် ၄င်းစက်ရုံ တွင် ယုံကြည်အောင် လေးလခန့် အလုပ်လုပ်ကိုင်ပြီး ထွက်ပြေးလွတ်မြောက်ကာ ယခု ဧပြီ ၁၀ ရက်က ဘားအံမြို့မ ရဲစခန်းတွင် လာရောက်တိုင်တန်းခြင်းဖြစ်ကြောင်း သိရသည်။

မောင်ဇော်(ကလေး)

သုံးခွမြို့နယ် လယ်ကွင်းထဲ၌ လူတစ်ဦးသေဆုံး

သုံးခွ ဧပြီ ၂၄

ရန်ကုန်တိုင်းဒေသကြီး တောင် ပိုင်းခရိုင် သုံးခွမြို့နယ် ညောင်လန်း ကုန်းရဲစခန်းအပိုင် ညောင်ပင်ခင် တန်းကျေးရွာအုပ်စု ထနီးကုန်း ကျေးရွာမြောက်ဘက် လယ်ကွက်ထဲ တွင် လူတစ်ဦးသေဆုံးနေကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၁၅ ရက် ညနေ ၄ နာရီတွင် သုံးခွမြို့နယ် ညောင် လန်းကုန်းရဲစခန်းအပိုင် ညောင်ပင် ခင်တန်းကျေးရွာ မြောက်ဘက်လယ် ကွက်ထဲတွင် လူတစ်ဦးသေဆုံးနေ ကြောင်းကို ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသိန်းဌေးက အပိုင်ရဲစခန်းသို့ အကြောင်းကြားသဖြင့် ညောင်လန်း ကုန်းရဲစခန်းမှူး ဒုရဲအုပ်မြင့်ဇော်က သုံးခွရဲစခန်းသို့ သတင်းပို့ပြီး သက် သေများနှင့်အတူ အခင်းဖြစ်ရာ နေရာသို့ သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ တင်ဆန်း (၄၃ နှစ်) ထနီးကုန်းကျေးရွာမှဖြစ်ပြီး စိတ် ကျန်းမာရေးမကောင်းသည့်ရောဂါ၊ သွေးတိုး၊ နှလုံး၊ လည်ပင်းကြီးရော ဂါများ ခံစားနေရသူဖြစ်ပြီး ရောဂါ ဝေဒနာဆိုးလာသဖြင့် ဧပြီ ၁၃ ရက် နံနက် ၁၀ နာရီတွင် နေအိမ်မှ သနပ်ကုန်းကျေးရွာရှိ အစ်ကိုဖြစ်သူ ကိုအေးသန်း၏နေအိမ်သို့ ထွက်သွား ရာမှ ထနီးကုန်းရွာ အနောက်ဘက် လေးဖာလုံခန့်အကွာရှိ ဦးကြိုင်အေး ၏ လယ်ကွက်ထဲတွင် သေဆုံးနေ သဖြင့် အလောင်းအား ဆေးရုံသို့ပို့ပြီး ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ် မဟုတ် သိရှိနိုင်ရန် စစ်ဆေးဆောင် ရွက်လျက်ရှိကြောင်း သိရှိရသည်။

ကိုကျော်(သုံးခွ)

လမ်းလျှောက်လာသူအား ဆိုင်ကယ်တိုက်မိရာမှ သေဆုံး

ရေး ဧပြီ ၂၄

မွန်ပြည်နယ် ရေးမြို့ အောင်မင်္ဂလာရပ်ကွက် အမှတ်(၅)အမက ကျောင်းဘေးလမ်းမတွင် ဧပြီ ၂၁ ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်ခန့်က အောင်မင်္ဂလာရပ်ကွက် မီးရထားဝင်းနေ ဝင်းစိန်မှာ လမ်းလျှောက်လာစဉ် နောက်မှ အရှိန်ပြင်းစွာမောင်းနှင်လာသော ဝတုတ် (ခ) လဝီချန်၏ ဆိုင်ကယ်က ဝင်ရောက်တိုက်မိရာ ဝင်းစိန်မှာ ဒဏ်ရာများ ရရှိပြီး ဆေးရုံသို့ပို့ဆောင်စဉ် သေဆုံးသွားသည်။ ဆိုင်ကယ်မောင်းနှင်သူ ဝတုတ်(ခ) လဝီချန် ထွက်ပြေးတိမ်းရှောင် သွား၍ ရေးရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရှိရသည်။ **နေမျိုးထွဋ်(ရေး)**

ဥပဒေဘောင်တွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

ဂေါက်သီးရိုက်ပြိုင်ပွဲဖိတ်ကြားခြင်း

တေဇကျောင်းဆင်းညီအစ်ကိုများ၏ (၂၀)ကြိမ်မြောက် ဂေါက်သီးရိုက်ပြိုင်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် တေဇကျောင်းဆင်းအရာရှိများ ပါဝင်ဆင်နွှဲနိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

နေရာ တပ်မတော်ဂေါက်ကွင်း(မင်္ဂလာဒုံ)
ရက်စွဲ ၄-၅-၂၀၁၃ရက်၊ စနေနေ့
အချိန် နံနက် ၀၆း၀၀နာရီ

ပြိုင်ပွဲကျင်းပရေးအဖွဲ့

၉/၁၀တန်း
(Teaching and Guide)
ဘာသာစုံအိမ်လိုက်သင်သည်။
(စာသင်နှစ်၁၀နှစ်ရှိသော ဆရာမများ သင်မည်။) ဖုန်း-၀၉-၇၃၀၄၇၂၆၇

ရွှေဖြစ်မည့်မြေ အမြန်ရောင်း(ညှိနှိုင်းဈေး)
၁။ ကမ္ဘာအေးဘုရား၊ စာတိုက်နီး၊ ပေ(၂၅×၆၀) ရေမီးဖုန်းပါ။
၂။ မြောက်ဒဂုံ၊ VIP (၃၂)တိုးချဲ့ပေ (၈၀×၆၀)၊ ပါမြစ်မြေ။
၃။ သာကေတအဝိုင်းအနီး ပေ(၄၀×၆၀)၊ ဗိုလ်မှူးဗထူးအောင်ဘုရားနီး ပေ(၂၀×၆၀)၊
၄။ ရေကျော်၊ ထောင့်ကွက်ပေ (၃၀×၅၅)၊ Capital အနီး ပေ(၂၀×၆၀)
ဝယ်သူတိုက်ရိုက်သာ ဖုန်း-၀၉-၇၃၁၇၉၈၅၇

YPGG ဂေါက်သီးရိုက်ပြိုင်ပွဲ

ယုဇနပလာဇာဂေါက်သီးရိုက်အသင်း(**YPGG**)၏ အကြိမ်(၅၀)မြောက် ရွှေရတုဂေါက်သီးရိုက်ပြိုင်ပွဲကို ၂၀၁၃ခုနှစ်၊ မေ ၃ရက် (သောကြာနေ့)၊ နံနက် ၁၀နာရီတွင် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ Royal Mingalardon Golf & Country Club (ဇေကမ္ဘာဂေါက်ကွင်း)တွင် ကျင်းပပြုလုပ်ပြီး ဆုပေးပွဲနှင့် ညစာစားပွဲကို ညနေ ၅နာရီတွင် ဇေကမ္ဘာဂေါက်ကွင်းမြက်ခင်းပြင်တွင် ဧည့်ခံကျင်းပမည်ဖြစ်ပါ၍ အသင်းသားတိုင်း ပါဝင်ကြရန်နှင့် အသေးစိတ်သိလိုပါက ဦးချစ် ဖုန်း-၀၉-၅၁၀၅၄၃၅၊ ဦးကျော်ဝင်း ဖုန်း-၀၉-၅၁၅၄၄၀၈၊ ဦးထွန်းထွန်းဦး ဖုန်း-၀၉-၅၀၁၆၆၁၆ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

မနောရမ္မပညာဒါနသင်တန်းများဖွင့်မည်
(၄-၅-၂၀၁၃) နေ့တွင်ဖွင့်ပါမည်။
ဖုန်း-၅၃၇၀၂၆ / ၅၁၈၀၂၄

အရွှေ့တစ်ခုကြေညာခြင်း

Electrical Power လောကမှ ဆရာသမားများ၊ တည်ဆောက်သူများ၊ ပစ္စည်းပံ့ပိုးသူများနှင့်၊ လုပ်ဖော်ကိုင်ဖက် မိတ်ဆွေကြီးများခင်ဗျာ-

ကျွန်တော်တို့၏ I.C.E(International Contact Engineering Co.,Ltd.) ရုံးခန်းအား အခန်း(၃၀၁)၊ တိုက်အမှတ်(E)၊ စံပါယ်လမ်း High Way Complex ဆင်မလိုက်အဝေးပြေးအိမ်ရာဝင်းသို့ ရွှေ့ပြောင်းဖွင့်လှစ်မည်ဖြစ်ပါ၍ အရင်အတိုင်း ဆက်သွယ်နိုင်ကြပါရန်။

လေးစားစွာဖြင့်
ချစ်ထွန်း
မန်နေဂျင်းဒါရိုက်တာ
ဖုန်း-၀၁-၂၃၀၅၆၇၂၊ ၀၁-၂၃၀၅၆၇၃

ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ် အမှတ်(၅)ရပ်ကွက်၊ ၁၂ စိတ္တသုခလမ်း၊ အိမ်အမှတ်(၈/၆၁)ဟု ခေါ်တွင်သည့် ပေ(၄၀×၉၀)ရှိ မြေနှင့်ယင်းမြေပေါ်ရှိ (၃ပင်×၃ပင်) တိုက်ခံနှစ်ထပ် အိမ်တစ်လုံးနှင့်အိမ်သုံးလျှပ်စစ်မီတာအပါအဝင် ဆက်စပ်နေသည့် အကျိုးခံစားခွင့်ရှိသည့် အရာအားလုံးတို့ကို တရားဝင်လက်ဝယ်ထားပိုင်ဆိုင်၍ ရောင်းချခွင့်ရှိသူ ဒေါ်သက်ထားနွယ်ဝင်း ၇/ရတန(နိုင်)၀၇၄၆၂၄ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ မြေကွက်ရောင်းချသည့် အရောင်းအဝယ်ကို ကန့်ကွက်လိုသူများသည် တရားဝင်ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်လှတင်(LL.B) တရားလွှတ်တော်ရှေ့နေ(စဥ်-၇၆၅၄)
အမှတ် ၈၅(မြေညီထပ်)၊ ၃၇ လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၃၉၂၀၉၀၊ ၀၁-၅၇၂၆၈၁၊ ၀၉-၅၀၂၁၂၄၄

ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ ဆွာမင်းလမ်းရွာနေ မရီရီချို၏ ဖခင်အမည်မှန်မှာ ဦးမောင်ချို(ခ)ဦးချို ၇/ရတရ(နိုင်) ၁၃၆၀၇၈ ဖြစ်ပါကြောင်း။

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော် ပုဗ္ဗသီရိမြို့နယ်၊ တပင်ရွှေထီးရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅/တပင်ရွှေထီး၊ မြေကွက်အမှတ် ပစ(င) ၂၈၁၁ အမည်ပေါက်ပိုင်ရှင် တပ်ကြပ်ကြီးဆန်းဦး ကွယ်လွန်သွားသဖြင့် တရားဝင်ဇနီးဖြစ်သူ ဒေါ်မြင့်မြင့်အေးမှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြ၍ မြေငှားဂရန် လျှောက်ထားလာသည့်အတွက် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်မြေပိုင်ဆိုင်မှု အထောက်အထားမူရင်းများတင်ပြပြီး ယနေ့မှစ၍ ၁၄ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဒေါ်ခင်သီတာသော် ၁၂/သဃက (နိုင်)၀၁၃၁၅၃ သည် မိခင်အား အမျိုးမျိုးစိတ်ဆင်းရဲအောင် ပြုလုပ်သဖြင့် သမီးအဖြစ်မှ စွန့်လွှတ်လိုက်သည်။

နောက်နောင် ၄င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝ လုံးဝတာဝန်မယူပါ။

(ဗိုလ်မှူးသော်တာ)-
မိခင် **ဒေါ်မြင့်မြင့်စန်း**
၁၂/သဃက(နိုင်)၀၁၂၈၇၃

ကြော်ငြာ

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

၁။ လှိုင်သာယာ(၁)ထိပ်-အောင်ဇေယျတံတားအနီး၊ မင်းရဲကျော်စွာလမ်းမကြီးပေါ် ပေ(၉၀×၆၀)မြေကွက်

၂။ ကမာရွတ်၊ ရွှေမာလာရိပ်မွန် 1MBR, 2BR, 3AC, Phone ပါကေး အဆင့်မြင့်ပြင်ဆင်ပြီး

ဖုန်း-၀၉-၈၆၃၄၂၅၂

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

မလှိုင်မြို့နယ်တရားရုံး

၂၀၁၂ခုနှစ်၊ တရားမကြီးမှုအမှတ်-၅၃

ဒေါ်ရွှေ(ဘ)ဦးအောင်စိန် **နှင့်** ဒေါ်ဝင်းရွှေ ပါ-၈ ဦး

ယက္ကန်း၊ စက်မှုဇုန် ၄လမ်း

မိတ္ထီလာမြို့။

တရားလို **တရားပြိုင်များ**

အထက်ပါအမှုမှ (၃)တရားပြိုင် ဦးမောင်မောင်တင်(ခ)နန္ဒ (ဘ)ဦးအောင်စိန် ကုမ္ပဏီဝန်ထမ်း၊ MSP ကုမ္ပဏီ အထက်ပေါင်းလောင်း၊ ဆင်ခုံးကျေးရွာ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်နေ (ယခုလိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ် တရားလိုဒေါ်ရွှေက "အမွေပုံစီမံခန့်ခွဲပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၁၃ခုနှစ် ဧပြီ ၂၉ရက်(၁၃၇၅ခုနှစ် တန်ခူးလပြည့်ကျော် ၄ရက်) နံနက် ၁၀နာရီတွင် တရားလိုစွဲဆိုချက်ကို ရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။ ၂၀၁၃ခုနှစ် မတ် ၁၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဒေါ်မင်းမင်းကြိုင်(တ/၃၀၀၀)

ဒုတိယမြို့နယ်တရားသူကြီး၊ မလှိုင်မြို့နယ်တရားရုံး

ဒေါက်တာအဲရစ်ဖူးညို ၁၂/မရက(နိုင်)၀၂၆၉၂၁ နှင့် အများသိစေရန် ပြန်လည်ရှင်းလင်း သတိပေးတားမြစ်ကြေညာခြင်း

၅-၄-၂၀၁၃ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ ၈ ပါ ဒေါက်တာအဲရစ်ဖူးညို၏ ရှင်းလင်းအသိပေးကြေညာခြင်းအပေါ် ကွယ်လွန်သူ ဦးတင်ရွှေ၏ တစ်ဦးတည်းသောသား ဦးမျိုးမြင့်(ခ)အကောက်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

မရမ်းကုန်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ ဦးဘအိုလမ်း၊ အမှတ် ၁၂ ဟုခေါ်တွင်သော ပေ(၈၀×၁၂၀)မြေကွက်ကို ဒေါက်တာအဲရစ်ဖူးညိုတို့အနေဖြင့် တစ်ကြိမ်တစ်ခါဖူးမျှ လက်ရောက်ရယူနေထိုင်ခဲ့ဖူးခြင်းမရှိပါ။ ဖော်ပြပါမြေကွက်အပါအဝင် တစ်ဆက်တစ်စပ်တည်း မြေကွက်များကို ၁၉၆၁ ခုနှစ်က မြေသိမ်းမိန့်ထုတ်ပြန်၍ နိုင်ငံတော်က စိုက်ပျိုးရေးသုတေသနအသုံးပြုရန် သိမ်းယူခဲ့ပြီး ၁၉၈၅ခုနှစ်ခန့်တွင် မြေသိမ်းမိန့်ကို ပြန်လည်ရုပ်သိမ်းခဲ့ပါသည်။ အဆိုပါမြေကို စိုက်ပျိုးရေးသုတေသနအတွက် သိမ်းဆည်းထားချိန်ကလည်းကောင်း၊ မြေသိမ်းမိန့်ပြန်လည်ရုပ်သိမ်းပြီးနောက်ပိုင်းကာလတွင်လည်းကောင်း ကွယ်လွန်သူဦးတင်ရွှေက ၁၉၆၅ခုနှစ်ကတည်းက စတင်၍ မြေပိုင်ဆိုင်မှုကို ကောင်းစွာသိရှိပြီး ပိုင်ရှင်ကိုဆန့်ကျင်၍ တစ်ဆက်တစ်စပ်တည်း လက်ဝယ်ထားရှိ နေထိုင် အကျိုးခံစားလာခဲ့ပါသည်။ ပထမပိုင်းကာလတွင် အဆိုပါမြေပေါ်၌ ကိုယ်ပိုင်မွေးမြူရေးလုပ်ငန်းများလုပ်ကိုင်၍လည်းကောင်း၊ ၁၉၇၀ခုနှစ် သမဝါယမစီမံကိန်းပေါ်ပေါက်လာချိန်တွင် သစ်ခွဲကုန်ထုတ်သမဝါယမအသင်းကိုဖွဲ့စည်းပြီး အဆောက်အအုံများဆောက်လုပ်၍လည်းကောင်း၊ အဆိုပါမြေကွက်ကို ဦးတင်ရွှေက စဉ်ဆက်မပြတ်လက်ဝယ်ထားရှိ ပိုင်ဆိုင်အကျိုးခံစားလာခဲ့ပါသည်။ ဆင်မင်းဇရပ်သစ်ခွဲကုန်ထုတ်သမဝါယမအသင်းကို စာရင်းရှင်းလင်းဖျက်သိမ်းခဲ့ရာတွင် ဦးတင်ရွှေက မြေပေါ်ရှိ ဂိုဒေါင်၊ တန်းလျား၊ အဆောက်အအုံများ၏ တန်ဖိုးကိုငွေအမ်းရယူပိုင်ဆိုင်ခဲ့ပြီးဖြစ်၍ အဆိုပါမြေကွက်နှင့် မြေပေါ်ရှိ အဆောက်အအုံအားလုံး ဆိုင်ရာဆိုင်ခွင့်အရပ်ရပ်တို့ကို ဦးတင်ရွှေက တရားဝင် လက်ဝယ်ထားရှိ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသည်ဖြစ်ပါသည်။

ဦးတင်ရွှေသည် ၁၁-၂-၂၀၁၃ ရက်က ကွယ်လွန်ခဲ့သဖြင့် အဆိုပါမြေကွက်နှင့်မြေပေါ်ရှိ အဆောက်အအုံများအားလုံးတို့ကို ဦးတင်ရွှေ၏ တစ်ဦးတည်းသောသား ဦးမျိုးမြင့်(ခ)အကောက်နှင့် ဦးတင်ရွှေ၏ တတိယဇနီးဒေါ်အေးရွှေတို့က အမွေဆက်ခံပိုင်ဆိုင်ပါသည်။

သို့ဖြစ်၍ အဆိုပါမြေကွက်ကို လွှဲပြောင်းရောင်းချခြင်း၊ ပေါင်နှံခြင်း၊ စွန့်လွှတ်ပေးကမ်းခြင်း၊ အာမခံတင်သွင်းခြင်းနှင့် တစ်နည်းနည်းလွှဲပြောင်းခြင်းတို့အပြင် ကျွန်ုပ်မိတ်ဆွေ၏ တရားဝင် ဥပဒေအခွင့်အရေးကို ထိပါးစေမည့် ပြောဆို၊ ကြေညာခြင်းများကို မပြုလုပ်ရန် တားမြစ်လျက် ပြန်လည်ရှင်းလင်း သတိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးစိုးမောင် (မရမ်းကုန်း)

B.A, H.G.P, R.L, D.B.L, D.M.L, D.I.L, D.A.Psy,

တရားလွှတ်တော်ရှေ့နေ (စဉ်-၃၄၁၄)

ဦးဇော်အောင်စိုး	ဦးအောင်ကျော်မြင့်	ဦးအောင်သူစိုး
LL.B,C.B.L,D.B.L,D.I.L	B.Sc Engg(EC), LL.B	B.Sc Engg(EC), LL.B
အထက်တန်းရှေ့နေ(စဉ်-၃၁၅၂၀)	အထက်တန်းရှေ့နေ(စဉ်-၃၈၃၇၇)	အထက်တန်းရှေ့နေ(စဉ်-၃၉၂၇၇)

သင်္ဂဟ (အထွေထွေအကျိုးဆောင်)

အမှတ် ၁၆(ခ)၊ ပထမထပ် A-1၊ အထက်ဗဟိုလမ်း (ယခင်ဦးဘဟန်လမ်း)၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊

ဖုန်း-၆၆၆၉၃၄၊ ၀၉-၇၃၂၀၄၈၃၄၊ ၀၉-၅၄၀၃၁၈၃၊ ၀၉-၄၂၀၁၀၅၁၈၁၊ ၀၉-၇၃၁၈၆၈၁၄

လမင်းမိုမို

ကောင်းကင်ကကြွေကျခဲ့ပါ

မိဖုရားစာပေတိုက်။ ဖုန်း - ၀၉၅၀၀၁၉၈၃

ဆရာကြီးဦးခင်မောင်သန်း English Speaking For Profession

(ဓရှ့စဆောင်စာတည်းအဖွဲ့)

အင်္ဂလိပ်စကားပြော လေ့ကျင့်လိုသူများအတွက် အမြို့မြို့စာအုပ်ဆိုင်များမှာရပြီ ။

၆-၄-၂၀၁၃ ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင်ပါရှိသည့်ကြော်ငြာနှင့် ပတ်သတ်၍ ဦးတင်မောင်ရွှေ ၈/ပခက(နိုင်)၀၀၃၁၁၁၊ တရားလွှတ်တော်ရှေ့နေဦးခင်မောင်ငွေးနှင့် အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ်၊ ကူမဲမြို့အနီး၊ တိန်ညက်တောရွာနေ ဦးဇော်မင်း (ရွှေချက်ပညာရှင်)၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

ဦးဇော်မင်းနှင့် ဦးတင်မောင်ရွှေအကြားတွင် မည်သည့်သဘောတူစာချုပ်ကိုမျှ ချုပ်ဆိုခဲ့ခြင်းမရှိပါ၊ မည်သည့်လုပ်ငန်းသုံးပစ္စည်းအရပ်ရပ်ကိုမျှ တရုတ်ပြည်မှဝယ်ယူရမည်ဟူသော စည်းကမ်းသတ်မှတ်ချက်လည်းမရှိပါ။ ရွှေချက်လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရာတွင် ရွှေချက်ပညာရှင်မှ နည်းပညာလိုအပ်ချက်အရ လိုအပ်သောလုပ်ငန်းသုံးပစ္စည်းများကို ထုတ်ယူငွေနှင့်လျော်ညီစွာ ဝယ်ယူပြီး၊ ပစ္စည်းများနှင့်အသေးစိတ်ကုန်ကျစရိတ်စာရင်းတို့ကို လုပ်ငန်းတည်ရှိရာနေရာသို့ ပေးပို့အပ်နှံပြီးဖြစ်သည်။ ဦးဇော်မင်းနှင့်ဦးတင်မောင်ရွှေတို့အကြားတွင် မည်သည့်သီးခြားသဘောတူစာချုပ်မျှ ချုပ်ဆိုခဲ့ခြင်းမရှိပါဘဲလျက် စာချုပ်စည်းကမ်းအတိုင်းလိုက်နာရန် ကြေညာခဲ့ခြင်းသည် ဦးဇော်မင်း၏ဂုဏ်သိက္ခာကို ထိခိုက်ကျဆင်းစေရန်နှင့် အများပြည်သူထင်ယောင်ထင်မှားဖြစ်စေရန် တမင်ရည်ရွယ်၍ ဖြစ်ရပ်မှန်များနှင့်ဆန့်ကျင်ကာ မမှန်မကန်ကြေညာခဲ့ခြင်းဖြစ်သည်။ ယင်းကြေညာချက်ကို ယခုကြေညာချက်ပါရှိသည့်ရက်မှ ခုနစ်ရက်အတွင်း ပြန်လည်ရုပ်သိမ်းပေးရန်နှင့် ဦးဇော်မင်းအား တောင်းပန်ရန်တောင်းဆိုလိုက်သည်။ မလိုက်နာ ပျက်ကွက်ခဲ့ပါက တည်ဆဲတရားဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမြင့်သိန်း (စဉ်-၄၅၀၆)	ဦးမောင်မောင်ဝင်း (စဉ်-၄၈၅၈)
B.Sc, R.L	B.A, H.G.P, R.L

တရားလွှတ်တော်ရှေ့နေများ

အမှတ် ၂၉၊ ၂လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊

ဖုန်း-၀၉-၄၃၀၃၀၉၂၄၊ ၀၉-၈၆၂၇၈၅၆

စဉ့်ကိုင်မြို့၊ ရန်အောင်မြင်ရပ်ကွက်နေ ဦးခင်မောင်(ခ)ဦးညွန့်ဆွေ ၉/စကတ(နိုင်)၀၀၁၆၈၂၊ အထက်တန်းရှေ့နေကြီးများဖြစ်ကြသော ဒေါ်ပြုံးပြုံးရင်(စဉ်-၂၈၁၈၄)၊ ဦးကျော်စွာထက်(စဉ်-၃၃၂၀၂)တို့နှင့် အများသိစေရန် ကြေညာခြင်း

စဉ့်ကိုင်မြို့၊ ရန်အောင်မြင်ရပ်ကွက်၊ စိန်ပန်းလမ်းနေ ဒေါ်ဝင်းဝင်းကြိုင် ၉/စကတ(နိုင်)၀၆၇၉၈၀၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိသာစေရန် ကြေညာအပ်ပါသည်။

၁။ ဦးညွန့်ဆွေက ငွေကြေးလိုအပ်ချက်အရ ၎င်းဝယ်ယူပိုင်ဆိုင်သည့် ပြင်ဦးလွင်မြို့နယ်၊ ပြင်စာကျေးရွာ၊ ပြင်စာ-နောင်ဝယ်လမ်းဘေးကပ်လျက်ရှိ အကွက်အမှတ် (E1)၊ ပေ(၅၀×၆၀)ရှိမြေကွက်အား ကာလတန်ဖိုးငွေ၂၄၀၀၀၀၀၀(ကျပ်သိန်းနှစ်ရာလေးဆယ်)နှင့်ရောင်းချရန် စကားကမ်းလှမ်းရာ ဒေါ်ဝင်းဝင်းကြိုင်က ဝယ်ယူရန်သဘောတူ၍ ၁၁-၆-၂၀၁၂ရက်တွင် စရန်ငွေ၁၅၀၀၀၀၀၀(ကျပ်သိန်းတစ်ရာ့ငါးဆယ်)ကို ဦးညွန့်ဆွေနေအိမ်တွင်ပေးချေပြီး ၎င်း၏သမီး မနုနုဝေက နှစ်ဦးသဘောတူ သီးစားခြံမြေလွှဲပြောင်းအရောင်းအဝယ်စာချုပ်ကို ရေးသားချုပ်ဆို ဝယ်ယူခဲ့ပါသည်။ ကျန်ငွေကို နောက်ခြောက်လကြာမှပေးချေရန် သဘောတူညီခဲ့ကြပါသည်။ ကျန်ငွေကို အကြိမ်ကြိမ်သွားရောက်ပေးသော်လည်း ဦးညွန့်ဆွေက ငွေကို လက်မခံခြင်းသာဖြစ်ပါသည်။

